# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၆)





## မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳

## မော်လိုက်မြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဇွန် ၂၄**

ဇွန်လ ၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၁၇ နာရီ ၃၇ မိနစ် ၄၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မော်လိုက်မြို့၏ အရှေ့မြောက်ဘက် ၃၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၈၁ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၅ဒီဂရီ၊ အနက် ၁၂၁ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**




# သထုံမြို့၌ မိုးရွာသွန်းမှုများသော်လည်း ဝါးပါးရေလှောင်တမံတွင် ရေထိန်းသိမ်းခြင်းကို စနစ်တကျဆောင်ရွက်နေ



**သထုံ ဇွန် ၂၄**

မွန်ပြည်နယ်တွင် ယခုရက်ပိုင်းအတွင်း မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားခဲ့ရာ သထုံမြို့နယ်အတွင်းရှိ ဝါးပါးရေလှောင်တမံအတွင်းသို့ ရေဝင်ရောက်မှုများခဲ့သော်လည်း ဆည်ရေထိန်းသိမ်းခြင်းကို စနစ်တကျဆောင်ရွက်နေပြီး စိုးရိမ်စရာမရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"မိုးအများအပြားရွာသွန်းတဲ့အချိန်မှာ ဆည်ရေကို သိုလှောင်ထားနိုင်တဲ့ ပမာဏအရ ထိန်းသိမ်းခြင်း၊ ထုတ်လွှတ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်နေပါတယ်၊ ကြံ့ခိုင်မှုကောင်းတဲ့ ရေလှောင်တမံ ဖြစ်တဲ့အတွက် စိုးရိမ်စရာမရှိပါဘူး" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်က ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ရန်ကုန်- ဒလ ချစ်ကြည်ရေးကြိုးတံတားကြီး ဒီဇိုင်းသစ်ပြန်လည်ရေးဆွဲ ဆောက်လုပ်မှုလုပ်ငန်းများ ယခုနှစ်ကုန်ပိုင်း စတင်ဆောင်ရွက်မည်

ပြည်တွင်း-စာ ➢ ၇

## ဇင်ဘာဘွေသမ္မတ တက်ရောက်သော လူထုအစည်းအဝေးတွင် ပေါက်ကွဲမှုဖြစ်ပွားရာ သမ္မတထိခိုက်မှုမရှိ

နိုင်ငံတကာ- စာ ➢၁၄


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဦးစွာနားထောင်ပါ

“သက်ကြီးစကား သက်ငယ်ကြား”ဟူ၍ အစဉ်အလာဆိုရိုးစကားရှိသည်။ လူကြီးသူမတို့၏ အတွေ့အကြုံ အတွေးအမြင် ဆုံးမသြဝါဒတို့ကို မျိုးဆက်သစ် လူငယ်တို့က နာယူလက်ခံကာ ဆောင်ရန်ရှောင်ရန် လိုက်နာကျင့်သုံးကြရန် ဆိုလိုရင်း ဖြစ်သည်။ အစဉ်အလာအားဖြင့် ကြီးသူကပြောသူဖြစ်၍ ငယ်ရွယ်သူတို့က နာယူသူများဖြစ်ကြသည်။ သို့ရာတွင် မျက်မှောက်ကာလ လူ့အဖွဲ့အစည်းက လျင်မြန်စွာပြောင်းလဲနေပြီး ထွေပြားရှုပ်ထွေးလျက်ရှိသည်။ ရိုးရှင်းသောလူနေမှုစနစ်များနှင့် ရိုးရာအစဉ်အလာဓလေ့များက ပါးလျားပျောက်ကွယ်လာကာ တဖြည်းဖြည်းနှင့် အတိတ်မှာ ကျန်ရစ်ခဲ့ကြပြီ။ မျက်မှောက်ခေတ်လူငယ်တို့ ဖြတ်သန်းနေကြရသည့် လူမှုပတ်ဝန်းကျင်သည် လွန်ခဲ့သည့်နှစ် ၂၀၊ နှစ် ၄၀၊ နှစ် ၆၀ က မျိုးဆက်တို့ ဖြတ်သန်းခဲ့ကြရဖူးသည့် လူမှုပတ်ဝန်းကျင်နှင့် အပုံကြီးကွာခြားသွားခဲ့ပြီ ဖြစ်သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ မြန်မာဘာသာဖြင့် “ဦးစွာ နားထောင်ပါ”ဟူ၍ ဖြစ်သည်။ အစဉ်အလာအားဖြင့် ဦးစွာပြောကြားသူများဖြစ်ကြသည့် လူကြီးတို့က ကလေးများ၊ လူငယ်များထံမှ ပြောကြားလာမည့် စကားများကို ဦးစွာနားထောင်ပေးကြရန် တိုက်တွန်းထားခြင်းဖြစ်ပြီး ယင်းသို့ဦးစွာ နားထောင်ပေးခြင်းသည် ကလေးသူငယ်များနှင့် လူငယ်များ ကျန်းမာလုံခြုံစွာဖြင့် ကြီးပြင်းလာနိုင်ရေးအတွက် ၎င်းတို့အား အကူအညီပေးသည့် ပထမခြေလှမ်းဖြစ်သည်ဟူ၍လည်း ဖွင့်ဆိုထားသည်။ မျက်မှောက်ခေတ် လူ့အဖွဲ့အစည်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှု၊ သုံးစွဲမှုတို့က ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိရာ မသိနားမလည်သေးသူ၊ အသစ်အဆန်းကို စူးစမ်းလိုသူ၊ အန္တရာယ်ရှိသည်ဟု သိထားသည့်တိုင်အောင် စွန့်စားကြည့်လိုသူ လူငယ်များနှင့် ကလေးသူငယ်များမှာ အဓိကပစ်မှတ်များ ဖြစ်လာသည်။ ကလေးများနှင့် လူငယ်များ၏ ပတ်ဝန်းကျင်သို့ တိတ်တဆိတ်ရောက်ရှိလာသည့် မူးယစ်ဆေးဝါးအန္တရာယ်တို့က ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တနှင့် ၎င်းတို့၏ အနာဂတ်ဘဝတို့ကို လျှို့ဝှက်စွာ ဖျက်ဆီးရန် ခြိမ်းခြောက်နေကြပြီ ဖြစ်သည်။

လွန်ခဲ့သည့် ခုနစ်နှစ်က စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး အမယ်ပေါင်း ၂၆၀ ရှိခဲ့ရာမှ နောက်ထပ်ငါးနှစ်ကြာပြီးနောက် ယမန်နှစ်က စိတ်ကိုပြောင်းလဲစေတတ်သည့်ဆေးဝါး အမယ်ပေါင်းမှာ ၆၃၀ အထိ မြင့်တက်လာခဲ့သည်။ ယမန်နှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၆ ဘီလီယံအနက် သန်း ၂၅၀ ကျော်တို့မှာ မူးယစ်ဆေးဝါးကို တစ်နှစ်တာအတွင်း အနည်းဆုံး တစ်ကြိမ် သုံးစွဲခဲ့ကြကြောင်း၊ ယင်းအနက် ၂၉ ဒသမ ၅ သန်းမှာ မူးယစ်ဆေးဝါးစွဲလမ်းကာ ကုသမှုခံယူရန်လိုအပ်နေသူများဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲစဉ် ဆေးလွန်သေဆုံးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်နွှယ်နေသည့် HIV၊ အသည်းရောင်အသားဝါ B၊ C နှင့် တီဘီရောဂါကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့်မူ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသော ချဉ်းကပ်မှုများ၊ ဖွံ့ဖြိုးရေးကို ဦးစားပေးသော ချဉ်းကပ်မှုများကို အလေးပေး၍ ရေးဆွဲထားပြီး ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုများ လျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာ ပူးပေါင်းကာကွယ်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး၊ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးကဏ္ဍများ ထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြင်ဆင်ထားသော မူးယစ်ဆေးဝါးဥပဒေအရ မူးယစ်ဆေးဝါးသုံးစွဲသူများကို ထောင်ဒဏ်အပြစ်မပေးတော့ဘဲ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အလျောက် မူးယစ်နွံအတွင်း သက်ဆင်းမိသူ လူငယ်လူရွယ်များအဖို့ မိမိကိုယ်မိမိပြုပြင်ရန်နှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ရောက်ကာ မိသားစုအတွက် သားကောင်း သမီးကောင်း၊ နိုင်ငံအတွက် နိုင်ငံသားကောင်းများ ဖြစ်လာအောင်ကြိုးပမ်းနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ လူငယ်များနှင့် ကလေးများ၏ ပြောကြားမှုစကားသံများကို ဦးစွာလက်ခံနားထောင်ပေးခြင်းအားဖြင့် ၎င်းတို့၏ ဘဝလုံခြုံရေး၊ ကျန်းမာရွှင်လန်းစွာ ကြီးပြင်းလာခွင့်ရရေးအတွက် ကူညီပေးနိုင်ကြပါစေကြောင်း။ ။

## ချင်းပြည်နယ်အတွင်း မှတ်ပုံတင်မဲ့ယာဉ်နှင့် ဆိုင်ကယ်များ အရေးယူမည်

**ဟားခါး ဇွန် ၂၄**

ချင်းပြည်နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် မှတ်ပုံတင်မဲ့ယာဉ်နှင့် ဆိုင်ကယ်များကို ဇူလိုင် ၂ ရက်မှစ၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ အသိပေးကြေညာချက်အရ သိရသည်။

မိမိတို့လက်ဝယ်ထားရှိသော မှတ်ပုံတင်မဲ့ ဆိုင်ကယ်များကို ဇူလိုင် ၁ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွဲ့စည်းထားသည့် မြို့နယ်အဆင့် ဒေသအတွင်း လိုင်စင်စိစစ်အရေးယူဆောင်ရွက်ရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ဒဏ်ကြေးငွေများ ပေးသွင်းပြီး ဒေသယာဉ်လိုင်စင်ရရှိရေး ဆောင်ရွက်ကြရန် အသိပေးကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါကြေညာချက်တွင် မှတ်ပုံတင်မဲ့ယာဉ်များ လက်ဝယ်ထားရှိပါက ဇူလိုင် ၁ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွဲ့စည်းထားသည့် ဖမ်းဆီးအရေးယူရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ မပျက်မကွက် အပ်နှံကြရန်နှင့် အပ်နှံခြင်းမပြုပါက မှတ်ပုံတင်မဲ့ယာဉ် လက်ဝယ်ထားရှိသူများအား တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆိုင်ကယ်အရောင်းဆိုင်များသည် ဆိုင်ကယ်ရောင်းချခွင့် လိုင်စင်ရှိရမည်ဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်ပြီး ဆိုင်ကယ်များကိုသာ ရောင်းချရမည်ဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်နံပါတ်ပြား မထုတ်ပေးမီအတွင်း ဆိုင်ကယ်အရောင်းဆိုင်များအနေဖြင့် ယာယီနံပါတ်ပြား ပြုလုပ်ပေးရမည်ဖြစ်ကြောင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မှတ်ပုံတင်နံပါတ်မပါသော ဆိုင်ကယ်များ ရောင်းချပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ အသိပေးကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မန္တလေး၌ (၂၄)ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၄**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ လစဉ် နောက်ဆုံးပတ်တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ (၂၄)ကြိမ် မြောက် နှစ်နှစ်ပြည့် လူထုစုပေါင်းစက်ဘီးစီးပွဲကို ယနေ့ နံနက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော် စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါနေရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းနှင့် ဌာနဆိုင်ရာများက စက်ဘီးစီး ကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အား/ကာသိပ္ပံမှ စက်ဘီးစီးသမား ကျောင်းသားကျောင်းသူများ၊ စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများနှင့် စုပေါင်းစက်ဘီးစီးနင်း ပါဝင်ဆင်နွှဲခဲ့ကြသူများက သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်တာဝန်ရှိသူများ၊ စက်ဘီးအားကစားသမားဝါသနာရှင် ပြည်သူများနှင့် ဝန်ထမ်း ၃၈၀ ကျော်သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း ၆၂ လမ်း၊ ထိုမှ သိပ္ပံလမ်း မှ ၆၉ လမ်းအတိုင်း ၄၁ လမ်းမှ တစ်ဆင့် ၇၃ လမ်းအတိုင်း၊ ကျုံးတောင်ဘက် ၂၆ လမ်း တာလွှတ် စုရပ်နေရာအထိ ကျုံးတစ်ပတ် စက်ဘီးစီးနင်းကြပြီး ပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း၊ ပါဝင်ဆင်နွှဲကြသည့် စက်ဘီးအားကစား ဝါသနာရှင်ပြည်သူများအား စေတနာရှင်များက အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**




လူထုစုပေါင်းစက်ဘီးစီးပွဲတွင် ပါဝင်သူများအား တာမလွှတ်မီတွေ့ရစဉ်။

## မူးယစ်ဆေး တိုက်ဖျက်ရေးနေ့အကြို စာစီစာကုံး ပြိုင်ပွဲကျင်းပ

**မိုးနဲ ဇွန် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့၌ ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲကို ယမန်နေ့က မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲကို မြို့နယ်ပညာရေးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကျင်းပနေမှုကို မြို့နယ်ပညာရေးမှူး ဦးမောင်ဆန်း၊ ဒုတိယပညာရေးမှူး ဦးသန်းဇော်လင်း၊ အထက ကျောင်းအုပ်ဆရာကြီး ဦးလှသောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးညွန့်ရွှေတို့က ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းသုန်ကျေးရွာ ပြည်သူများ လျှပ်စစ်မီးရရှိရေး ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများထောက်ပံ့

**ဝန်းသို ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့၌ မြို့နှင့်အလှမ်းကွာဝေးသော မိုင်းသုန်ကျေးရွာနေပြည်သူများ လျှပ်စစ်မီးရရှိစေရေး အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းနှင့် တာဝန်ရှိသူများက ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်း အပါအဝင် ၈၆ စုံကို ယမန်နေ့က သွားရောက်၍ ထောက်ပံ့ပေးအပ်ကာ ကျေးရွာဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များသို့ စနစ်တကျတပ်ဆင်ပေးခဲ့သည်။

အဆိုပါ ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မိုင်းသုန်ကျေးရွာနေပြည်သူများ လျှပ်စစ်မီးအလင်းရောင် ရရှိစေရေးအတွက်ရည်ရွယ်၍ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အဆင့် တာဝန်ရှိသူများက ကျေးရွာအရောက် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



မိုင်းသုန်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် တာဝန်ရှိသူများက ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်စဉ်။

## မှူခင်းအသိပညာပေးဟောပြောပွဲ ညောင်ရမ်း အ.ထ.က တွင် ပြုလုပ်

**သာစည် ဇွန် ၂၄**

သာစည်မြို့နယ် ညောင်ရမ်းရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ဇောလင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက ညောင်ရမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စုဝေးသဘင်ခန်းမ၌ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများနှင့် လိုက်နာဆောင်ရွက်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေး ဟောပြောဆွေးနွေးပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ **မောင်ကို(သာစည်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် ဇွန် ၂၄**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာကြသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဒွန်မောင်းတပ်မတော်လေဆိပ် (Wing-6) သို့ ရောက်ရှိရာ ထိုင်းဘုရင့်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ် Gen. Ponpipaat Benyasri နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံရှိ နယ်ဘက်စစ်ဘက်ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခြင်းနှင့် အထင်ကရနေရာများအား လှည့်လည်ကြည့်ရှု လေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဒွန်မောင်းတပ်မတော်လေဆိပ်၌ ထိုင်းဘုရင့်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံ(အင်းစိန်)အား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၂၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၂၃ ရက် နံနက်က ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိလာပြီး ဆေးဝါးစက်ရုံ(အင်းစိန်) BPI တွင် ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်ရေးလိုင်းဟောင်းများအား WHO GMP Guide Line နှင့်အညီ အကြီးစား ပြုပြင်မွမ်းမံနေမှုများအား ကြည့်ရှုစစ်ဆေးပြီး**(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ GMP Guide Line နှင့်အညီ ပြုပြင်မွမ်းမံရေး၊ စက်ပစ္စည်းကိရိယာများအား ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ ပြည်သူလူထုအတွက် လိုအပ်သော ဆေးဝါးများအား နှစ်စဉ်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဆေးဝါးအမယ်သစ်များအား သုတေသနပြုလုပ်၍ စစ်ဆေးထုတ်လုပ်နိုင်ရေး၊ နိုင်ငံတကာအဆင့်မီ ပဋိဇီဝဆေးများအား တိုးမြှင့်ထုတ်လုပ်ရေး၊ စက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေးတို့အား မှာကြားသည်။




ဆေးဝါးစက်ရုံ(အင်းစိန်) BPI တွင် ယခင်က သွေးကြောသွင်း ဆေးရည်များအား ဘူးဖြင့် ထုတ်လုပ်ခြင်းအစား သယ်ဆောင်ရ ပိုမိုလွယ်ကူသည့် ထုပ်ပိုးမှုပုံစံအသစ် အိတ်များဖြင့် ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ဝိုင်းဘုရားလမ်းရှိ တည်ဆောက်ပြီးစီးသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစင်တာ ရုံးအားကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ၂၉၀ ကို ASEAN CPA လက်မှတ်များချီးမြှင့်

**ရန်ကုန် ဇွန် ၂၄**

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ASEAN Chartered Professional Accountants (ASEAN CPA) လက်မှတ်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ Polo Club, Western Park Restaurant ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေး ပူးပေါင်းညှိနှိုင်းကော်မတီက ဆောင်ရွက်သည့် နိုင်ငံအလိုက် စာရင်းပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်အရ မြန်မာနိုင်ငံမှ စာရင်းပညာရှင်များဖြစ်သည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ၂၉၀ ကို သတ်မှတ်ချက်များနှင့်အညီ ASEAN CPA များအဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ အာဆီယံနိုင်ငံများမှာ စာရင်းပညာရှင်အဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အခွင့်အရေးများရရှိလာမည်ဖြစ်ကြောင်း၊ စာရင်းပညာရှင်များဖြစ်ကြသည့် ASEAN CPA လက်မှတ်ရရှိသူများကလည်း နိုင်ငံတော်နှင့် တိုင်းပြည်၏ အကျိုးစီးပွားအတွက် တစ်ထောင့်တစ်နေရာမှ ကျေပွန်စွာ တုံ့ပြန်ပေးဆပ်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ပြောင်းလဲလာသည့် နိုင်ငံတော်အုပ်ချုပ်ပုံစနစ်သစ်နှင့်အညီ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့် အခါသမယတွင် နိုင်ငံတော်အတွက် ကျွမ်းကျင်သော စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ အထူးလိုအပ်လျက်ရှိရာ ASEAN CPA လက်မှတ်ရရှိသူများအနေဖြင့် နေရာမရွေး လိုအပ်ချက်ကို ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းကြရာတွင် စာရင်းပညာရပ်များ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် စိတ်စေတနာထားကာ စွမ်းအားပြည့် တက်ကြွစွာအလုပ်အကျွေးပြုရန် တိုက်တွန်းလိုကြောင်းနှင့် ASEAN CPA လက်မှတ်ရရှိသူများအနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ ကျင့်ဝတ်၊ သိက္ခာ၊ စည်းကမ်းများကို တိကျစွာလိုက်နာ၍ စာရင်းပညာရှင်၏ ဂုဏ်သိက္ခာဖြင့် ရိုးသားဖြောင့်မတ် တည်ကြည်စွာ ထမ်းရွက်နိုင်ကြပြီး ကိုယ်ကျင့်သီလကောင်းမွန်သည့် နိုင်ငံတော်က အားထား ရသော၊ ပြည်ပနိုင်ငံများမှ အားထား ရသော စာရင်းပညာရှင်များဖြစ်ရန် ကျင့်ကြံနေထိုင်လုပ်ကိုင်ရန် အထူးလိုအပ်ပါကြောင်း မှာကြားပါသည်။

ထို့နောက် ASEAN CPA လက်မှတ်ရရှိထားသူ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ၂၉၀ ကို ASEAN CPA လက်မှတ်များ ချီးမြှင့်ပေးသည်။

**သတင်းစဉ်**

❒ *ရွှေဖို့မှ*

ဝါးပါးရေလှောင်တမံကို ၁၉၉၄ ခုနှစ် တွင် တည်ဆောက်ပြီးစီးခဲ့ပြီး တမံအလျား ၂၀၆၄ ပေ၊ အမြင့် ၇၀ ဒသမ ၅ ပေ၊ ရေလှောင်ပမာဏ ၄၁၅၀ ဧကပေရှိကြောင်း၊ သထုံမြို့ပေါ်ရပ်ကွက်နှင့် အနီးတစ်ဝိုက်ကျေးရွာများသို့ မြို့ရေပေးဝေရေးစနစ်ဖြင့် သောက်သုံးရေပေးခြင်းနှင့် ဆည်ရေသောက်စနစ်ဖြင့် နှစ်စဉ် နွေစပါး ဧက ၅၀၀ စိုက်ပျိုးရန်အတွက် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

"ရေကင်းတာဝန်ကို ၂၄ နာရီ အချိန်ပြည့် တာဝန်ချထားပြီး အမြဲတမ်းစစ်ဆေးနေပါတယ်။ မိုးများများရွာတဲ့ ရက်တွေဆိုရင် အထူးဂရုပြုစောင့်ကြပ်နေတာပါ" ဟု အဆိုပါဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းနိုင်က ပြောသည်။

အဆိုပါရေလှောင်တမံ၏ ကန်ရေပြည့်အမှတ်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၉၆ ပေတွင်ရှိပြီး ဇွန် ၂၄ ရက် ရေချိန်အမှတ်အရ တမံ၏ ရေပြည့်အမှတ်ရောက်ရန် ၁၃ ဒသမ ၅ ပေ လိုနေသေးကြောင်း၊ တမံရေပြည့်အမှတ် ကျော်လွန်ကာ ရေပိုလွှဲမှ ရေလျှံထွက်မှု မဖြစ်စေရေးအတွက် ရေထုတ်ပြွန်မှတစ်ဆင့် မူလချောင်းထဲသို့ ရေထုတ်ခြင်းကိုလည်း စနစ်တကျဆောင်ရွက်နေကြောင်း၊ စိုးရိမ်ဖွယ် အခြေအနေဖြစ်ပေါ်လာပါက ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး (သထုံ)**

✳ *ရှေ့ဖုံးမှ*

မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မုတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၇ ဒသမ ၂၀ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၄၂ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ကတိုင်တိမြို့တွင် ၃ ဒသမ ၇၃ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၄၃ လက်မ ၊ ရေးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၈၈ လက်မ ၊ ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၂ ဒသမ ၈၃ လက်မနှင့် ရန်ကုန်(ကမ္ဘာ အေး)နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၅၉ လက်မစီတို့ ဖြစ်ကြသည်။

**မုတ်သုံလေအားကောင်းနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

**မိုး/ဇလ**

# ကျောက်မဲ၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများဆုချီးမြှင့်

**ကျောက်မဲ ဇွန် ၂၄**

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ဇွန် ၂၃ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်က ပြိုင်ပွဲများ ကျင်းပပေးရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူ ရှစ်ဦးအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကျန်းမာရေးနှင့် သင်ကြားရေးလုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၄

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၈ နာရီခွဲတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် ကျင်းပသော "ကုသရေးနှင့် သင်ကြားရေးလုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး" သို့ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် လူနာများကို အရည်အသွေးပြည့်ဝသော ကုသစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တစ်နိုင်ငံလုံးရှိ တိုက်နယ်ဆေးရုံ ၇၃၅ ရုံမှ တိုက်နယ်ဆရာဝန်များ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးသည် အလွန်အရေးကြီးပါကြောင်း၊ တစ်နိုင်ငံလုံးရှိ တိုက်နယ်ဆရာဝန်များ၏ ကုသရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ၊ ပါမောက္ခများအနေဖြင့် မည်ကဲ့သို့ သင်ကြားပေးသင့်သည်၊ မည်သည့်အကြောင်းအရာများကို သင်ကြားပေးသင့်သည်၊ ဘယ်လိုဆောင်ရွက်သင့်သည်တို့ကို ဆွေးနွေးအကြံပြုကြစေလိုကြောင်း။

ခေတ်မီဆေးပညာရပ်များကို Online, Internet Website များမှတစ်ဆင့် လေ့လာသင်ကြားနိုင်ရန်၊ သက်ဆိုင်ရာ ဘာသာရပ် အထူးကုဆရာဝန်ကြီးများ၊ ပါမောက္ခများနှင့် ဆက်သွယ်တိုင်ပင်ဆွေးနွေးနိုင်ရန်၊ ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်တို့အတွက် Tablet ဖုန်းများကို တိုက်နယ်ဆရာဝန်များအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထို Tablet များတွင် ဆေးပညာဘာသာရပ်အလိုက် ရည်ညွှန်းကိုးကားရမည့် စာအုပ်များ၊ Interactive Application များ၊ Software များကိုလည်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း။

ထို့အပြင် အလုပ်သင်ဆရာဝန်များကိုလည်း တတ်ကျွမ်းသင့်သည့်ပညာရပ်များကို ကောင်းမွန်စွာ သိရှိတတ်မြောက်သွားအောင် မည်ကဲ့သို့ တာဝန်ချပြီး လေ့ကျင့်သင်ကြားသွားသင့်သည်များကိုလည်း စဉ်းစားအကြံပြုကြစေလိုကြောင်း။

မိမိပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူချိန်မှစ၍ အတွေ့အကြုံ၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းအမျိုးမျိုးကို နိုင်ငံခြားသို့ စေလွှတ်လျက်ရှိပြီး အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ ၃၅၃၁ ဦး၊ ခြောက်လအောက် သင်တန်း ၇၉၆ ဦး၊ ခြောက်လအထက် သင်တန်း ၁၈၀၊ မဟာဘွဲ့သင်တန်းသို့ ၄၈ ဦး၊ ပါရဂူဘွဲ့သင်တန်းသို့ ၂၄ ဦး စုစုပေါင်း ၄၅၇၉ ဦး စေလွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ် ဘွဲ့လွန်သင်တန်းများ ခေါ်ယူရာတွင် လိုအပ်ချက်များနေသည့် ဘာသာရပ်များတွင် အရေအတွက် ပိုမိုခေါ်ယူသွားမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် လစ်လပ်မှုနှင့် လိုအပ်ချက်များနေသည့် သူနာပြုဆရာမ ရာထူးနေရာများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သူနာပြုဆရာမ သင်တန်းသားအသစ်ကို တစ်နှစ်လျှင် ၁၈၀၀ ခန့်သာ ခေါ်ယူရာမှ ယခုနှစ်တွင် ၃၆၀၀ အထိ တိုးမြှင့်ခေါ်ယူမည်ဖြစ်ကြောင်း။

ယနေ့တက်ရောက်လာကြသော ပါမောက္ခများ၊ ဌာနမှူးများနှင့်တာဝန်ရှိသူ အသီးသီးသည် နိုင်ငံ၏ဆေးပညာလောကနှင့် ပုံရိပ်ကောင်းမွန်စေရန်အတွက် သက်ဆိုင်ရာ ဘာသာရပ်အသီးသီးတွင် ဦးဆောင်လုပ်ကိုင်နေသူများဖြစ်ပြီး အလွန်အရေးပါသူများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သာမန်လုပ်ရိုးလုပ်စဉ်၊ တွေးခေါ်မှုများဖြင့် မဖြစ်နိုင်ဘဲ ဆန်းသစ်တီထွင်သော အတွေးအခေါ်နှင့် ချဉ်းကပ်ဆောင်ရွက်မှုမျိုးဖြင့် မိမိအရေးကိစ္စကဲ့သို့ သဘောထား၍ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများက ကြုံတွေ့နေရသော အခက်အခဲများ၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့်ဝန်ထမ်းရေးရာ လိုအပ်ချက်များ၊ တိုက်နယ်ဆရာဝန်များ၏ စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် အကြံပြုတင်ပြချက်များ၊ သင်ကြားရေးရာ ကိစ္စများ၊ နိုင်ငံခြားပညာတော်သင်ကိစ္စများနှင့် အခြားအထွေထွေကိစ္စရပ်များကို သက်ဆိုင်ရာ ဘာသာရပ်အသီးသီး၊ တက္ကသိုလ်အသီးသီးက ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ချက်ချင်း ဖြည့်ဆည်းပေးနိုင်သည်များကို ချက်ချင်း ဆောင်ရွက်ပေးခဲ့ပြီး အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ (ဒုတိယနေ့) ကျင်းပ၊ အောင်မြင်စွာပြီးမြောက်

**ရန်ကုန် ဇွန် ၂၄**




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ်နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ (ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြပြီး ဒီမိုကရေစီအရေးတော်ပုံအဆက်ဆက်တွင်ကျဆုံးခဲ့သော ရဟန်း ရှင်လူ၊ ကျောင်းသား ပြည်သူတို့ကိုဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် ပါတီညီလာခံ သဘာပတိ ဖြစ်သူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ဒီနေ့ညီလာခံမှာ အထူးအလေးအနက်ထားပြီးတော့ ဆောင်ရွက်စေချင်တာကတော့ ကျွန်တော်တို့အားလုံး အမြော်အမြင်ကြီးကြီး၊ အမြင်ကျယ်ကျယ်နဲ့ ရိုးသားပွင့်လင်းစွာနဲ့ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်၊ ဆုံးဖြတ်ဆောင်ရွက်တဲ့နေရာမှာလည်းပဲ သတ္တိရှိရှိနဲ့ တကယ့်အမှန်ကို ရဲရဲတင်းတင်း ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် လစ်လပ်လျက်ရှိသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အရန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့များအား ရွေးချယ်ခြင်း၊ ဗဟိုကော်မတီဝင်များ၏ အတည်ပြုချက်ရယူခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ဗဟိုကော်မတီဝင်များက ဗဟို အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများအပေါ် ပြန်လည်ဆွေးနွေးခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ဆွေးနွေးခြင်းတို့ကိုပြုလုပ်ကြသည်။

ယနေ့ညီလာခံအပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဇော်မြင့်မောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်တို့က သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ရာတွင် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံတွင် တင်သွင်းခဲ့သော နိုင်ငံရေးအစီရင်ခံစာ၊ စည်းရုံးရေးအစီရင်ခံစာတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ပါတီ၏ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သည့် ဗဟိုကော်မတီဝင်များ၊ အရန်ဗဟိုကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိုယ်စားပြု ဗဟိုအလုပ်အမှုဆောင်များ၊ အရန်ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့ကြသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## မြို့နယ်များ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

**တာချီလိတ်**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဌေးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်ကို ရှင်းလင်းပြောကြားပြီး အခြေခံပညာကျောင်းများမှ ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

**ဝေယံလင်း(ပြန်/ဆက်)**

**ဒလ**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်/ ဆက် ဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ရာ**"မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များ"** ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ၌ ဒလမြို့နယ် အောင်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



မြို့နယ် ပြန်/ ဆက်ဦးစီးမှူး ဒေါ်မေရီစိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးများအကြောင်းကို ပြောကြားသည်။

ထို့နောက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို ဇွန် ၂၅ ရက်တွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

**ထန်းတပင်**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ထန်းတပင်မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိသင်းထိုက်က မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များအကြောင်း အသိပညာပေးပြောကြားပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများကို ဆုများပေးအပ်ခဲ့ကြသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဇွန်၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇွန်၂၄ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးငွေသူရက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းဆွေးနွေးကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြလွင်လွင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရှင်းလင်းရာ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ ပြဋ္ဌာန်းထားသည့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်သားကောင်တို့၏ စက်ကွင်းအန္တရာယ်များ မူးယစ်ဆေးဝါးသည် လူငယ်တို့၏အနာဂတ်အတွက် ပျက်စီးစေမည့် အရာတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်သန္တာထွန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ပြစ်မှုပြစ်ဒဏ် ဥပဒေ နည်းဥပဒေများအား ရှင်းလင်းခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ရန်နိုင်ထွန်းက ပြစ်မှုပြစ်ဒဏ်များအကြောင်း မူးယစ်ဆေးဝါးသည် လူငယ်များ အနီးအနားတွင် လွယ်လင့်တကူရရှိနိုင်သည့်အရာဖြစ်သည့်အတွက် လူငယ်များအနေဖြင့် အချိန်မရွေး မူးယစ်ဆေးဝါးနှင့်ပတ်သက်၍မူးယစ်နွံအတွင်း သက်ဆင်းသွားနိုင်ကြောင်း မူးယစ်ဆေးဝါးများပုံစံအမျိုးမျိုးနှင့်ပေါ်ပေါက်ပုံတို့အား ရှင်းလင်းခဲ့သည်။

**မျိုးလှိုင် (တွံတေး)**

# မသန်စွမ်းများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများရရှိရေး၊ ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတွင် ပထမဆုံးစတင်ဖွင့်လှစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် နိပ္ပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် မသန်စွမ်းသူများအတွက် Information, Communication & Technology Training Center ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားသို့ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နိပ္ပွန်ဖောင်ဒေးရှင်း Executive Director Mr. Yuji Mori နှင့် တာဝန်ရှိသူတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အဆောက်အဦဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ကာ အဆောက်အဦအတွင်း လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မည်သည့် မသန်စွမ်းသူမဆို စွမ်းဆောင်နိုင်ရန်နှင့် အထောက်အပံ့ရရှိရန် လိုအပ်သည့်အတွက် ICT နည်းပညာဖြင့် လေ့ကျင့်ပေးခြင်း ဖြစ်ပါကြောင်း၊ ICT Center ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် သဘောတူလက်မှတ်ထိုးခဲ့ပြီး လုပ်ငန်းစတင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၁၈ ခုနှစ် ဇွန်လတွင် လုပ်ငန်းစတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ Center ရေရှည်တည်တံ့ရန်၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရန်နှင့် ကိုယ်တိုင်ဘဝရပ်တည်ရေးအတွက် အစိုးရ၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပံ့ပိုးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရှေ့ဆက်၍ အာဆီယံနှင့် အာရှဒေသအတွင်း မသန်စွမ်းသူများအတွက် အဆင့်မီသော ICT Training Center အဖြစ် ရပ်တည်နိုင်ရေး အားထုတ်ကြိုးပမ်းပြီး နိုင်ငံတကာမှ မသန်စွမ်းအရေး ဆောင်ရွက်နေသော မသန်စွမ်းပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်ဖြစ်ပြီး ပြည်သူလူထုမှလည်း အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director Mr.Yuji Mori မှ ICT Training Center ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်သူ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ICT Training Center ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ICT Training Center ၏ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ ယခုအခါ အဆိုပါ ICT Training Center တွင် မသန်စွမ်းသူများအတွက် ဆရာဖြစ်သင်တန်းကို သင်တန်းသား ၁၄ ဦးဖြင့် စတင်ဖွင့်လှစ်နေပြီဖြစ်သည်။

ထို့နောက် H.I.S. Travel Myanmar Co.,Ltd မှ ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်ခြောက်သိန်းအား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ ကြခတ်တောရ ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ကြခတ်တောရ ပညာရေးနှင့် လူမှုအထောက်အကူပြုကွန်ရက်တို့မှ ပူးပေါင်းဖွင့်လှစ်သော ရပ်ရွာအခြေပြု အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ကာ အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသို့ အပ်ချုပ်စက်များ လှူဒါန်းသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရောက်ရှိပြီး ဇမ္ဗူအေးတောရ အင်းဝိုင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကာ နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ မျက်စိဝေဒနာရှင်များအား ကုသပေးနေမှုကို အားပေးကြည့်ရှုသည်။

ဆက်လက်၍ ကျောက်တံခါးမြို့နယ် ဖဒိုမြို့သို့ ရောက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ Good Neighbourhood International မှ ဆောက်လုပ်လှူဒါန်းသည့် ဖဒိုမူလတန်းကြိုကျောင်းဖွင့်ပွဲသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ယင်းနောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ခဲ့ရာ ဒုတိယဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်ပြည်သူလူထုများ၏ လှူဒါန်းငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့မှ လက်ခံရယူခဲ့ကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် လှိုင်သာယာမြို့နယ်နှင့် အလုံမြို့နယ်ရှိ ဓာတ်အားခွဲရုံများအား စစ်ဆေး



**ရန်ကုန် ဇွန် ၂၄**

ပြည်သူများ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာရရှိစေရေးနှင့် ဓာတ်အားစနစ် ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် အလုံမြို့နယ်တို့ရှိ ဓာတ်အားခွဲရုံများသို့ ရောက်ရှိစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ ၂၃၀ ကေဗွီ ကနောင်ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခွဲရုံတာဝန်ရှိသူများက ဓာတ်အားခွဲရုံ၏ ဗို့အားအဝင်အထွက်အခြေအနေများ၊ ဝန်အားအခြေအနေများနှင့် 155 MVA ထရန်စဖော်မာ တိုးချဲ့တပ်ဆင် တည်ဆောက်နေမှုများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးမှ လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှု မရှိစေရေးတို့အတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များအား မှာကြားပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ 155 MVA ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ဆောင်ရွက်နေမှုများအား စီမံကိန်းတာဝန်ခံမှ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးမှ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံတို့တွင် ဆောင်ရွက်လျက်ရှိသော 155 MVA ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးပါက လှိုင်သာယာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ ၃၃ ကေဗွီ ဟုန်ဟိုင်းဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအတွင်း ဗို့အားအဝင်အထွက်အခြေအနေများအား စစ်ဆေး၍ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

# ပြည်မြို့၌ ပထမဦးဆုံးပညာရေးပြပွဲ ကျင်းပ

**ပြည် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ သရေခေတ္တရာ ကျောင်းသားပြပွဲကို ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲသည် ပြည်မြို့တွင် ပထမဦးဆုံးကျင်းပသော ပညာရေးပြပွဲကြီးဖြစ်ကြောင်း သိရပြီး ဇွန် ၂၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေအောင်တို့က ယင်းပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပြပွဲတွင် ပြည်မြို့ရှိ ပြည်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၏ ဦးဆောင်မှုဖြင့် ကျောင်းသား ကျောင်းသူ ၉၀၀၀ ကျော်၏ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ် ပြင်ဆင်ထားကြသော ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာ စာတမ်းများ၊ ကွန်ပျူတာပညာရပ်များ၊ အသုံးပြုထားသော Smart Systems များ၊ Mobile Application နှင့် Website များ၊ အင်ဂျင်နီယာပညာရပ်များ၊ အသုံးပြုထားသော Project များ စသည်တို့ကို ပြခန်းပေါင်း ၄၂ ခန်းဖြင့် ခင်းကျင်းပြသထားလျက်ရှိသည်။ **(အောက်ပုံ)**

ယင်းအပြင် ပညာရှင်များ တက်ရောက်ဆွေးနွေးမည့် ပညာရေးစကားဝိုင်းကြီး တစ်ခုနှင့် ကျောင်းသားလူငယ်များအတွက် အကျိုးရှိစေမည့် ဖန်တီးမှုနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ ဟောပြောပွဲကို ပြပွဲပထမနေ့တွင် လည်းကောင်း၊ ဒုတိယနေ့တွင် Tenacity အကယ်ဒမီ၏ လုပ်ငန်းခွင်အကြို ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းအစီအစဉ်နှင့် တတိယနေ့တွင် ကျောင်းသားဟောင်းများ စကားဝိုင်းတစ်ခု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲတစ်ခုနှင့်အတူ ဆုပေးပွဲအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီ တာဝန်ရှိသူများထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇွန် ၂၄**

အိန္ဒိယကောင်စစ်ဝန်ရုံးမှ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေဆိပ်ကမ်းတွင် ကျင်းပရာ အိန္ဒိယကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများ၊ စစ်တွေမြို့ပေါ်ရှိ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ စစ်တွေမြို့ပေါ်ရှိ ဟိန္ဒူဘာသာဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အိန္ဒိယလူမျိုး ယောဂနည်းပြဆရာမ မန်ချူးက ယောဂကျင့်စဉ်များကို အချိန်တစ်နာရီခန့် လက်တွေ့သင်ကြားပြသပေးခဲ့ရာ အခမ်းအနားတက်ရောက်လာသူများက သင်ကြားပြသပေးသည့် ကျင့်စဉ်များကို လိုက်လံဆောင်ရွက်ကြသည်။ ယခုကဲ့သို့ အခမ်းအနားများကို မြန်မာနိုင်ငံရှိ မြို့ကြီးများနှင့် ကမ္ဘာ့နိုင်ငံအချို့တွင်လည်း ကျင်းပခဲ့ကြကြောင်း သိရသည်။

ယောဂကျင့်စဉ်သည် ကိုယ်၊ စိတ်နှင့် ဝိညာဉ်တို့ကို ပေါင်းစပ်ပေးသည့် ကျင့်စဉ်ဖြစ်ပြီး ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း၊ ယောဂကျင့်စဉ်များကို ကျင့်သုံးခြင်းဖြင့် ခန္ဓာကိုယ်ပေါ့ပါးလန်းဆန်းပြီး မှတ်ဉာဏ်စွမ်းရည်ကိုလည်း ပိုမိုကောင်းမွန်စေကြောင်း၊ စိတ်နဲ့ကိုယ် တစ်ထပ်တည်းကျပြီး၊ လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာတွင် ပိုမိုအဆင်ပြေကြောင်း သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

# လျှင်ဒဏ်ခံပုဂံဘုရားများအား ကြံ့ခိုင်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရေး

မင်းဘူးအောင်ကြိုင်

ပုဂံဒေသသည် ငလျင်ကြောတွင်ကျရောက်နေသော ဒေသဖြစ်သဖြင့် အောက်တွင် ငလျင်လှုပ်ခတ်သော အချိန်ကာလနှစ်များနှင့် ကြံ့ခိုင်ရေးဆောင်ရွက်လိုက်သဖြင့် ခံနိုင်ရည်ရှိသွားသော ပုဂံဘုရားအချို့ကို ဖော်ပြအပ်ပါသည်။

အများအားဖြင့် ငလျင်ဒဏ်ကြောင့် အပေါ်ပိုင်းများ ပျက်စီးပြိုကျခဲ့သော်လည်း အောက်ပိုင်းများမှာ ကောင်းမွန်ပါသည်။ မူလ ဗိသုကာလက်ရာများ ကောင်းမွန်သဖြင့်လည်းကောင်း၊ အောက်ပိုင်းတောင့်တင်းခိုင်မာသဖြင့် လည်းကောင်း ခိုင်မာတောင့်တင်းပါသေးသည်။

**တောင့်တင်းခိုင်မာ**

၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ လှုပ်ခတ်ခဲ့သော ငလျင်ကြီးနောက် Strengthening ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော ဘုရား ၂၅ ဆူမှာ- ယခု ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ လှုပ်ခတ်ခဲ့သော ငလျင်ကြီးဒဏ်ကို ခံနိုင်ရည်စွမ်းရှိပြီး တောင့်တင်း ခိုင်မာခဲ့ပါသည်။

၎င်း ၂၅ ဆူအနက် ငလျင်ကြီးနှစ်ကြိမ်ကို ခံခဲ့ရသော်လည်း ပြိုကျမှုမရှိခဲ့ပါ။ ၁၉၆၄- ၆၅ ခုနှစ်တွင် ဥပါလိသိမ် နံရံကြီး ကားလာပြီး ဖောင်းနေသဖြင့် ပေါင်းကူးစတင်ကူးသည့် နေရာဖြစ်သော ချင်မိတ်တိုး (Cornice) ပတ်လည်တွင် သံကူကွန်ကရစ်ခါးပတ်များ ပတ်ထားသဖြင့် ၁၉၇၅ခုနှစ် ငလျင်ကြီးနှင့် ၂၀၁၆ခုနှစ် ငလျင်ကြီးများ ဒဏ်ကြောင့်မပြိုတော့ဘဲ တောင့်တင်းခိုင်မာလျက်ရှိနေပါသည်။

ယင်းနှင့်တစ်ချိန်တည်း တည်ဆောက်ခဲ့သော မီးမလောင်ကျောင်းမှာ အမိုးပြိုသွားခဲ့ပါသည်။

၁၉၇၅ခုနှစ် ငလျင်ကြီးကြောင့် ဆောင်ရွက်ခဲ့သော Strengthening works အမျိုးအစားများမှာ-

(၁) နံရံအထက်ပိုင်း ပေါင်းကူးစသည့်နေရာ ချင်မိတ်တိုး(Cornice) ပတ်လည်၌ တူး၍ သံကူကွန်ကရစ်ခါးပတ် (R.CC belt) ပတ်ခြင်း။

(၂)ဒေါင်လိုက်အလျားလိုက် သံအချင်းစွပ်ခြင်း။

(၃) နံရံအထက်ပိုင်း ပေါင်းကူးစသည့်နေရာ၌ ဖောက်စက်ဖြင့်ဖောက်ပြီး သံချောင်းနှင့် အင်္ဂတေရည်ထည့်သွင်းမှုတ်ခြင်း။

(၄) သံဟင်္ဂလန်(သို့မဟုတ်)သံလုံးကြီးများဖြင့် ပတ်စည်းခြင်းစသည့် Strengthening လုပ်ထားသဖြင့် ၂၀၁၆ ခုနှစ် ငလျင်ကြီးဒဏ်ခံနိုင်နေပြီ ဖြစ်ပါသည်။

(၁) **ရွှေစည်းခုံစေတီ-** ဖောင်းရစ်ပိုင်းများအား တစ်ရစ်ခြင်း သံကူကွန်ကရစ် ခါးပတ်များပတ်ထားခြင်း

(၂) **အာနန္ဒာဂူဘုရား-** ကွမ်းတောင်အတွင်း အုတ်များဖယ်၍ အလေးချိန်လျှော့ပြီး သံကူကွန်ကရစ် Shell လောင်းထည့်ကာခြင်း။

(၃)**သဗ္ဗညုဂူဘုရား-** တတိယလိုဏ်အတွင်း သံကူကွန်ကရစ် ထုပ်တန်းကြီးများဖြင့် ထိန်းချုပ်ထားခြင်း။

ကွမ်းတောင်အောက်ပစ္စယံများကို R.C.C Belts များ မပတ်ခဲ့သဖြင့် ၂၀၁၆ ခုနှစ် ငလျင်ကြောင့်အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

(၄) **ကန်တော့ပလ္လင်ဂူဘုရား-** အပေါ်ထပ်လိုဏ်အတွင်း၌ သံကူကွန်ကရစ်ခါးပတ်များ ပတ်ထားသော်လည်း R.C.C ခါးပတ် အပြင်မှမပတ်မိသဖြင့် ပစ္စယံနှင့် စိန်တန်းကြား၌ အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ကွမ်းတောင်ကို အခေါင်းပြုလုပ်ထားသည်။

**ထိခိုက်မှုမရှိ**

(၅) **သရပါတံခါးကြီး** - တောင်ဘက်ခြမ်းအက်ကွဲကြောင်းများအတွင်း (၁း၄) ဘိလပ်မြေအင်္ဂတေရည် ၁၇ ပုံးလောင်းထည့်ဖာထေးပြီး အတွင်းထောင့်များ၌ သံကူကွန်ကရစ်ထောင့်ချုပ်များ ထည့်သွင်းခဲ့ပါသည်။ မြောက်ဘက်တွင် H ပုံ သံကူကွန်ကရစ် ထုပ်တန်းကြီး ထည့်ခဲ့သည်။ မြောက်ဘက်သို့ အနည်းငယ်ယိုင်သွားသဖြင့် မြောက်ဘက်တွင် အုတ်ဒိုင်းကြီး (Buttress) တစ်ခု တည်ဆောက်၍ ထောက်ပေးထားပါသည်။ ၂၀၁၆ ခုနှစ် ငလျင်ကြီးတွင် ထိခိုက်မှုမရှိခဲ့ပါ။

(၆) **လောကထိပ်ပန်ဘုရား-** အရေးကြီးသော နံရံဆေးရေးပန်းချီကောင်းရှိသော ဂူဘုရားတစ်ဆူ ဖြစ်ပါသည်။ တိုက်မအရှေ့တောင်ထောင့်တွင် နေမြင်လမြင်အက်ကွဲကြောင်းကြီးဖြစ်ပေါ်ပြီး စွယ်တော်လေးဆူပုံအနက် စွယ်တော်နှစ်ဆူပုံနှင့် ပရိနိဗ္ဗာန်ဝင်စံခန်းပုံတို့ ကွာကျပျက်စီးခဲ့ပါသည်။ သို့ဖြစ်၍ ထောင့်များ၌ သံကူကွန်ကရစ်ထောင့်ချုပ်များဖြင့် ထည့်သွင်းချုပ်ခဲ့ပါသည်။

(၇) **အလိုတော်ပြည့်ဂူဘုရား-** ချင်မိတ်တိုးပတ်လည်၌ သံကူကွန်ကရစ်ခါးပတ်ပတ်ခြင်း၊ အလယ်မဏ္ဍိုင်၌ သံဟင်္ဂလန်များဖြင့် အမိုးပေါင်းကူးအား ထောက်ပေးခြင်း။

(၈)**အာနန္ဒာအုတ်ကျောင်း-** အပြင်နံရံအထက်ပိုင်းတွင် သံကူကွန်ကရစ်ခါးပတ်ပတ်ခြင်း၊ အပေါ်ထပ်ကြမ်းပြင်၌ အက်ကွဲသွားသဖြင့် အက်ကွဲကြောင်းအတိုင်း အဝတ်ချုပ်သကဲ့သို့ သံကူကွန်ကရစ်တုံးများဖြင့် ချုပ်ထားသဖြင့် ၂၀၁၆ ခုနှစ် ငလျင်ကြီးကြောင့် ထိခိုက်မှုမရှိသော်လည်း အပေါ်ထပ်နံရံများ၌ သံကူကွန်ကရစ်ဖြင့် မချုပ်ခဲ့သဖြင့် အစိတ်အပိုင်းအနည်းငယ် ပဲ့ကျသွားခဲ့ပါသည်။ ၁၉၇၅ ခုနှစ် ငလျင်လှုပ်စဉ်က မြောက်ဘက်စကြံမျက်နှာကြက်မှ နံရံပန်းချီ အလျား ၁၀ ပေ× အနံ ၃ ပေခန့် ကွာကျခဲ့ပါသည်။ ယခု ၂၀၁၆ ခုနှစ် ငလျင်ကြောင့်နံရံပန်းချီ ကွာကျမှုမရှိခဲ့ပါ။ သံကူကွန်ကရစ် ခါးပတ်ပတ်ထားသောကြောင့် ဖြစ်ပါသည်။

(၉) **တောင်ဘီရွာ အနောက်ဘက်ရှိမွန်ဂူ-** အေဒီ ၁၁ ရာစု ပုဂံခေတ်စောစောပိုင်း ဂူတစ်ခုဖြစ်ပြီး နံရံအနည်းငယ် လန်လာသဖြင့် သံကူကွန်ကရစ် ခါးပတ်ပတ်ထားခြင်းဖြစ်ပါသည်။

(၁၀) **ရွှေဆံတော်ဘုရား အနောက်အရန်ဂူ-** Drilling machine ဖောက်စက်ဖြင့်ဖောက်၍ သံချောင်းထည့်ပြီး Grouting maching ဖြင့် မှုတ်သွင်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

(၁၁) **မနူဟာဘုရား။** ၁၉၇၅ ခုနှစ် ငလျင်ကြီးကြောင့် အမိုးကြီးတစ်ခုလုံး ကွာကျသွားခဲ့ပြီး ဆင်းတုဦးခေါင်းကြီးပါ ပျက်စီးသွားခဲ့ပါသည်။ ပညာရှင်များ၏ အကြံပေးချက်အရ သံကူကွန်ကရစ် အမိုးခုံးကြီး အစားထိုးပြုလုပ်ခဲ့ရာ ယခု ၂၀၁၆ ခုနှစ် ငလျင်ကြီးကြောင့် ပြိုခြင်းမရှိပါ။

(၁၂) **မဟာဗောဓိဘုရား** - ကွန်းထောင်ရှည်တစ်မျက်နှာလျှင် ၃ လက်မ× ၁ ပေ သံပြား ဒေါင်လိုက် ရစ်ချောင်းနှင့် အလျားလိုက် သံပြားရစ်ခုဖြင့် သံအချင်းစွပ်ခြင်း။

(၁၃) **လောကနန္ဒာဘုရား** - ခေါင်းလောင်းပုံ၌သံအချင်းစွပ်ခြင်းဆောင်ရွက်ခဲ့ပါသည်။

(၁၄) **ကျွဲနားငွေါင်းစေတီ**- ၁ ၁/၄" Ø သံချောင်းသုံးတန်းဖြင့် ပတ်စည်းထားခြင်း ထွင်းဖောက်ပြီး RCC ခါးပတ်ပတ်လျှင်စဥ့်သားများ ပျက်စီးနိုင်သဖြင့် နေမြင်လမြင်အက်ကွဲကြောင်းကြီးနှစ်ခုကို အပြင်မှ ပတ်စည်းထားခြင်း။

(၁၅) **ခေမာဝရာဘုရား-** နံရံအထက်ပိုင်းတွင် ဖောက်စက်ဖြင့်ဖောက်ပြီး သံချောင်းသွင်း၍ အင်္ဂတေမှုတ်သွင်းခြင်း။

(၁၆) **ကျောက်ဂူဥမင်-** သံကူကွန်ကရစ်ပြားပတ်ခြင်း၊ အပေါ်ထပ်လိုဏ်ကို RCC ခါးပတ်မပတ်မိသဖြင့် အက်ကွဲခြင်း၊ ပေါင်းကူးနှစ်နေရာ၌ ထွက်ကျခြင်း ဖြစ်ပေါ်ခဲ့ပါသည်။

(၁၇) **နန်းဘုရား-** ကျောက်အဆောက်အအုံဖြစ်သဖြင့် RCC ခါးပတ်ပတ်ရန် မဖြစ်နိုင်သဖြင့် ပစ္စယံပေါ်တွင် RCC ဖြင့် ပတ်ချုပ်ထားပါသည်။

**အင်္ဂတေချော**

(၁၈) **ရှင်ပင်သာလျောင်းဂူကြီး-** နံရံအနည်းငယ် ကားလာသဖြင့် ပေါင်းကူးစသည့် နံရံအထက်ပိုင်းတွင် သံကူကွန်ကရစ်ခါးပတ်ပတ်ခြင်း အမိုးပေါ်တွင် သစ်ပင်များပေါက်သဖြင့် အင်္ဂတေချောခြင်း။

(၁၉) **ခြူဆွဲဘုရား-** (အမှတ် ၁၃၅၀) နံရံကို ဖောက်၍ သံချောင်းနှင့် အင်္ဂတေသွတ်သွင်းခြင်း။

(၂၀) **တောင်ဂူနီဘုရား -** နံရံအပေါ်ပိုင်း ပေါင်းကူးစသည့်နေရာ၌ လေးဘက်လေးတန်ဖောက်ပြီး သံချောင်းနှင့် အင်္ဂတေသွတ်သွင်းခြင်းထိပ်များ၌သံပြားများခံပြီး ဝက်အူစုပ်၍ ထိန်းထားခြင်း။

(၂၁) **မင်းအိုချမ်းသာဘုရားမြောက်ဘက် ဘုရားအမှတ် (၂၀၇၁)**- RCC ခါးပတ်ပတ်ရန် တူးလျှင်ပြိုကျနိုင်သဖြင့် နံရံအထက်ပိုင်း ပေါင်းကူးစကူးသည့်နေရာ၌ သံဟင်္ဂလန်များဖြင့် ပတ်စည်းထားခြင်း၊ အုတ်ဒိုင်းဖြင့် ထောက်ပေးခြင်း။ ပုဂံ/ညောင်ဦး ကတ္တရာလမ်းနှင့် အလွန်နီးကပ်နေသဖြင့် တုန်ခါမှုမရှိစေရန် ဘုရားနှင့်လမ်းကြား၌ မြေကြောဖြတ်တူးခြင်း။

(၂၂) **အလိုတော်ပြည့်ဘုရားအနီးရှိ လိုဏ်ရှည်ဘုရား-** တိုက်မပိုင်း ပေါင်းကူးပတ်လည်ပြိုထားသည်မှာ ကြာပြီဖြစ်၍ ပေါင်းကူးသစ်ပြုလုပ်မိုးပေးခြင်း နံရံအထက်ပိုင်းပတ်လည်၌ RCC ခါးပတ်ပတ်ခြင်း။

(၂၃) **မင်းမျှော်ရာဇာဘုရား** - ပစ္စယံမှ ရေထွက်ပေါက်မရှိ၍ ရေဝပ်နေသဖြင့်ဖောက်ပေးခြင်း နံရံအထက်ပိုင်းပတ်လည်၌ RCC ခါးပတ်ပတ်ပေးခြင်း။

(၂၄) **အာနန္ဒာဘုရားပရိဝုဏ်အတွင်းရှိ သိကြားပြဘုရား-** နံရံအနည်းငယ်ယိုင်လာသဖြင့် RCC ခါးပတ်ပတ်ခြင်း။

(၂၅) **ရွှေဆံတော်စေတီ၏ အနောက်တောင်ဘက်ရှိ ဂူဘုရား-** နံရံများတွင် ထွင်း၍ RCC ခါးပတ်ပတ်ထားခြင်း၊ ရေရှည်ခံနိုင်ရန် ဤကဲ့သို့ Strengthening works များ လုပ်ထားသည့်အတွက်ကြောင့် ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ကို ခံနိုင်သွားခဲ့ပါသည်။

**ငလျင်နှင့်မိုးကြီးများ**

ပုဂံတွင် ငလျင်ကြီး၊ ငလျင်သေးများကြောင့် ပုဂံ ဘုရားအချို့ ထိခိုက်ပျက်စီးရပါသည်။ ငလျင်နှင့် မိုးကြီးများမှာ ဆက်နွှယ်နေသော သဘောရှိဟန်တူပါသည်။ ၁၉၇၅ ငလျင်ကြီးနှင့် ၂၀၁၆ ခုနှစ်၊ ငလျင်ကြီးများ လှုပ်ခတ်ပြီးနောက် မိုးသည်းထန်စွာ ရွာတတ်ပါသည်။ ၁၉၇၅ ခုနှစ် ငလျင်ကြီးလှုပ်ခတ်ပြီး နောက်ပြုပြင်ရန် လက်လှမ်းမမီသဖြင့် မိုးသည်းထန်စွာရွာသောကြောင့် ပြိုကျသွားသော ဘုရားများမှာ -

၁။ ပုဂံမြို့ရိုးအတွင်းရှိ မိုးမိုးမဲမဲဂူဘုရားကြီး။

၂။ ယင်းမိုးမိုးမဲမဲဘုရား အရှေ့ဘက်ရှိ ပုခတ်လွဲဘုရား။

၃။ ဝက်ကြီးအင်းရွာအနောက် သိကြားပုန်းဘုရား အနောက်ဘက် ဂူဘုရား။

၁၉၇၅ ခုနှစ် ငလျင်လှုပ်စဉ် အတောအတွင်း အမိုးပြိုသွားသော ဘုရားများ-

၁။ မနူဟာဂူဘုရား

၂။ ဝက်ကြီးအင်းရွာ အနောက်ဘက်ရှိ ရွှေတန်ဆာဘုရား (နံရံဆေးရေးပန်းချီကောင်းများ ပါသွားခြင်း)

၃။ ဗူးဘုရား(တစ်ဆူလုံးပုံကျသွားသည်)

တောင်တွင်းငလျင်ကြောင့် (ဘုရားမှတ် ၁၉၅၅) မှာ အမိုးပေါ် အက်ကွဲသွားရာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အက်ကွဲကြောင်းအတွင်း ရေဝင်သွားပြီး အမိုးပြိုကျဖူးပါသည်။ အကယ်၍ အက်ကွဲကြောင်း ဖြစ်ပေါ်သည်ကို သိလျှင် အပြင်မှ သံကူကွန်ကရစ်ဖြင့် ပတ်စည်းညှစ်ထားပါက မပြိုနိုင်တော့ပါ။

**လှုပ်ခတ်ခဲ့သောငလျင်များ**

မှတ်တမ်းများအရ ပုဂံတွင် လှုပ်ခတ်ခဲ့သော ငလျင်များမှာ-

ပုဂံခေတ်ဦး ယဉ်မင်းပိုက်မင်းလက်ထက် ခရစ်နှစ်အေဒီ ၃၂၄ ငလျင်၊ ပုဂံခေတ်လယ် ကွန်းဇော်မင်းလက်ထက် ခရစ်နှစ် အေဒီ ၉၈၆ ငလျင်၊ ပုဂံခေတ်နှောင်း တရုတ်ပြေးမင်းလက်ထက် ခရစ်နှစ်အေဒီ ၁၂၈၆ ငလျင်၊ ပုဂံခေတ်နှောင်း ကျော်စွာမင်းလက်ထက်ခရစ်နှစ်အေဒီ ၁၂၉၀ ငလျင်၊ အင်းဝခေတ်အေဒီ ၁၃၈၀ ပြည့်နှစ်ငလျင်(အဂ္ဂတော့ဘုရားရှိမင်စာ)၊ အင်းဝခေတ် မိုးညှင်းမင်းတရားကြီးလက်ထက် အေဒီ ၁၄၂၉ ငလျင်၊ အင်းဝခေတ်ဘုရင်နရပတိလက်ထက်အေဒီ ၁၄၆၉ ငလျင်၊ အင်းဝခေတ်ဒုတိယမင်းခေါင် လက်ထက်အေဒီ၁၄၈၅ ငလျင်၊ အင်းဝခေတ်ဒုတိယမင်းခေါင် လက်ထက်အေဒီ ၁၅၀၁ ငလျင်၊ ကုန်းဘောင်ခေတ်အေဒီ ၁၇၇၇ ခုနှစ် ငလျင်၊ ရတနာပုံခေတ်အေဒီ ၁၈၃၈ ခုနှစ်ငလျင်၊ မျက်မှောက်ခေတ် အေဒီ ၁၉၆၅ ငလျင်(အာနန္ဒာ ဘုရားအထွတ် စေတီပြိုကျ)၊ မျက်မှောက်ခေတ်အေဒီ ၁၉၇၅ ငလျင် (ပုဂံဘုရားများပျက်စီး)၊ မျက်မှောက်ခေတ်အေဒီ ၂၀၁၆ ငလျင်(ပုဂံဘုရားပုထိုး ၃၈၉ ဆူပျက်)။

အထက်ဖော်ပြပါ ငလျင်များ လှုပ်ခတ်ခဲ့ရာတွင် အနည်းအများ ပြိုကျပျက်စီးမှုများ ရှိခဲ့ပါသည်။ စစ်ကိုင်းပြတ်ရွှေ့ကြီးမှာလည်း အချိန်မရွေး လှုပ်ခတ်နိုင်ပါသည်။ နောင်အခါတွင် ငလျင်ကြီး၊ ငလျင်သေးများ နေရာမရွေး အချိန်မရွေး လှုပ်ခတ်နိုင်ပါသည်။ မည်သည့်အခါတွင် လှုပ်ခတ်နိုင်သည်ကို ခေတ်မီနိုင်ငံများ၌ပင် မသိနိုင်ပါ။

သို့ဖြစ်၍ နောက်ဆုံး ၂၀၁၆ ခုနှစ် ငလျင်လှုပ်သဖြင့် အထိ နာထားသော ဘုရားပုထိုးစေတီများ၊ ပြတ်ရွေ့သွားသော ဂူဘုရားများ၊ အလယ်မဏ္ဍိုင်မပါသော ဘုရားများနံရံပါးသော ဘုရားများ၊ ကျောင်းများအား မြန်မာတို့၏ အသည်းနှလုံးဖြစ်သော ပုဂံဘုရားစေတီများအပေါ် စေတနာသဒ္ဓါထက်သန်စွာဖြင့် ပြည်သူများ၏ လှူဒါန်းငွေများဖြင့် (Strengthening works) ကြံ့ခိုင်ရေးလုပ်ငန်းများ ရေရှည်ခံနိုင်ရေးအတွက် ယခုကတည်းက ကြိုတင်ဆောင်ရွက်ထားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> “မြန်မာတို့၏ အသည်းနှလုံးဖြစ်သော ပုဂံဘုရားစေတီများအပေါ် စေတနာ သဒ္ဓါထက်သန်စွာဖြင့် ပြည်သူများ၏ လှူဒါန်းငွေများဖြင့် (Strengthening works) ကြံ့ခိုင်ရေးလုပ်ငန်းများ ရေရှည်ခံနိုင်ရေးအတွက် ယခုကတည်းက ကြိုတင်ဆောင်ရွက်ထားသင့်”




မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဂံမြို့ဟောင်းရှိ ဘုရားအမှတ် ၁၃၇၈ စေတီတစ်ဆူပြိုကျပျက်စီးနေမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း ရေလှောင်တမံများ စိုးရိမ်ဖွယ်ရာမရှိ



**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုရှိခဲ့သော်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံကိုးခုမှာ ရေဘေးအန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း အဆိုပါဌာနမှ သိရသည်။

"ငမိုးရိပ်ရေလှောင်တမံက ကန်ရေပြည့်မှတ်ရောက်ဖို့ ၁၇ ပေကျော်၊ လဂွမ်းပြင်ရေလှောင်တမံက ကန်ရေပြည့်မှတ်ရောက်ဖို့ ၂၂ ပေကျော်၊ တဘူးလှရေလှောင်တမံက ကန်ရေပြည့်မှတ်ရောက်ဖို့ ၂၇ ပေကျော် လိုပါသေးတယ်၊ ကျန်တဲ့တမံတွေလည်း ကန်ရေပြည့်မှတ်ရောက်ဖို့ အများကြီးလိုပါသေးတယ်၊ မိုးများလို့ ကန်ရေပြည့်မှတ်ရောက်သွားရင်တောင် ရေပိုလွှဲကနေ အလိုအလျောက် ရေကျော်ကျပြီး မူလချောင်းဟောင်းထဲကို ပြန်ရောက်သွားပါတယ်၊ ဝန်ထမ်းတွေအနေနဲ့ ရေလှောင်တမံတွေကို အမြဲတမ်းပြုပြင်ထိန်းသိမ်းမှုတွေ လုပ်ပါတယ်၊ တမံတွေနဲ့ ပတ်သက်ပြီး စိုးရိမ်စရာမရှိပါဘူး၊ ဝန်ထမ်းတွေအနေနဲ့ နေ့၊ ညမပြတ် တမံတွေကို စောင့်ကြည့်စစ်ဆေးနေပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံ ကိုးခုမှာ လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၊ ပေါင်းလင်းရေလှောင်တမံ (ငမိုးရိပ်ရေကူ)၊ မဟူရာရေလှောင်တမံ (ငမိုးရိပ်ရေကူ)၊ လဂွမ်းပြင်ရေလှောင်တမံ၊ ကလီထော်ရေလှောင်တမံ၊ တောင်လုံးမြောင်ရေလှောင်တမံ၊ တဘူးလှရေလှောင်တမံ၊ သန်လျင်မြို့နယ်ရှိ ဇာမဏီအင်းရေလှောင်တမံနှင့် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါတမံများ မိုးရာသီအတွင်း ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများသည် မိုးရာသီမတိုင်မီကတည်းက ရေဘေးကာကွယ်ရေးဆိုင်ရာ တည်ဆောက်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်း၊ စက်ယန္တရားယာဉ်နှင့် လုပ်သားများ အသင့်ဖွဲ့စည်းထားရှိခြင်း၊ စီမံချက်များ ရေးဆွဲထားခြင်းနှင့် ရေကင်းတာဝန်ချထားခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင် ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ၂၀၁၆ ခုနှစ်မှ စတင်ကာ ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီထိ ချောင်းကော၊ မြောင်းကော တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လှည်းကူးမြို့နယ်တွင် အလျားမိုင် ၁၅၀ ဒသမ ၀၆ မိုင်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် ၃၂ ဒသမ ၈၂ မိုင်၊ ထန်းတပင်မြို့နယ်တွင် ၈၄ ဒသမ ၈၆၀ မိုင်၊ မှော်ဘီမြို့နယ်တွင် ၂၇ ဒသမ ၃၃ မိုင်၊ တိုက်ကြီးမြို့နယ်တွင် ၅၈ ဒသမ ၇၄ မိုင်၊ သန်လျင်မြို့နယ်တွင် ၃၂ ဒသမ ၆၅ မိုင်၊ ကျောက်တန်းမြို့နယ်တွင် ၆၉ ဒသမ ၇၈ မိုင်၊ ခရမ်းမြို့နယ်တွင် ၇၃ ဒသမ ၇၉ မိုင်၊ သုံးခွမြို့နယ်တွင် ၉၉ ဒသမ ၁၀ မိုင်၊ တွံတေးမြို့နယ်တွင် ၂၇ ဒသမ ၆၃ မိုင်၊ ဒလမြို့နယ်တွင် ၄၂ ဒသမ ၀၂ မိုင်၊ ကော့မှူးမြို့နယ်တွင် ၅၉ ဒသမ ၂၀ မိုင်၊ ကွမ်းခြံကုန်းမြို့နယ်တွင် ၈၉ ဒသမ ၆၅ မိုင် စုစုပေါင်း အလျားမိုင် ၈၄၇ ဒသမ ၆၄၆ မိုင်ကို တူးဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန်လအတွင်း မိုးရေချိန် အများဆုံး လေးလက်မကျော် ရွာသွန်းခဲ့သော်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံ ကိုးခုမှ နွေစပါးစိုက်ပျိုးရေနှင့် ရန်ကုန်မြို့နေလူထုအတွက် သောက်သုံးရေပေးဝေလျက်ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရေလှောင်တမံများမှ နွေစပါးစိုက်ဧက ၅၃၃၀၁ ဧကကို ရေပေးဝေနိုင်ခဲ့ပြီး မိုးစပါးအတွက် လိုအပ်ပါက ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း- မင်းသစ် (MNA)၊ ဓာတ်ပုံ- နေလင်း**

# ရန်ကုန်- ဒလ ချစ်ကြည်ရေးကြိုးတံတားကြီး ဒီဇိုင်းသစ်ပြန်လည်ရေးဆွဲဆောက်လုပ်မှုလုပ်ငန်းများ ယခုနှစ်ကုန်ပိုင်း စတင်ဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၂၄**

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးကြိုးတံတားဖြစ်သော ရန်ကုန်-ဒလ တံတားစီမံကိန်းမှာ ယခုအခါ ရေလမ်းကြောင်း အခြေအနေတစ်ရပ်ကြောင့် တံတားဒီဇိုင်းသစ်ပြန်လည်ရေးဆွဲလျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းမှ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

"ချစ်ကြည်ရေးတံတားအဖြစ် ကိုရီးယားနိုင်ငံက တည်ဆောက်မယ့် ရန်ကုန်-ဒလတံတားက မူလရေးဆွဲထားတဲ့ ဒီဇိုင်းကို ပြန်လည်ရေးဆွဲရမှာ ဖြစ်ပါတယ်။ ရေလမ်းအနေအထားအရ တံတားခန်းဖွင့်တိုးချဲ့ဖို့ လိုအပ်နေတာကြောင့် ရေလမ်းကြောင်းချဲ့ဖို့ ပြန်လည်ရေးဆွဲနေပါတယ်။ ဒါကြောင့် တံတားဒီဇိုင်းပုံစံ ပြန်ထုတ်နေပါတယ်။ ထုတ်ပြီးရင်တော့ စတင်တည်ဆောက်ဖို့ အစီအစဉ်လိုက် ဆက်လုပ်မှာပါ။ အဓိက ဆိပ်ကမ်းအာဏာပိုင်နဲ့ ညှိနှိုင်းတာကလည်း ခန်းဖွင့်ကျယ်ဖို့ကိစ္စပါပဲ။ ဒါတွေကိုလည်း နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပြီးသွားပြီ။ မူလအစီအစဉ်ဆိုရင် အခုလောက်ဆို ဆောက်လုပ်ရေးလုပ်ငန်းတွေ စနေပြီပေါ့။ ခုတော့ ဒီဇိုင်းသစ်ရေးဆွဲရမှာဆိုတော့ အချိန်ကာလအားဖြင့် လေးလနဲ့ ခြောက်လကြားအချိန်ယူရဦးမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီဇိုင်းသစ်ရေးဆွဲပြီးမယ့်ချိန်ဆို ဒီနှစ်ကုန်ပိုင်းလောက်တော့ လုပ်ငန်းတွေ စတင်ဆောင်ရွက်ဖြစ်မှာ ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်က ပြောသည်။

ရန်ကုန်- ဒလတံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ပြီး ယခင်မူလဒီဇိုင်းမှာ စုစုပေါင်း တံတားအရှည် ၁၈၇၂ ဒသမ ၅ မီတာ (၆၁၄၄ ပေ) ရှည်လျားကာ ပင်မတံတားအရှည်မှာ ၅၉၀ မီတာ ( ၁၉၃၆ ပေ) ရှည်လျားသည့် လေးလမ်းသွားတံတား အမျိုးအစားဖြစ်သည်။ ရန်ကုန်ဘက်ကမ်းချဉ်းကပ်တံတားအရှည်မှာ ၆၆၅ မီတာ (၂၁၈၂ ပေ) ရှည်လျားပြီး လှိုင်မြစ်အတွင်း သွားလာနေသော တန်ချိန် ၁၅၀၀၀ ရှိ DWT Cargo သင်္ဘောကြီးများ ရေလမ်းကင်းလွတ်စွာ သွားလာနိုင်ရန် ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ (၁၆၀ ပေ) ရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၀ မီတာ (၅၂၅ ပေ) ဖြင့် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယင်းဒီဇိုင်းမှာအရှည်အားဖြင့် အခက်အခဲမရှိသော်လည်း ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်တို့မှာ သင်္ဘောကြီးများ ဖြတ်သန်းသွားလာရာတွင် အခက်အခဲမဖြစ်ပေါ်စေရန်အတွက် ဆိပ်ကမ်းအာဏာပိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ နှစ်ဖက်ညှိနှိုင်းသဘောတူညီကာ ဒီဇိုင်းပြန်လည်ရေးဆွဲနေပြီဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

ယင်းတံတားကြီး တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်း လျာထားပြီး ယင်းကုန်ကျမှုအနက် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် ညီမျှသော ဝမ်ကို ကိုရီးယားသမ္မတနိုင်ငံမှ EDCF Loan ချေးငွေကူညီမှုဖြင့် တည်ဆောက်မည်ဖြစ်သည်။ တံတားတည်ဆောက်မှုစီမံကိန်းကာလမှာ ငါးနှစ်လျာထားပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

အဆိုပါ ရန်ကုန်-ဒလ ကြိုးဆိုင်းတံတားကြီး တည်ဆောက်ရန်အတွက် လမ်းအူကြောင်းရွေးချယ်မှုနှင့် ပတ်သက်၍ သုံးကြောင်းရွေးချယ်ကာ စမ်းသပ်မှုများ ပြုလုပ်ခဲ့သော်လည်း ယခုအခါ ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်းထိပ်နှင့် ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**




မြန်မာ- ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်နေရာပြပုံအား တွေ့ရစဉ်။

# ဗိုလ်တထောင် ကျိုက်ဒေးအပ်စေတီတော်သို့ ပြည်ပမှ ဘုရားဖူးဧည့်သည်ဝင်ရောက်မှု ယမန်နှစ်က တစ်ဘီလီယံကျော်ရရှိခဲ့

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်နှင့် ဗိုလ်တထောင်စေတီတော်သို့ ပြည်ပမှ ဘုရားဖူး ဧည့်သည်များနှင့် နိုင်ငံခြားသားလေ့လာသူများ နှစ်စဉ်လာရောက်ကြလျက်ရှိရာ ယခုလို မိုးရာသီကာလ၌ပင် ဘုရားဖူးများ ဝင်ရောက်လျက်ရှိပြီး ထိုသို့ လာရောက်ဖူးမြော်သော ဘုရားဖူးများတွင် ထိုင်းနိုင်ငံမှ အများဆုံးလာရောက်လျက်ရှိရာ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်သို့ ယမန်နှစ်က ဘုရားဖူးလာရောက်သော ဝင်ငွေသည် ကျပ်တစ်ဘီလီယံကျော်ရရှိကြောင်း သိရသည်။

**ယမန်နှစ်က တစ်ဘီလီယံကျော်ရရှိ**

"အောက်တိုဘာကနေ ဇန်နဝါရီလက ခရီးသွားရာသီဖြစ်တဲ့အတွက် ဘုရားဖူးပိုပြီးဝင်ရောက်တတ်ပါတယ်။ အခုမိုးရာသီမှာလည်း ထိုင်းနိုင်ငံမှ ဘုရားဖူးတွေ တဖွဲဖွဲဝင်နေတာပါ။ ပွင့်လင်းရာသီလောက်တော့ မများဘူးပေါ့။ ရုံးပိတ်ရက်ဆိုရင် ပိုများတယ်။ ဇန်နဝါရီမှာ ၂၂၀၀၀၊ ဖေဖော်ဝါရီမှာ ၂၀၂၀၀၊ မတ်လမှာ ၂၁၅၉၅ ဦး၊ ဧပြီလမှာ ၁၃၂၆၇ ဦး၊ မေလမှာ ၂၂၈၅၇ ဦး စေတီတော်ကို ဝင်ရောက်ပါတယ်။ ခရီးသွားရာသီဆိုရင် တစ်ရက်ကို နိုင်ငံခြားခရီးသွား တစ်ထောင်နီးပါး လာလေ့ရှိပါတယ်။ တစ်ဦးကို ၆၀၀၀ ကျပ် ကောက်ခံပြီးတော့ ရေသန့်၊ စနိုးတာဝါဝန်ဆောင်မှုပေးပြီး ကင်မရာအခွန်ဆောင်စရာမလိုပါဘူး။ နောက်ဆိုရင် နိုင်ငံခြားခရီးသွားတွေအတွက် မန္တလေးမဟာမြတ်မုနိက သန့်စင်ခန်းတွေလို ရာဟုထောင့်မှာ သီးသန့်တည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ယမန်နှစ်က နိုင်ငံခြားသားလာရောက်တဲ့ ဝင်ငွေက ကျပ် တစ်ဘီလီယံကျော် ရရှိခဲ့ပါတယ်" ဟု ဗိုလ်တထောင်စေတီ ဂေါပကရုံးမှ ရုံးအဖွဲ့မှူး ဦးကျော်နိုင်ထွန်းက ပြောကြားသည်။

**ပြည်ပခရီးသွား ၂၂၀၀၀ ကျော်ဝင်ရောက်**

ယခုဇွန်လတွင် နိုင်ငံခြားခရီးသွားဝင်ရောက်မှုမှာ ငါးထောင်ကျော်ပြီဖြစ်ရာ ငွေကျပ် သိန်းပေါင်းသုံးထောင်ကျော် စေတီတော်မြတ်အတွက် ရရှိလျက်ရှိပြီး ယမန်နှစ်မေလထိ ပြည်ပခရီးသွား ၁၂၀၀၀ ဦးရေ ဝင်ရောက်ခဲ့ရာမှ ယခုနှစ် မေလထိ ၂၂၀၀၀ ကျော် ဝင်ရောက်လျက်ရှိရာ ဘုရားဖူးခရီးသွား ပိုမိုဝင်ရောက်လာလျက်ရှိကြောင်း ဂေါပကရုံးမှ သိရသည်။

**ဂျာမနီ အများဆုံးလာရောက်**

ဗိုလ်တထောင်စေတီတော်မြတ်သို့ ထိုင်းနိုင်ငံသား ဘုရားဖူးများ အများဆုံး ဝင်ရောက်လျက်ရှိပြီး ဗိုလ်တထောင်ဘိုးဘိုးကြီးနှင့် မြနန်းနွယ်ကို လာရောက်ဆုတောင်းသူ ပို၍များကာ ထိုင်းနိုင်ငံမှ အကြီးအကဲများ လာရောက်ကြသည့်အပြင် မြန်မာနိုင်ငံမှ အမည်ပေးထားသော ဝမ်းဘတ်မင်းသားနှင့် ထိုင်းနိုင်ငံမှ ဘောလုံးကလပ်အသင်းများလည်း ဗိုလ်တထောင်စေတီတော်မြတ်သို့ ယမန်နှစ်က လာရောက်ဖူးမြော် ဆုတောင်းခဲ့ကြောင်းနှင့် တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ကိုရီးယားဘုရားဖူးများနှင့် ဥရောပနိုင်ငံများမှ လာရောက်လေ့လာကြလျက်ရှိရာ ထိုသို့လေ့လာသောနိုင်ငံများတွင်လည်း ဂျာမနီနိုင်ငံမှ ခရီးသွားများ အများဆုံးဖြစ်ကြောင်း သိရသည်။

**သတင်း- သန်းထိုက်**

# ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားတယ်ဆိုသည့် အောင်လအန်ဆန်

ရန်ကုန် ဇွန် ၂၄

**ကမ္ဘာကျော် ONE Championship အားကစားသမား အောင်လအန်ဆန်အား မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်က ဇွန် ၂၃ ရက်တွင် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ ၁ ၌ ပြုလုပ်သည့် တစ်နှစ်တာအကောင်းဆုံးအားကစားသမားဆုပေးပွဲတွင် အားကစားဆိုင်ရာ ဆုတစ်ဆုဖြစ်သော Sport Personality Award ဆုချီးမြှင့်ခဲ့သည်။**


အောင်လအန်ဆန်နှင့် သူ၏အားကစားအဖွဲ့ကို တွေ့ရစဉ်။

အောင်လအန်ဆန်သည် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ ၁ ၌ ဂျပန်ကစားသမား ခန်ဟဆဲ့ ဂါဝါနှင့် ONE Championship ခါးပတ်လုပွဲကြီးအဖြစ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ မြန်မာစပါးအုံးဟု လူသိများသည့် အောင်လအန်ဆန်က ဆုချီးမြှင့်ပွဲတွင် သူ၏ပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုနှင့် မြန်မာအားကစားသမားများ စိတ်ဓာတ်မြှင့်တင်ရေးနှင့် ပတ်သက်၍ ယခုလို ပြောကြားခဲ့သည်။

"ဒီပွဲအတွက် ကျွန်တော်ပြင်ဆင်တာ ကိုးပတ်ရှိပြီ။ တစ်နေ့မှာ နှစ် section လေ့ကျင့်ပါတယ်။ တစ် section မှာ နှစ်နာရီ၊ သုံးနာရီလောက်ကြာတယ်။ section တစ်ခုမှပျက်ကွက်တာမရှိဘူး။ အကောင်းဆုံးလေ့ကျင့်တယ်၊ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဒီပွဲမှာ ယုံကြည်မှုက ၁၀၀ ရာခိုင်နှုန်းအပြည့်ရှိပါတယ်။ ကျွန်တော့်စိတ်မှာ ကျွန်တော်အကောင်းဆုံးကစားနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ အခုပြိုင်မယ့် ဂျပန်ပြိုင်ဘက်က ဂျူဒိုကောင်းမယ်၊ နပန်းအချုပ်မှာလည်း ကျွမ်းကျင်တယ်လို့ သိရပါတယ်။ အဲဒီအတွက် ပြင်ဆင်ထားပါတယ်။ သိပ်များများ ပြောမပြချင်ဘူး၊ လာကြည့်တဲ့အခါကျ သိရပါလိမ့်မယ်။ ဘယ်လိုကစားမလဲဆိုတာ Game Plan ချထားတာတွေ့ရမှာ ဖြစ်ပါတယ်။

"အခုကစားမယ့်ပွဲမှာ ပထမအချီနဲ့ ပြီးမယ်လို့ ထင်မထားပါဘူး။ ဒုတိယနဲ့ တတိယအချီလောက်အထိ ကစားရမယ်လို့ယုံကြည်ထားပါတယ်။ မြန်မာပြည်သူတွေရဲ့အားပေးမှုလည်း လိုလားပါတယ်။ အားလုံးကိုချစ်တယ်၊ အားလုံးကို လေးစားတယ်၊ မြန်မာပရိသတ်အားလုံးကိုလည်း ဘုရားသခင်ကောင်းချီးပေးပါစေလို့ ဆုတောင်းပေးပါတယ်။ စိန်ခေါ်တဲ့ ပြိုင်ဘက်တိုင်းကို အနိုင်ကစားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကမ္ဘာမှာအကောင်းဆုံးမစ်ဒယ်ဝိတ်တန်း ကစားသမားဖြစ်အောင်ကြိုးစားထားပါတယ်။ ကျွန်တော့်ရဲ့ပြိုင်ပွဲတွေဟာ မြန်မာပြည်မှာ ကစားလို့နိုင်တယ်လို့မထင်ပါဘူး။ အဲဒီလိုအယူအဆလည်းမရှိပါဘူး။ ကြိုးစားမှုနဲ့ ကြိုတင်ပြင်ဆင်မှုတွေကြောင့် အနိုင်ရတယ်လို့ယုံကြည်ပါတယ်။ ဒီလိုကြိုးစားမှုနဲ့ ပြင်ဆင်မှုတွေ အားကောင်းလာအောင်လုပ်ပေးလိုက်တာကတော့ မြန်မာပြည်သူတွေရဲ့အားပေးမှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့် သောကြာနေ့မှာအနိုင်ကစားမယ်လို့ ကတိပေးပါတယ်" ဟု ဆိုသည်။

အောင်လအန်ဆန်က မြန်မာအားကစားသမားများကိုလည်း ယခုလို အားပေးစကား ပြောကြားခဲ့သည်။

"လူတစ်ယောက်က အောင်မြင်မှုကိုလိုချင်ရင် အလွန်ကြိုးစားရပါတယ်။ အားကစားလေ့ကျင့်ဖို့ ဘယ်လို ဆင်းရဲဆင်းရဲ အခြားပြိုင်ဘက်လို ခန္ဓာကိုယ်မကြီးထွားပေမယ့် စိတ်ဓာတ်ကျစရာမလိုပါဘူး။ အောင်မြင်မှုကိုလိုချင်ရင် ပြင်းပြင်းထန်ထန် ကြိုးစားရပါတယ်။ ကောင်းကောင်းမွန်မွန်စားမယ်၊ ကောင်းကောင်းမွန်မွန်နားမယ်၊ ပြီးတော့ အသေအချာလေ့ကျင့်မယ်။ နောင် ငါးနှစ်ကျော်ရင် ကျွန်တော်က ကစားလို့မရတော့ဘူး။ အဲဒီအတွက် မြန်မာပြည်က လူငယ်မျိုးဆက်သစ်ကစားသမားတွေကို လေ့ကျင့်ပေးသွားချင်တယ်။ လူငယ်တွေအနေနဲ့ တကယ်ကြိုးစားမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ ဘယ်အားကစားမဆို မကြိုးစားရင် မဖြစ်နိုင်ပါဘူး။

"အားကစားသမားတိုင်းဟာ ပန်းတိုင်ကအရေးကြီးပါတယ်။ အိုလံပစ်မှာ ရွှေတံဆိပ်လိုချင်တာလား၊ ဒါမှမဟုတ် ဆီးဂိမ်းမှာ ရွှေတံဆိပ်ရချင်တာလား၊ ဘယ်လိုမျိုးပန်းတိုင် လိုချင်သလဲဆိုတာ ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ်ရပါမယ်။ ပြီးရင် ပြင်းပြင်းထန်ထန်ကြိုးစားတဲ့ အလုပ်ကိုလုပ်ရမှာဖြစ်ပါတယ်။ ပန်းတိုင်မရှိရင် အောင်မြင်မှုရမှာ မဟုတ်ပါဘူး။ ကျွန်တော့်အတွက်ကတော့ ပန်းတိုင်က အင်မတန်မှ အရေးကြီးပါတယ်။

"ဒီနှစ်ထဲမှာ ဘယ်လိုမျိုးပန်းတိုင် လိုချင်သလဲ၊ စဉ်းစားဆုံးဖြတ်ရပါမယ်။ တကယ်လို့ ပန်းတိုင်မရောက်ခဲ့ရင် ဘာကြောင့်မရောက်တာလဲ၊ ဘာတွေပြင်ဆင်ဖို့လိုအပ်သလဲ၊ ဘာတွေမှားနေသလဲ ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ လိုအပ်တာတွေပြင်ဆင်ပြီး လေ့ကျင့်ရပါမယ်။ နည်းစနစ်ကောင်းတွေ၊ နည်းပြကောင်းတွေရှာဖွေရပါမယ်။ ကိုယ်ကစားတဲ့အားကစားကို အထူးကျွမ်းကျင်ဖို့လိုပါတယ်။ နည်းစနစ်ကောင်းတွေလည်း လိုပါတယ်။ လာမယ့် သောကြာနေ့မှာတော့ ကျွန်တော့်ရဲ့ပွဲကို ကြည့်ရှုအားပေးကြပါဦး။ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# (၆)ကြိမ်မြောက် မြန်မာ့ဂီတနေ့အခမ်းအနားကို ဇွန် ၂၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၄**

နိုင်ငံလုံးဆိုင်ရာ မြန်မာ့ဂီတနေ့ကို လာမည့် ဇွန် ၂၇ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း၌ ကျင်းပသော မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံဂီတအစည်းအရုံး၏ (၆) ကြိမ်မြောက် အကြို မြန်မာ့ဂီတနေ့ အခမ်းအနားမှသိရသည်။

"မြန်မာနိုင်ငံမှာ နေ့ကြီး၊ ရက်ကြီးတွေ၊ အထိမ်းအမှတ်နေ့တွေ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ပတ်သက်တဲ့ နေ့တွေ အများကြီးရှိပါတယ်။ ဒီအပေါ်မှာ အနုပညာနဲ့ပတ်သက်ပြီး စာဆိုတော်နေ့၊ ရုပ်ရှင်နေ့ဆိုတာတွေရှိတယ်။ အနုပညာစွမ်းအားရှိတဲ့ ဂီတကျတော့ အထိမ်းအမှတ်နေ့မရှိဘူး ဖြစ်နေတယ်။ ဒါကို အသိအမှတ်ပြုစေဖို့ပါ။ ဂီတပညာရှင်တွေစုရုံးပြီး တိုင်ပင်ခဲ့တယ်။ အဲဒီမှာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ပြည်သူလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ပြီး တိုက်ပွဲဝင်ခဲ့တဲ့ လွတ်လပ်ရေးကိုအကြောင်းပြုပြီး နိုင်ငံတော်သီချင်းအစ အမျိုးသားသီချင်း ဒို့ဗမာဟာ ဒို့ဗမာ အစည်းအရုံးကနေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီသီချင်းကို YMBA က ဆရာတင် ရေးသားခဲ့တာပါ။ ၁၉၃၆ ခုနှစ် ဇွန် ၂၇ ရက်မှာ ဒီသီချင်းကို နိုင်ငံတော်သီချင်းအဖြစ် ဆုံးဖြတ်ခဲ့တယ်။ အဲဒီလို ဂီတပညာရှင်ကြီးတွေရဲ့အမွေကိုယူတဲ့အနေနဲ့ ဂီတပညာရှင်တွေရဲ့ အကြံဉာဏ်ကိုရယူပြီး ၂၀၁၃ ခုနှစ် ဇွန် ၂၇ ရက်နေ့ကနေစပြီး မြန်မာ့ဂီတနေ့အဖြစ် ဆောင်ရွက်ခဲ့တာ အခုဆို ခြောက်နှစ်ရှိလာပြီ။ ဂီတသမားတွေအနေနဲ့ ကိုယ့်ဂီတကိုယ့်နေ့ကို ကိုယ်ရေးနေတယ်ဆိုတာ အများပြည်သူသိစေဖို့၊ နိုင်ငံတော်ကလည်း သိစေဖို့ ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောသည်။

ယခုအခါတွင် ၂၀၁၃ ခုနှစ်မှစတင်ကာ မြန်မာ့ဂီတနေ့အခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့နယ်များအလိုက် ဇွန် ၁၆ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိကြောင်းသိရသည်။ မြို့နယ်အဆင့် မြန်မာ့ဂီတနေ့အခမ်းအနားများတွင် နာမည်ကြီးဂီတပညာရှင်များ၏ အဆို၊ အက၊ တေးသရုပ်ဖော်များ၊ မြန်မာ့ဂီတသီချင်းများကို ယိမ်းအကများဖြင့် တွဲဖက်ကာ ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။ ယင်းဂီတနေ့အခမ်းအနားများတွင် မျိုးဆက်သစ်လူငယ်မောင်မယ်များ၏ မြန်မာသံစဉ်တေးသီချင်းများကို ဦးစားပေးသီဆိုဖျော်ဖြေကြကြောင်း သိရသည်။ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် ဇွန် ၂၇ ရက်တွင် နိုင်ငံတော်အဆင့်အနေဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံးမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

◆ *ကျောဖုံးမှ*

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအရိုင်းနှင့် ကျောက်စိမ်းအချောထည် အတွဲစုစုပေါင်း ၆၇၉၅ တွဲ ခင်းကျင်းပြသထားကာ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲသို့ ပြည်တွင်း ကျောက်စိမ်း၊ ကျောက်မျက် အချောထည်ပစ္စည်း ဆိုင်ခန်းပေါင်း ၄၀ ကျော် လာရောက်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ကျောက်မျက်ရတနာသင်တန်းကျောင်း(နေပြည်တော်)မှ သင်တန်းသား၊ သင်တန်းသူများ၏ ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်းအချောထည်ပစ္စည်းအပြင် ကနုကမာအချောထည်လက်မှုပစ္စည်းများကိုလည်း ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

ကျောက်စိမ်းအတွဲအမှတ်(၁၁၅၁)မှ(၂၃၀၀)အထိ တင်ဒါအောင်စာရင်းကို ဇွန် ၂၅ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲအမှတ် (၂၃၀၁)မှ (၃၄၅၀) အထိကို ဇွန် ၂၆ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ်(၃၄၅၁)မှ (၄၆၀၀)ထိကို ဇွန် ၂၇ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ် (၄၆၀၁)မှ (၅၇၅၀)အထိကို ဇွန် ၂၈ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၅၇၅၁)မှ (၆၇၉၅)ထိကို ဇွန် ၂၉ ရက်တွင် လည်းကောင်း တင်ဒါအောင်စာရင်းများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။


ကျောက်မျက်ကုန်သည်တစ်ဦး စျေးနှုန်းအဆိုပြုလွှာကို တင်ဒါပုံးအတွင်း ထည့်သွင်းစဉ်။

**မျိုးမြင့် (သတင်းစဉ်)**


ဇွန် ၂၃ ရက်က ရန်ကုန်မြို့ ကျောက်မြောင်း၌ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ခြင်းလုံး အားကစားနည်းဖြင့် သရုပ်ပြနေစဉ်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

နေပြည်တော်အားကစားလေ့ကျင့်ရေးရုံ၌ စခန်းတွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်ကာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေခြောက်ခု၊ ၂၀၁၅ ခုနှစ် ဆီးဂိမ်းတွင် ရွှေနှစ်ခု၊ ၂၀၁၇ ခုနှစ် ဆီးဂိမ်းတွင် ရွှေနှစ်ခုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော အားကစားနည်းဖြစ်ကြောင်း သိရသည်။ **အေကေလင်း**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်

Listen FIRST
Listening to children and youth is the first step to help them grow healthy and safe
"ဦးစွာနားထောင်ပါ"

# သက်ကြီးအားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပူးပေါင်းကူညီမှုဖြင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အသက် ၇၀ နှင့်အထက် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား သတ္တမအကြိမ်မြောက် ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ (၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအားကစား မီဒီယာများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမိုးကျော် (စိုးမိုး IBC)က ကန်တော့ပွဲအခမ်းအနားကျင်းပရခြင်းနှင့် အားကစားကလောင် ရှင်ကြီးများအကြောင်း မိတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နှင့်တာဝန်ရှိသူများက လက်အုပ်ချီမိုး၍ ကန်တော့ကြပြီး ကန်တော့ခံဆရာကြီးများအား ကန်တော့ပစ္စည်းများပေးအပ်လှူဒါန်းပြီး ဆရာကြီး တက္ကသိုလ်စိုးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။

ဆက်လက်၍ ကန်တော့ခံဆရာကြီးများတွင် မိုးမိုး တာရောစံ၊ မောင်ဗမာစိန်မောင်၊ မောင်ရဲဝင်း၊ တက္ကသိုလ် ကိုကိုကြီး၊ ဗဟိုသိမ်းဆောင်၊ တက္ကသိုလ် စိုးဝင်း၊ ဘာမထိ ခင်အောင်၊ လှထွန်းဦး (လယ်/ဆည်)၊ ဂိုးတင်အောင်၊ စိုးမှူး၊ ဝင်းလွင်အောင်၊ တက္ကသိုလ် မောင်ရဲ၊ ဟန်လင်းအောင်၊ ဘဘုန်း၊ တက္ကသိုလ် ကျော်စိန်သန်း၊ သီဟညွန့်တင် (လသာ)၊ ရဲထွဋ်၊ ကျော့မောင် (မင်္ဂလာတောင်ညွန့်)၊ နီနီဦး၊ လေးကိုကို၊ တင်မောင် (မိုးသောက်ကြယ်)နှင့် မြင့်ဆွေမြင့် အမည်ရအားကစားကလောင်ရှင်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-မြင့်မောင်**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၀၃) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကို ယမန်နေ့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှေ့၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တက္ကန္ဒာဝုဓနှင့် သံဃာတော်ကိုးပါး၊ နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်မှ သံဃာတော် ကိုးပါး ပေါင်း သံဃာတော် ၁၉ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ တပ်နယ်ဝတ်အသင်းများ တက်ရောက်ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ကြသည်။

ထို့အပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါကြောင်း သိရသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

# ရခိုင်ပြည်နယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရာ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)

ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) မှာ စစ်တွေမြို့အတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်သကဲ့သို့ ရခိုင်ပြည်နယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရာ ဘူမိနက်သန် နေရာကြီးလည်း ဖြစ်ပြီး ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)ကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်က ကွန်ပျူတာကောလိပ်(စစ်တွေ) အဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

၂၀၀၁ ခုနှစ် ဧပြီလတွင် အစိုးရနည်းပညာကောလိပ် (စစ်တွေ) ဝင်းအတွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ယခုဖွင့်လှစ်ထားရှိသည့် ပင်မကျောင်းဆောင်ကြီးမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်က ကွန်ပျူတာ တက္ကသိုလ်(စစ်တွေ) အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် နိုင်ငံတော်မှ ခွင့်ပြုချက်ရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) သည် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ပြည်ထောင်စုလမ်းမကြီးတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၄ ဒသမ ၈၉၄ ဧကကျယ်ဝန်းသည်။ ပင်မဆောင်ကြီးသည် အကျယ်အဝန်းအားဖြင့် ပေ ၂၆၀၊ ပေ ၁၃၀ လေးထပ်အဆောက်အအုံကြီးဖြစ်ပြီး လက်ရှိအချိန်တွင် ကွန်ပျူတာဘာသာရပ် လက်တွေ့သင်ကြားရေးအခန်း သုံးခန်း၊ Language Lab နှစ်ခန်း၊ Physics Lab တစ်ခန်းနှင့် Hardware Lab တစ်ခန်းဖြင့် ကျောင်းသား ကျောင်းသူများကို သင်ကြားပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကွန်ပျူတာသိပ္ပံသင်တန်းနှင့် ကွန်ပျူတာနည်းပညာသင်တန်းများကို ပထမနှစ်မှ ပဥ္စမနှစ်အထိ သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၃၁၃ ဦး တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။ သင်ကြားတတ်မြောက်မှုအပေါ် မူတည်ပြီး မဟာသိပ္ပံဘွဲ့၊ ကွန်ပျူတာမဟာသိပ္ပံဘွဲ့ လေးမျိုး၊ ကွန်ပျူတာတက္ကသိုလ် ဒီပလိုမာဘွဲ့လွန်နှင့် ကွန်ပျူတာဘာသာရပ်ဆိုင်ရာ ဘွဲ့ကြိုဘွဲ့များ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သတ်မှတ် အရည်အချင်း ပြည့်မီသူ ကျောင်းသားကျောင်းသူများ တက်ရောက်ခွင့်ရှိပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ရမှတ်စုစုပေါင်း ၃၆၀ နှင့်အထက် ရရှိသူ ကျောင်းသား ကျောင်းသူ ၁၅၀ အား လက်ခံ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)တွင် တက်ရောက်နေသော ကျောင်းသားကျောင်းသူများအား စာမေးပွဲစစ်မေးပြီး အအောင် အရှုံးဆုံးဖြတ်သည့် စနစ်မှ သင်ကြားရမည့် သင်ခန်းစာများအပေါ်တွင် အပိုင်းလိုက်၊ အခန်းလိုက် မိမိတို့အားသာသလိုလေ့လာပြီး လေ့လာမှုများအပေါ်တွင် စဉ်ဆက်မပြတ်အကဲခတ်၍ အမှတ်ပေးသည့် Credit စနစ်သို့ တဖြည်းဖြည်း ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။ Credit စနစ်ကျင့်သုံးခြင်းဖြင့် ကျောင်းသားကျောင်းသူများ၏ တတ်မြောက်မှုလည်း ပိုမိုမြင့်မားလာပြီး ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်မှု၊ ကြိုးစားအားထုတ်မှုကောင်းမွန်မှုတို့အပေါ် မူတည်ပြီး အချိန်တိုအတွင်း သက်ဆိုင်ရာဘွဲ့အသီးသီးကို ရယူနိုင်ကြမည် ဖြစ်သည်။



ဒေါက်တာဇော်ထွန်း



(ကွန်ပျူတာသိပ္ပံ) သင်တန်း
မောင်သင်းမြတ်ငြိမ်း

"ကျွန်တော်က တောင်ကုတ်ကနေ လာတက်တာပါ။ ကွန်ပျူတာတက္ကသိုလ်ကို တက်ဖြစ်ရတဲ့ အကြောင်းကတော့ ၂၁ ရာစုမှာ ကွန်ပျူတာပညာရပ်တွေဟာ မတတ်မဖြစ် တတ်ထားသင့်တယ်လို့ ထင်လို့ပါ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း များစွာ အထောက်အကူပြုမယ်လို့ ခံယူထားပါတယ်။ အဓိကအကြောင်းကတော့ ကွန်ပျူတာဘာသာရပ်အပေါ် ကိုယ်တိုင်လည်း စိတ်ဝင်စားလို့ပါ။ ကျွန်တော်တို့ တက္ကသိုလ်မှာ သင်ကြားရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းတွေလည်း ပြည့်စုံလုံလောက်မှုရှိပါတယ်။ သင်ကြားပေးတဲ့ ဆရာ ဆရာမတွေကလည်း အရည်အချင်းပြည့်ဝတဲ့ ဆရာ ဆရာမတွေဖြစ်တဲ့အတွက် ဒီတက္ကသိုလ်မှာ တက်ခွင့်ရတာ ဂုဏ်ယူကျေနပ်မိပါတယ်" ဟု စတုတ္ထနှစ် (ကွန်ပျူတာသိပ္ပံ) သင်တန်းတက်ရောက်နေသူ မောင်သင်းမြတ်ငြိမ်းက ပြောသည်။

ကွန်ပျူတာတက္ကသိုလ်များသို့ တက်ရောက်ရန် လျှောက်ထားကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်တိုင် ကွန်ပျူတာဘာသာရပ်အပေါ်တွင် စိတ်ဝင်စားမှုရှိမှ လျှောက်ထားစေလိုကြောင်း၊ ကွန်ပျူတာ တက္ကသိုလ်များတွင် ကွန်ပျူတာပညာများတက်ရောက်သင်ကြားခဲ့ပြီး လုပ်ငန်းခွင်အတွင်း ဝင်ရောက်ကြမည့် သူငယ်ချင်းများကိုလည်း မိမိတတ်မြောက်ထားသည့် ပညာရပ်များကို အဆုံးစွန်အထိ အသုံးပြုပြီး စဉ်ဆက်မပြတ် လေ့လာနေခြင်းဖြင့် မိမိဘဝအတွက်ရော တိုင်းပြည်အတွက်ပါ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ရခိုင်ပြည်နယ်တွင် ကွန်ပျူတာနှင့်ပတ်သက်သည့် လုပ်ငန်းများတွင် ကျယ်မှုမရှိသေးသဖြင့် ကွန်ပျူတာလုပ်ငန်းများ တွင်ကျယ်နေပြီဖြစ်သော မြို့ကြီးများသို့ သွားရောက်လုပ်ကိုင်၍ လုပ်ငန်းအတွေ့အကြုံယူကာ ရခိုင်ပြည်နယ်သို့ ပြန်လာပြီး ကွန်ပျူတာနှင့်ပတ်သက်သည့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"ကျွန်တော်တို့ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)ကို ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လူငယ်တွေ အဆင့်မြင့် ကွန်ပျူတာပညာရပ်တွေဖြစ်တဲ့ Hardware နဲ့ Software များ တီထွင်တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနဲ့ အသုံးပြုခြင်းတွေကို လက်တွေ့လုပ်ဆောင်နိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေ မွေးထုတ်ပေးနိုင်ဖို့၊ အဆင့်မြင့် ပညာရပ်တွေကိုအသုံးပြုပြီး နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်မှာရှိတဲ့ဌာနဆိုင်ရာတွေမှာ ကွန်ပျူတာအသုံးပြုတဲ့ ဝန်ထမ်းတွေရဲ့ အရည်အသွေး မြှင့်တင်ဖို့အတွက် ကျွန်တော်တို့ ကွန်ပျူတာတက္ကသိုလ်က သင်တန်းတွေ ဖွင့်လှစ်ပြီး ကူညီဆောင်ရွက်ပေးပါတယ်"ဟု ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) မှ ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်းက ပြောသည်။

ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်အတူ ဒေသခံတိုင်းရင်းသားများအဆင့်မြင့် ကွန်ပျူတာပညာရပ်များကို လွယ်ကူစွာ သင်ယူလေ့လာနိုင်ပြီး တတ်မြောက်လာသည့် ပညာရပ်များနှင့်အတူ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြမည့် ပညာရှင်အရင်းအမြစ်များ မွေးထုတ်ပေးရာ တက္ကသိုလ်ကြီးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**အောင်သူရ၊ ဟန်လင်းနိုင်**



ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)၌ ကျောင်းသား ကျောင်းသူများ သင်ယူနေမှုကို တွေ့ရစဉ်။

## ဒိုက်ဦး၌ မျက်စိအခမဲ့ ခွဲစိတ်ကုသပေး

**ဒိုက်ဦး ဇွန် ၂၄**

(၂၂)ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား (အခမဲ့)ခွဲစိတ်ခြင်းကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ် ၅ ရပ်ကွက် ဇမ္ဗူရတနာ ကျောင်းတိုက်အတွင်းရှိ ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ဇမ္ဗူရတနာစက္ခုဒါန ပရဟိတ(အခမဲ့) မျက်စိခွဲစိတ်ခန်း၌ ယမန်နေ့က စတင်ပြုလုပ်ကြောင်း သိရသည်။ အဆိုပါ ခွဲစိတ်ရာသို့ ရန်ကုန်မြို့ မျက်စိအထူးကု ဒေါက်တာဌေးဌေးလွင် ဦးဆောင်သောအဖွဲ့က မြို့နယ်အတွင်းရှိ ယခင်အပတ်က စမ်းသပ်၍ ခွဲစိတ်ရန်လိုအပ်သော မျက်စိရောဂါဝေဒနာရှင် ၇၀ အား (အခမဲ့)ခွဲစိတ်၍ တစ်လစာဆေးဝါး၊ မျက်စဉ်းနှင့် မျက်မှန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့ကျန်းမာရေးအတွက် ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ

*တက္ကသိုလ်ဇော်ထူးဦး*

အသိပညာပြန့်ပွားရေး ဆောင်ရွက်နေသူများ၊ သတင်းနှင့်ဆောင်းပါးရေးသား ထုတ်လွှင့်နေသူများနှင့် မီဒီယာများအတွက် အရေးကြီးသောအကြောင်းအရာများစွာ အနက် အချက်အလက်၊ အသုံးအနှုန်း မှန်ကန်တိကျမှုမှာ အရေးကြီးသည်။ အထူးသဖြင့် လုပ်ငန်းဆိုင်ရာများ၊ ဘာသာရပ်ဆိုင်ရာများကို ရေးသားကြရာတွင် မှန်ကန်သောအသုံး အနှုန်းဝေါဟာရများ ဖြစ်ရန်လိုသည်။ ခေတ်ကာလအလျောက် ဝေါဟာရအသစ်အဆန်း များ၊ အကြောင်းအရာအသစ်အဆန်းများ အခေါ်အဝေါ်များစွာ ပေါ်ပေါက်နေသည်။ သို့အတွက် လူထုအားအသိပညာပေးဆောင်ရွက်နေကြသူများ၏ ရေးသားဖော်ပြချက်၊ ဟောပြောချက်များသည် စာဖတ်သူ၊ နားထောင်ကြည့်ရှုသူများအတွက် လွဲမှားသော အသိနှင့် အမူအကျင့်များ မဖြစ်စေရန် သတိပြုရမည်ဖြစ်သည်။

**အသိပညာပေးရာတွင် အထောက်အကူပြု**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြည်သူလူထုကို အသိပညာပေးရာတွင် အထောက်အကူပြုရမည့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ (Standardized Health Messages) စာအုပ်ကို ထုတ်ဝေလိုက်သည်။ အဆိုပါ စာအုပ်သည် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူလူထုအတွင်း ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သော်လည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်ရေးအစီအစဉ်များကို လုပ်ကိုင်နေကြသော လူထုအခြေပြုအသင်းအဖွဲ့များ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် သတင်းဆောင်းပါးရေးသားနေသူများ၊ သတင်းမီဒီယာများအတွက် လက်ကိုင်ပြု ကိုးကားရမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာပါက ရောဂါဖြစ်ပွားမှုများကို ကြိုတင်ကာကွယ်နိုင်မည်။ ဆေးရုံဆေးခန်းများသို့ တက်ရောက်ကုသမှုများ လျော့နည်းသွားမည်။ ဆေးရုံတက်လူနာလျော့နည်းလာသည်နှင့်အမျှ ကုသရေးစောင့်ရှောက်မှုအရည်အသွေး တိုးတက်လာနိုင်မည်။ နိုင်ငံတော်အစိုးရ၏ ငွေကြေးကုန်ကျမှု နည်းပါးသွားမည်။ ဆေးရုံတက်ရောက်ကုသရသည့်အတွက် လူမှုစီးပွားရေးအခက်အခဲများ လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း စာအုပ်ဥယျောဇဉ်တွင် ရေးသားထားသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးကဏ္ဍ (Public Health) တိုးတက်မှသာ ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်နိုင်မည်။ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ရေး (Health Literacy Promotion) အတွက် ကိုးကားမှီငြမ်းနိုင်မည့်စာအုပ်ဖြစ်ကြောင်းနှင့် စာအုပ်ကို မိုဘိုင်းတယ်လီဖုန်း၊ Tablet များတွင် ထည့်သွင်း၍ အခြေခံကျန်းမာရေးဝန်ထမ်းများ လွယ်ကူစွာ သယ်ယူအသုံးပြုနိုင်ရန် စီစဉ်ထားသည်ဟုဆိုသည်။

**အကြောင်းအရာအစုံပါဝင်**

ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များစာအုပ်တွင်အပိုင်း ၁၂ ပိုင်းပါဝင်သည်။ မွေးကင်းစနှင့်ကလေးကျန်းမာဖွံ့ဖြိုးရေး၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး၊ ဆယ်ကျော်သက်လူငယ်ကျန်းမာဖွံ့ဖြိုးရေး၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ ကူးစက်နိုင်သောရောဂါများ၊ မကူးစက်နိုင်သောရောဂါများ၊ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုဘဝပုံစံများ၊ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှု၊ သဘာဝဘေးအန္တရာယ် အထွေထွေစသည်ဖြင့် အကြောင်းအရာအစုံ ပါဝင်သည်။

အဆိုပါအကြောင်းအရာများတွင် ကူးစက်နိုင်သောရောဂါများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင်ကြုံတွေ့ခဲ့ဖူးသည့် ပြင်းထန်သောဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ)၊ တီဘီရောဂါ၊ အေအိုင်ဒီအက်စ် (ခုခံအားကျဆင်းမှုကူးစက်ရောဂါ)၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဇီကာရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ခွေးရူးပြန်ရောဂါ၊ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ(မားစ်) ကူးစက်မြန်ရောဂါ၊




> "ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို တစ်နိုင်ငံလုံးတစ်ပြေးညီ စံထားအသုံးပြုနိုင်ရန် ရည်ရွယ်လျက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲနှင့် ဗဟိုအဆင့်စီမံချက်အသီးသီးတို့၏ ပူးပေါင်းကြိုးပမ်းမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၏ ဖြည့်စွက်အကြံပြုချက်များကို ရယူကာ UNICEF အဖွဲ့၏ ပံ့ပိုးမှုဖြင့် ထုတ်ဝေ"

ကူးစက်မြန်ပြင်းထန် ဦးနှောက်အမြှေးရောင်ရောဂါ၊ လက်ပ်တိုစပိုင်ရိုးစစ်ရောဂါ၊ ပလိပ်ရောဂါ၊ အနာကြီးရောဂါ၊ အသည်းရောင်အသားဝါ (အေ၊ ဘီ၊ စီ၊ အီး) ရောဂါများ၊ ရာသီတုပ်ကွေးရောဂါ၊ မျက်မြေးရောင်ရောဂါ၊ မျက်စိနာရောဂါစသည်ဖြင့် ရောဂါ ၂၂ မျိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရောဂါလက္ခဏာ၊ ကူးစက်နိုင်သည့်နည်းလမ်း၊ ကာကွယ်နိုင်မည့်နည်းလမ်းများကို ရှင်းလင်းသောအသုံးအနှုန်းများဖြင့် ဖော်ပြထားသည်။

**ကာကွယ်ကုသရေးနည်းလမ်းများ**

ထို့အပြင် မကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ ကင်ဆာရောဂါများ (သားအိမ်ခေါင်းကင်ဆာရောဂါ)၊ ခံတွင်းကင်ဆာရောဂါ၊ အဆုတ်ကင်ဆာရောဂါ၊ ရင်သားကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ပွ လေပြွန်ကျဉ်းရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ စိတ်ကျန်းမာရေး၊ အတက်ရောဂါ၊ နားလေးရောဂါ၊ မြွေအန္တရာယ်၊ မတော်တဆဖြစ်ခြင်းနှင့် ထိခိုက်မှုအန္တရာယ်၊ အရက်စွဲအန္တရာယ်၊ ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်များ၏ အဓိပ္ပာယ်ဖော်ပြချက် ဖြစ်ပွားရခြင်းအကြောင်းအရင်း၊ ရောဂါလက္ခဏာ၊ ကာကွယ်ကုသရေးနည်းလမ်းများကို ဖော်ပြထားသည်။

ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများနှင့် ပတ်သက်၍ ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်၊ သန့်ရှင်းသောလက်၊ သန့်ရှင်းသောသောက်သုံးရေသုံးစွဲရေး၊ အစားအစာသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကိုယ်လက်လှုပ်ရှား အားကစားကဏ္ဍများ ပါဝင်သည်။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ဘေးအန္တရာယ်အမျိုးအစားများ၊ ဘေးအန္တရာယ်များနှင့်ကျန်းမာရေးပြဿနာ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေး၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ်စသည်ဖြင့် ဖော်ပြထားသည်။

အထွေထွေကဏ္ဍတွင်မူ သွားနှင့် ခံတွင်းကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကိုဘေးအန္တရာယ် ကင်းရှင်းစွာအသုံးပြုခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စားသုံးရာတွင်အန္တရာယ်ကင်းစေရေး၊ အစာအဆိပ်သင့်ခြင်း၊ ပြဒါးဓာတ်အဆိပ်သင့်ခြင်း၊ ခဲဆိပ်အန္တရာယ်နှင့် အာဆင်းနစ်အန္တရာယ်စသည့် အကြောင်းအရာများ ပါဝင်သည်။

**UNICEF အဖွဲ့၏ပံ့ပိုးမှုဖြင့်ထုတ်ဝေ**

ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို တစ်နိုင်ငံလုံးတစ်ပြေးညီ စံထားအသုံးပြုနိုင်ရန်ရည်ရွယ်လျက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲနှင့် ဗဟိုအဆင့်စီမံချက်အသီးသီးတို့၏ ပူးပေါင်း ကြိုးပမ်းမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၏ ဖြည့်စွက်အကြံပြုချက်များကိုရယူကာ UNICEF အဖွဲ့၏ပံ့ပိုးမှုဖြင့် ထုတ်ဝေကြောင်း သိရသည်။

ရောဂါများနှင့်ပတ်သက်၍လည်းကောင်း၊ ရောဂါလက္ခဏာ၊ ကူးစက်ပုံကူးစက်နည်း၊ ကာကွယ်ခြင်းကုသခြင်းတို့နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူလူထုအားအသိပညာ ပေးရာတွင်လည်းကောင်း၊ ရေးသားဖော်ပြထုတ်လွှင့်ရာတွင် လည်းကောင်း၊ အချက်အလက်များ တိကျခိုင်မာပြီး မှားယွင်းမှုမရှိစေရန်အတွက် ဤစာအုပ်သည် ရည်ညွှန်းကိုးကားစရာ စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း။ ။

---

# တွံတေးမြို့နယ် ဘုရားငုတ္တို-ပျော်ဘွယ်လေး လမ်းဘေးဝဲယာမြောင်းကို ပြန်လည်တူးဖော်ရန် ရန်ပုံငွေတောင်းခံ၍ လုပ်ငန်းများဆောင်ရွက်ပေးမည်

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားငုတ္တို-ပျော်ဘွယ်လေး လမ်းဘေးဝဲယာမြောင်းမှာ ရေစီးရေလာရှိနေပြီး တူးဖော်ဆောင်ရွက်ရမည်ဆိုပါက ဒေသတွင်း ဦးစွာရှင်းလင်းညှိနှိုင်းဆောင်ရွက်ပြီးမှ တိုင်းဒေသကြီးအစိုးရထံသို့ ရန်ပုံငွေတင်ပြတောင်းခံကာ လုပ်ငန်းများဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ဇွန် ၂၁ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်ဦးနေနိုင်ဦး၏ တွံတေးမြို့နယ်ရှိ ဘုရားငုတ္တို- ပျော်ဘွယ်လေး လမ်းဘေးဝဲယာမြောင်းကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ မရှိကို သိရှိလိုကြောင်း မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က "ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာမှ စတင်ပြီး ရန်ကုန်ပေါက်၊ ပိတ်စွယ်ကျေးရွာများကို ဖြတ်သန်းပြီး ပျော်ဘွယ်လေး ကျေးရွာအထိ ဘုရားငုတ္တို- ပျော်ဘွယ်လေး လမ်းဘေးဝဲယာရေမြောင်းကြီး တစ်ခုတည်ရှိပါတယ်။ အဆိုပါမြောင်းကြီးဟာ ကံဘဲ့- ဒလကားလမ်းမှ အပြိုင်တည်ရှိပြီး ဆည်မြောင်းဦးစီးဌာနက တူးဖော်ထားတဲ့ မြောင်းတစ်ခုလည်းဖြစ်ပါတယ်၊ တွံတေးတူးမြောင်းက ရေများဟာ ရန်ကုန်ပေါက်ချောင်းနဲ့ ဘုရားငုတ္တိုချောင်းတို့မှ တစ်ဆင့်ဝင်ရောက်လာပြီး အဆိုပါ မြောင်းမှတစ်ဆင့် ပတ်ဝန်းကျင်ကျေးရွာများသို့ စိုက်ပျိုးရန်နှင့် သုံးစွဲရန်ရေများကို ရရှိစေပါတယ်။ မိုးတွင်းကာလ မိုးများသည့်ရက်များမှာ လယ်ကွင်းများမှ ရေများကို အဆိုပါမြောင်းမှ ပြန်လည်ရေထုတ်ပေးလျက်ရှိနေပါတယ်။ ယခုအခါ အဆိုပါမြောင်းကို လမ်းဘေးဝဲယာအိမ်များမှ မြေဖို့၍ အိမ်ဝင် အိမ်ထွက်လမ်းများ ပြုလုပ်ထားခြင်း၊ မြောင်းကောခြင်းများကြောင့် ရေများစီးဆင်းနိုင်ခြင်း မရှိတော့ပါဘူး။ အဆိုပါ မြောင်းပေါ် ကျူးကျော်ပိတ်ဆို့ပြီး အိမ်များ၊ ဈေးဆိုင်များ ဆောက်လုပ်ထားတာကို တွေ့ရှိနေရပါတယ်။ ရေများစီးဆင်းနိုင်ခြင်း မရှိတာကြောင့် လယ်ကွင်းများရေလျှံကာ စပါးခင်းပျက်စီးမှုများကိုလည်း နှစ်စဉ်ကြုံတွေ့နေရပါတယ်။ ထို့အပြင် ရေအိုင်များ ဖြစ်ပေါ်နေသောကြောင့် ခြင်များပေါက်ပွားကာ ကျန်းမာရေးအန္တရာယ်လည်း ထိခိုက်နိုင်ပါတယ်။ အထူးသဖြင့် ရန်ကုန်ပေါက်မူလတန်းလွန်ကျောင်းနှင့် ပိတ်စွယ်မူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူလေးများအတွက် နှစ်စဉ်ကျန်းမာရေးအန္တရာယ်ထိခိုက်မှုများကိုလည်း တွေ့ရှိနေရပါတယ်။ အဲဒါကြောင့် ရေစီးရေလာကောင်းသောမြောင်းတစ်ခု ဖြစ်ပါမှ လယ်သမားများ၏ စီးပွားရေး၊ စားဝတ်နေရေး အဆင်ပြေမှာဖြစ်သလို ကလေးသူငယ်များအတွက် ကျန်းမာရေးအန္တရာယ်စိတ်ချနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါမေးခွန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ပြန်လည်ဖြေကြားရာတွင် ၂၀၁၃- ၂၀၁၄ ခုနှစ်၌ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ဘုရားငုတ္တို- ပျော်ဘွယ်လေးမြောင်းတူးဖော်ရာ၌ ရန်ကုန်ပေါက်ကျေးရွာအပိုင်းနှင့် ပိတ်စွယ်ကျေးရွာအပိုင်းတို့တွင် အဆောက်အအုံများ၊ ကျေးရွာအဝင်လမ်းများ တည်ရှိသဖြင့် အဆိုပါအပိုင်းများ၏ လမ်းဘေးဝဲယာများကို ချန်လှပ်ခဲ့ပြီး ဘုရားငုတ္တိုချောင်းမှ စိုက်ပျိုးရေးစခန်းအထိ လမ်းဘေးဝဲယာနှင့် ကနဖော့ရိုးမှ ပျော်ဘွယ်လေး သချိုင်းရိုးအထိ လမ်းဘေးဝဲယာ လေးမိုင်ကို တူးဖော်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၃- ၂၀၁၄ ခုနှစ်က တူးဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် အပိုင်း၏ လက်ရှိအခြေအနေကို စိစစ်ရာတွင် ရေစီးရေလာရှိပြီး လယ်မြေများအတွက် ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးနိုင်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ တွံတေးမြို့နယ် ဘုရားငုတ္တို- ပျော်ဘွယ်လေး လမ်းဘေးဝဲယာမြောင်းကို ပြန်လည်တူးဖော်ပေးရန်မှာ တွံတေး- ဒလကား လမ်းဝဲယာတွင်တည်ရှိပြီး လမ်းမကြီးများ ဥပဒေအရ လိုက်နာရမည့်လမ်းနယ်အတွင်း ရောက်ရှိနေ၍ လမ်းဦးစီးဌာန၏ စီမံမှုအောက်တွင် ရှိနေကြောင်း၊ လမ်းဘေးဝဲယာတွင် စိုက်ထူထားသည့် ဆက်သွယ်ရေးတိုင်များ၊ လျှပ်စစ်မီးတိုင်များသည် မြောင်းဘေးတွင် ကပ်လျက်တည်ရှိပြီး သက်ဆိုင်ရာဌာနအသီးသီး၏ စီမံမှုအောက်တွင် ရှိနေကြောင်း၊ လူနေအိမ်များနှင့် အိမ်အဝင်မြောင်း အကူးတံတားစသည့် တည်ဆောက်ထားမှုများသည်လည်း အုပ်ချုပ်ရေးဆိုင်ရာစီမံမှုအောက်တွင် ရှိနေကြောင်း၊ တွံတေးမြို့နယ် ဘုရားငုတ္တို- ပျော်ဘွယ်လေး လမ်းဘေးဝဲယာမြောင်းမှာ ရေစီးရေလာရှိနေပြီး တူးဖော်ဆောင်ရွက်ရမည်ဆိုပါက အဆိုပါအချက်များကို ဒေသတွင်း ဦးစွာရှင်းလင်းညှိနှိုင်းဆောင်ရွက်ပြီးမှ တိုင်းဒေသကြီး အစိုးရထံသို့ ရန်ပုံငွေတင်ပြတောင်းခံကာ လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ဆက်စပ်မေးခွန်းအနေဖြင့် ထပ်မံမေးမြန်းရာတွင် ၂၀၁၆ ခုနှစ်ကတည်းက ဌာနဆိုင်ရာ အသီးသီးကို ပြောပြခဲ့ကြောင်း၊ ရန်ကုန်ပေါက်ကျေးရွာရှိ လယ်မြေများသည် နှစ်စဉ်နှစ်တိုင်း ပျက်စီးနေကြောင်း၊ မိုးရွာလျှင် ရေများမဆင်းကြောင်း၊ မြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာနကို ပြောသော်လည်းလမ်းဦးစီးဌာနကို လွှဲကြောင်း၊ ထိုမှတစ်ဆင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကို အဆင့်ဆင့်လွှဲချနေမှုများ ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဒေသတွင်းညှိနှိုင်းပြီး ဘတ်ဂျက်တင်ရန် ညွှန်ကြားချက်တစ်စုံတစ်ရာ ရှိမရှိ သိရှိလိုကြောင်း မေးမြန်းရာ ဝန်ကြီးက ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းကို တင်ပြခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်ပြီး ညှိနှိုင်းဆောင်ရွက်သွားရန်ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဝိညာဉ်စိမ်း ရုပ်ရှင်ဇာတ်ကား ဇွန် ၂၉ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမည်

ရန်ကုန် ဇွန် ၂၄

**Media 7 ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်သည့် ချမ်းသာ(ရွှေမန်းသဘင်)၏ လိပ်ပြာမှား ဝတ္ထုဇာတ်လမ်းကို ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း ရေးဖွဲ့ပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးပုံဖော်ထားသည့် ဝိညာဉ်စိမ်း ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ JCGV Cinema(Junction City) တွင် ပြသခဲ့သည်။**


ဇော်ဦး


ဦးချမ်းသာ(ရွှေမန်းသဘင်)


မေတ္တာ


ဇော်ဝင်းနိုင်


မင်းမော်ကွန်း

အဆိုပါဇာတ်ကားသည် ဝိညာဉ်ဇာတ်ကားဖြစ်သော်လည်း ပရိသတ်အတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာများကို ဦးစားပေးရိုက်ကူးထားခြင်း မဟုတ်ဘဲ မရိုးနိုင်သော မိဘမေတ္တာကို ရှုထောင့်ပုံစံသစ်တစ်ခုဖြင့် ရိုက်ကူးတင်ဆက်ထားသည့် မိဘမေတ္တာဖွဲ့နှင့် ဝိညာဉ်လောက ပညာပေးဇာတ်လမ်း ဖြစ်သည့်အတွက် ပရိသတ်အကြိုက်တွေ့စေမည့် ဇာတ်ကားကောင်းတစ်ခုပင်ဖြစ်သည်။

ဇာတ်လမ်းတွင် ဦးဘသိန်းမောင်နှင့် ဒေါ်မြနုစ်၊ သားဖြစ်သူများဖြစ်သည့် ဘဦးမောင်၊ ဘထူးမောင်၊ ဘတိုးမောင်၊ ဘစိုးမောင် မိသားစုခြောက်ယောက်တွင် ဖခင်ဖြစ်သူ ဦးဘသိန်းမောင် ကွယ်လွန်ရာကစ၍ ဖခင်ဝိညာဉ်ကိုခေါ်ခဲ့ရာမှ ကိုသိန်းဆိုသည့် တစ္ဆေတစ်ကောင်က နာမည်တူ၍ သူ့ကိုခေါ်သည်ထင်၍ လိုက်ပါလာသည်မှအစပြုကာ ဖြစ်ပေါ်လာသည့် ဝိညာဉ်စိမ်းဇာတ်ကားတွင် ကောင်းမှုကုသိုလ်ပြုသူအတွက် ကောင်းကျိုးသည် အရိပ်ကောင်းသဖွယ်ရနိုင်ပုံတို့ကို ၅၂၈ မေတ္တာ၏ သမုဒယအနှောင်အဖွဲ့များကို ဇာတ်လမ်းဆင်ကာ လူ့စရိုက်၊ လူ့သဘာဝများကို ဖော်ကျူးကာ ဇာတ်ဆောင်အင်အားအပြည့်နှင့် အထူးပြုလုပ်ဖန်တီးချက်များဖြင့် ငွေကုန်ကြေးကျခံကာ အဆင့်မြင့်မြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ဦးချမ်းသာ (ရွှေမန်းသဘင်)က "နာမည်တစ်လုံး လွဲမှားမှုကြောင့် ကြေကွဲစရာအဖြစ်ဆိုး တွေ့ကြုံရတဲ့ သာဓကကို ဒီဇာတ်လမ်းကိုကြည့်ပြီး သင်ခန်းစာတစ်ခုကိုရရှိမယ်လို့ မျှော်လင့်ပါတယ်။ ဗုဒ္ဓဘာသာဝင်ဓလေ့အရ သေသူရဲ့ဝိညာဉ်ကို သစ်ရွက်၊ သစ်ခက်တွေနဲ့ အိမ်ကိုခေါ်ပြီး တရားနာတဲ့ ဓလေ့တွေရှိကြတယ်၊ အဲ့ဒီအချိန်မှာ ခေါ်သူက သံယောဇဉ်တစ်ခုကြောင့် နာမည်အပြည့်အဝမခေါ်ဘဲ ပြီးစလွယ်ခေါ်လိုက်တဲ့အတွက် နာမည်အပြည့်အစုံပါသူက မသွားရဘဲ ဖြစ်သွားတယ်၊ ဘယ်အချိန်မဆို ရေစက်ချအမျှပေးဝေဖို့အတွက် သေသူရဲ့နာမည်ကို အပြည့်အဝခေါ်စေချင်လို့ ဇာတ်လမ်းမှာ အသိပေးထားပါတယ်"ဟု ပြောသည်။

ဝိညာဉ်စိမ်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် အကယ်ဒမီ မင်းမော်ကွန်းက "ဒီကားထဲမှာ သားလေးယောက်ထဲမှာ သားအလတ်နေရာက သရုပ်ဆောင်ထားတယ်၊ တွဲပြီး သရုပ်ဆောင်ရတဲ့သူတွေကလည်း ညီအစ်ကိုတွေလိုဖြစ်နေတယ်၊ ကျွန်တော်တို့ထက် ဝါရင့်တယ်၊ ဦးကျော်သူတို့၊ ဦးရန်အောင်တို့ဆိုတာကလည်း သင်ဆရာတွေလိုရင်းနှီးပြီးသား၊ အပေးအယူမျှပြီးသူတွေဖြစ်တယ်။ အခက်အခဲတော့အများကြီးမရှိပါဘူး"ဟု ပြောသည်။



ဝိညာဉ်စိမ်း ရုပ်ရှင်ပိုစတာကို တွေ့ရစဉ်။

သရုပ်ဆောင် မေတ္တာကလည်း "ပြဇာတ်ကို သေသေချာချာကြည့်တယ်။ ဝိညာဉ်စိမ်းဆိုတာ လိပ်ပြာမှားပေါ့၊ ကိုချမ်းသာရဲ့ ပြဇာတ်တွေကို စိတ်ဝင်စားတယ်။ ဒီဇာတ်လမ်းကို ရိုက်မယ်ဆိုတော့ စိတ်ဝင်စားတယ်။ မကြီးစိုးကို ရည်းစားစကားလိုက်ပြောရတဲ့ အခန်းကပါရတယ်။ ဇာတ်မအေးအောင် လှုပ်ရှားမှုတစ်ခုအနေနဲ့ ဇာတ်ညွှန်းရေးဆရာက ထည့်သွင်းရေးသားထားတယ်။ ပြဇာတ်ထဲမှာမရှိတဲ့ အခန်းတစ်ခန်းပေါ့"ဟု ပြောသည်။

သရုပ်ဆောင် ဇော်ဝင်းနိုင်က "ဇာတ်ပို့ဇာတ်ရံဆိုတော့ ဇာတ်ပို့ဇာတ်ရံနေရာက ပါရတာပေါ့၊ ဒီဇာတ်ကားရိုက်ရင်း ထူးထူးခြားခြားလေးတွေ တွေ့ရတယ်။ ပုပ္ပားမှာရိုက်နေတုန်း ဦးကျော်သူလိုပုံမျိုး နောက်တစ်ယောက်တွေ့လိုက်တယ်။ ဒီဇာတ်လမ်းရဲ့ အဓိကပေးချင်တာက မေတ္တာဓာတ်ပေါ့၊ ဇာတ်ကားက အလွန်ကောင်းပါတယ်"ဟု ပြောသည်။

သရုပ်ဆောင်မှုပိုင်းတွင် သမ္မာရင့်ဝါရင့်ပီပီ ပိုင်နိုင်စွာသရုပ်ဆောင်နိုင်သူ မင်းသားကြီး အကယ်ဒမီ ကျော်သူ၏ သရုပ်ဆောင်ကွက်များ၊ အကယ်ဒမီများ ရှင် ရန်အောင်၊ မြင့်မြတ်၊ မင်းမော်ကွန်း၊ ကျော်ကျော်ဗို၊ နေမျိုးအောင်၊ ဟိန်းဝေယံနှင့် စိုးမြတ်သူဇာတို့၏ ထိမိပိုင်နိုင်သော သရုပ်ဆောင်ချက်များဖြင့် ကြည့်ရှုသူပရိသတ်အား ရင်ထဲတစ်စုံတစ်ရာ စွဲထင်ကျန်ရစ်စေမည့် အဆိုပါရုပ်ရှင်ဇာတ်ကားကြီးကို လာမည့် ဇွန် ၂၉ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသတော့မည်ဖြစ်သည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## သက်ကြီးဆရာဝန် ၄၀၀ ကျော်အား ပူဇော်ကန်တော့ရန် ဂီတဖျော်ဖြေပွဲကျင်းပ


အမျိုးသမီးဆရာဝန်အသင်းသားများက အဖွဲ့၏ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖျော်ဖြေစဉ်။

**ရန်ကုန် ဇွန် ၂၄**

"အသက်ကြီးလာတဲ့ ဆရာဝန်ကြီးတွေကို အသက်ငယ်တဲ့ဆရာဝန်တွေက ဂုဏ်ပြုပူဇော်ကန်တော့ဂါရဝပြုကြတဲ့ အစဉ်အလာက ကမ္ဘာပေါ်မှာ မြန်မာတစ်နိုင်ငံတည်းသာရှိပါတယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးရဲမြင့်က ဇွန် ၂၃ ရက်တွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၇၅ နှစ်နှင့် အထက် ဆရာဝန်ကြီး ၄၀၀ ကျော်အား ပူဇော်ရန်ပုံငွေအဖြစ် "ဂီတသံစဉ် ဖန်တီးရှင်" တေးဂီတဖျော်ဖြေပွဲမစမီ ဂုဏ်ပြုဝမ်းမြောက်မှုဒိတာစကား ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသမီးဆရာဝန်အဖွဲ့ ဥက္ကဋ္ဌ (ရန်ကုန်တိုင်းဒေသကြီး)မှ ဒေါက်တာခင်မာအေး ဦးဆောင်သော အမျိုးသမီး ဆရာဝန်အသင်းသားများက အဖွဲ့၏ဂုဏ်ပြုသီချင်းသီဆိုကာ "ဂီတသံစဉ်ဖန်တီးရှင်" တေးဂီတဖျော်ဖြေပွဲကို စတင်ဖွင့်လှစ်ပေးသည်။

သက်ကြီးဆရာဝန်ကြီးများကို အစဉ်အလာမပျက် ပူဇော်ကန်တော့ ဂါရဝပြုကျင်းပလာခဲ့သည်မှာ (၃၆)ကြိမ်မြောက်ဖြစ်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ ကြီးမှူးကျင်းပလာခဲ့ခြင်းဖြစ်သည်။ ဂီတသံစဉ်ဖျော်ဖြေပွဲတွင် တေးဂီတ စန္ဒရား သိန်းမြင့်သန်း၊ နာမည်ကြီး တေးသံရှင်များနှင့် အလှဖန်တီးရှင်များက တေးသရုပ်ဖော်၊ အက၊ အလှတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## သီပေါမြို့ ဈေးချိုတော်ဈေးသမဝါယမအသင်း ခေါင်းရွက်ဗျပ်ထိုး ပျံ့ကျဈေးသည်များ အားကိုးရာအသင်းကြီးဖြစ်

**သီပေါ ဇွန် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဈေးချိုတော်ဈေးသမဝါယမအသင်း၏ (၃/၂၀၁၀) ပုံမှန်အစည်းအဝေးကို ဇွန် ၂၄ ရက်က ဈေးအတွင်းရှိ အသင်းလီမိတက်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာဈေးချိုတော်ဈေးသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးအေးကျော်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးစဝင်းခင်က သမဝါယမလုပ်ငန်းဆိုင်ရာများကို တင်ပြသည်။

အဆိုပါ ဈေးချိုတော်ဈေးသမဝါယမအသင်းသည် ခေါင်းရွက်ဗျပ်ထိုး၊ ပျံ့ကျဈေးသည်များနှင့် တည်ခင်းဆိုင်ဖွင့်ဈေးသည် ၆၂၂ ဦးနှင့် ဖွဲ့စည်းထားပြီး သာမန်ချေးငွေ၊ အထူးချေးငွေနှင့် အရေးပေါ်ချေးငွေများအတွက် ငွေကျပ်သိန်းပေါင်း တစ်သောင်းခြောက်ထောင်ကျော်ဖြင့် လည်ပတ်လျက်ရှိသဖြင့် အခြေခံလူတန်းစားများအတွက် အားကိုးအားထားရာ အသင်းတစ်သင်းဖြစ်ကြောင်း၊ အသင်းနှင့်အသင်းသားများ၏ ငွေကြေးမဆုံးရှုံးစေရေး၊ စဉ်ဆက်မပြတ်တိုးပွားရေး၊ အသင်းသားများ သက်သာချောင်ချိရေးနှင့် အသင်းကြီးရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် လုပ်ငန်းဆိုင်ရာ ဦးတည်ချက်၊ လုပ်ငန်းစဉ်နှင့် နှစ်စဉ်ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးအေးကျော်က ပြောသည်။

**စိုင်း(သီပေါ)**

## သက်ငယ်မုဒိမ်းမှု လျှော့နည်းကျဆင်းရေးအသိပညာပေး

**ဘုတလင် ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော သက်ငယ်မုဒိမ်းမှု လျှော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက်က ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလှိုင်တို့က သက်ငယ်မုဒိမ်းမှုဖြစ်စေနိုင်သည့် အခြေအနေများ၊ သက်ငယ်မုဒိမ်းမှု ကျူးလွန်ပါက ဥပဒေအရ အရေးယူခံရမည့် ပြစ်မှုပြစ်ဒဏ်များနှင့် သက်ငယ်မုဒိမ်းမှု လျှော့နည်းကျဆင်းရေး သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုပ်စုပထမနေရာလုမယ့် ဥရုဂွေးနဲ့ အိမ်ရှင်ရုရှား

**ဝင်းမြတ်**

**၂၅ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Samara Arena m)**

၂၀၁၈ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်တွေရဲ့ နောက်ဆုံးပွဲစဉ်တွေကို လာမယ့် ဇွန် ၂၅ ရက်မှာ စတင်ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်တွေအနက်က အုပ်စု(က) ဥရုဂွေးနဲ့ ရုရှားတို့ရဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

### ဥရုဂွေးရဲ့အခြေအနေ

ဥရုဂွေးဟာ ကစားပြီးခဲ့သမျှ အုပ်စုပွဲစဉ် နှစ်ပွဲစလုံး အနိုင်ရခဲ့တာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ သေချာနေပြီ ဖြစ်ပါတယ်။ ဥရုဂွေးတို့ အုပ်စုပထမနေရာရဖို့ ဒီပွဲမှာ နိုင်ပွဲရဖို့လိုပါတယ်။ သတိပြုရမှာကတော့ ဥရုဂွေးတိုက်စစ်က စွမ်းဆောင်ရည် ကျဆင်းနေပြီး နှစ်ပွဲမှာ နှစ်ဂိုးသာ သွင်းထားနိုင်တာပဲ ဖြစ်ပါတယ်။

### ရုရှားရဲ့အခြေအနေ

ရုရှားအနေနဲ့ အုပ်စုနှစ်ပွဲစလုံး အနိုင်ရခဲ့တာကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့ သေချာနေပြီဖြစ်ပါတယ်။ ဒါပေမယ့် အုပ်စုပထမနေရာရဖို့ ဒီပွဲမှာ အနိမ့်ဆုံးသရေကစားနိုင်ဖို့ လိုပါတယ်။

### သုံးသပ်ချက်

နှစ်သင်းစလုံး အုပ်စုပထမနေရာ ရဖို့အားစိုက်ကြမယ့် ဒီပွဲမှာ သရေကျရုံနဲ့ အုပ်စုပထမရမယ့် ရုရှားက ခံစစ်အားပြု ကစားနိုင်သလို ဥရုဂွေးတိုက်စစ်ကလည်း အားနည်းနေတယ်။ ရုရှားသာ အနိမ့်ဆုံး သရေ ကစားနိုင်ဖို့ ရှိပါတယ်။

# ကမ္ဘာ့ဖလားမှာ ပထမဆုံးနိုင်ပွဲကို ရယူသွားမယ့် အီဂျစ်

**၂၅ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Volgograd Arena)**

အုပ်စု(က) ရဲ့ အခြားအုပ်စုနောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ ဆော်ဒီနဲ့ အီဂျစ်တို့ရဲ့ပွဲကိုလည်း ဥရုဂွေး - ရုရှားတို့ပွဲနဲ့ တစ်ချိန်တည်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အီဂျစ်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဆော်ဒီအာရေဗျရဲ့အခြေအနေ

ဆောဒီအာရေဗျဟာ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲက ထွက်ရဖို့ သေချာနေပြီဖြစ်ပါတယ်။ ဆော်ဒီအာရေဗျအနေနဲ့ အုပ်စုနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲနဲ့အဆုံးသတ်နိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေ များနေပါတယ်။

### အီဂျစ်ရဲ့အခြေအနေ

အီဂျစ်အနေနဲ့ နှစ်ပွဲလုံး ရှုံးခဲ့တာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ မျှော်လင့်လို့ မရတော့ပါဘူး။ ဒါပေမယ့် အီဂျစ်အနေနဲ့ ကမ္ဘာ့ဖလားမှာ နိုင်ပွဲမရဖူးသေးတာကြောင့် ဒီပွဲမှာတော့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ ရှိနေတယ်။

### သုံးသပ်ချက်

နှစ်သင်းစလုံး နိုင်ပွဲရဖို့ အားစိုက်ကစားလာမှာ သေချာပေမယ့် ခြေစွမ်းပိုင်းအရ အီဂျစ်က ပိုကောင်းပါတယ်။ အီဂျစ်ပဲ အနိုင်ရသွား ဖို့ရှိပါတယ်။

# နောက်တစ်ဆင့်သေချာစေဖို့ နိုင်ပွဲရယူမယ့် ပေါ်တူဂီ

**၂၆ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Mordovia Arena)**

ဇွန် ၂၆ ရက် နံနက်ပိုင်းမှာတော့ အုပ်စု(ခ) ရဲ့ နောက်ဆုံး ပွဲစဉ်တွေ ကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲတွေအနက် နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ် ဖြစ်နေတဲ့ အီရန်နဲ့ ပေါ်တူဂီတို့ပွဲကို သုံးသပ်တင်ပြလိုက်ရပါတယ်။

### အီရန်ရဲ့အခြေအနေ

အီရန်ဟာ နှစ်ပွဲကစားပြီးချိန်မှာ ၃ မှတ်ရရှိတာကြောင့် ဒီပွဲအနိုင်ရခဲ့ရင် နောက်တစ်ဆင့် တက်ရောက်နိုင်ခြေရှိပါတယ်။ ဒါကြောင့် အီရန်တို့အားစိုက်ကစားလာမှာဖြစ်ပြီး ခံစစ်ကစားပုံကလည်း ကောင်းမွန်ပါတယ်။ အီရန်ဟာ တန်ပြန်တိုက်စစ်ကို ကောင်းမွန်စွာ ကစားနိုင်တဲ့ အသင်းဖြစ်တာကြောင့် ပေါ်တူဂီကို တုံ့ပြန်ကစားနိုင်စွမ်းရှိပါတယ်။

### ပေါ်တူဂီရဲ့အခြေအနေ

ပေါ်တူဂီက လက်ရှိအချိန်မှာ ၄ မှတ်ရရှိထားတာကြောင့် ဒီပွဲမှာ သရေကစားနိုင်ရုံနဲ့နောက်တစ်ဆင့် တက်ရောက်နိုင်မှာပါ။ ဒါပေမယ့်လည်း အုပ်စုပထမနေရာကို ရယူနိုင်ဖို့ နိုင်ပွဲလိုအပ်တာကြောင့် အားစိုက်ကစားမှာ ဖြစ်သလို လက်ရှိ ပေါ်တူဂီရဲ့ ကစားပုံကလည်း ထက်မြက်မှုရှိနေပါတယ်။

### သုံးသပ်ချက်

အီရန်ကနိုင်ပွဲလိုအပ်ပေမယ့် ခံစစ်ကို အားပြုကာ တန်ပြန်တိုက်စစ်ကိုပဲ အသုံးပြုလာနိုင်ပါတယ်။ ဒါကြောင့် ပေါ်တူဂီတို့ ကစားရခက်ခဲနိုင်ပေမယ့် ပေါ်တူဂီရဲ့ ခံစစ်ကျစ်လျစ်မှု၊ ရော်နယ်ဒို ခြေစွမ်းပြနေမှုတို့ကြောင့် ဒီပွဲမှာတော့ ပေါ်တူဂီပဲ ကပ်နိုင်မယ်။

# အုပ်စုပထမနေရာအတွက် နိုင်ပွဲယူမယ့် စပိန်

**၂၆ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Kaliningrad Stadium)**

ဇွန် ၂၆ ရက် နံနက်ပိုင်းမှာတော့ အုပ်စု(ခ) ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲတွေအနက် နာမည်ကြီး စပိန်နဲ့ မော်ရိုကိုတို့ရဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာဖြစ်ပါတယ်။

### စပိန်ရဲ့အခြေအနေ

လက်ရှိအချိန်မှာ နှစ်ပွဲကစား လေးမှတ်ရယူထားနိုင်တဲ့ စပိန်အနေနဲ့ ဒီပွဲမှာ သရေကစားနိုင်ရုံနဲ့ နောက်တစ်ဆင့် တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် စပိန်အနေနဲ့ အုပ်စုပထမနေရာ ရယူနိုင်ဖို့ နိုင်ပွဲရအောင် အားစိုက်ကစားလာမှာဖြစ်ပြီး စပိန်ရဲ့ တိုက်စစ်ကစားဟန်ရော၊ အသင်းလိုက် ကစားအားပါ ကောင်းမွန်နေပါတယ်။

### မော်ရိုကိုရဲ့အခြေအနေ

မော်ရိုကိုကတော့ လက်ရှိအချိန်မှာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခွင့် မရှိတော့ပါဘူး။ ခြေစွမ်းပိုင်း အားနည်းမှုတွေများနေသလို တိုက်စစ်ပိုင်းကလည်း အားနည်းမှုတွေ ရှိနေတာကြောင့် စပိန်ကို တုံ့ပြန်နိုင်ဖို့ ခက်ပါတယ်။

### သုံးသပ်ချက်

မော်ရိုကိုတို့ ဒီပွဲမှာအားစိုက်ကစားမှာဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းအားနည်းမှုကြောင့် စပိန်ခံစစ်ကိုကျော်ဖြတ်ဖို့ခက်ပါတယ်။ စပိန်တိုက်စစ်ကလည်း လက်ရှိအချိန်မှာထက်မြက်မှုရှိနေတာကြောင့် ဒီပွဲမှာတော့ စပိန်ကသာနိုင်ပွဲ ရယူသွားနိုင်ဖို့ရှိနေပါတယ်။

# အင်္ဂလန် ပနားမားကို ဂိုးမိုးရွာ

**ရန်ကုန် ဇွန် ၂၄**

၂၀၁၈ ကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၂၄ရက် ညနေပိုင်းက အုပ်စု(ဆ)မှ အင်္ဂလန်နှင့် ပနားမားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်း ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပွဲစပြီး ရှစ်မိနစ်၌ ထောင့်ကန်ဘောမှတစ်ဆင့် အင်္ဂလန်နောက်တန်းကစားသမား ဂျွန်စတုန်း ခေါင်းတိုက်သွင်းယူခဲ့၍ အဖွင့်ဂိုးရရှိခဲ့သည်။ အင်္ဂလန်အတွက် ဒုတိယဂိုးကို ၂၂ မိနစ်တွင် ဟယ်ရီကိန်းက ပယ်နယ်တီမှ သွင်းယူခဲ့ပြီး **(အောက်ပုံ)** ၃၆ မိနစ်တွင် လင်ဂတ်က ဂိုးဧရိယာအစပ်မှ တတိယဂိုးသွင်းယူခဲ့သည်။ မိနစ် ၄၀ တွင် ဂျွန်စတုန်းက စတုတ္ထဂိုးသွင်းယူပြီး ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် အင်္ဂလန်အသင်း ပယ်နယ်တီကန်ခွင့်ရကာ ဟယ်ရီကိန်းက သွင်းယူခဲ့၍ ပဉ္စမဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ၆၂ မိနစ်တွင် လော့တပ်စ်ကန်သွင်းသည့် ဘောလုံးဟယ်ရီကိန်း ခြေထောက်နှင့်ထိပြီး လမ်းကြောင်းပြောင်း ဂိုးဝင်ခဲ့သဖြင့် ဟယ်ရီကိန်း ဟက်ထရစ်ဂိုးရရှိခဲ့သည်။ ပနားမားအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဖီးလစ်ဘယ်လ်လွိုင်းက သွင်းယူခဲ့သည်။

ယနေ့ပွဲတွင် အင်္ဂလန်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားပွဲတွင် ပထမပိုင်းအတွင်း ငါးဂိုးသွင်းယူနိုင်သည့် မှတ်တမ်းဝင်ခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းသည်လည်း သွင်းဂိုးငါးဂိုးရရှိကာ စီရော်နယ်ဒိုနှင့် လူကာကူတို့ သွင်းဂိုးလေးဂိုးအထက်တွင် ဦးဆောင်ထားသည်။ အုပ်စု(ဆ) တွင် အင်္ဂလန်နှင့်ဘယ်လ်ဂျီယံအသင်းတို့ ရမှတ် ခြောက်မှတ်စီ ရရှိထားပြီး နောက်ဆုံးအုပ်စုပွဲစဉ်တွင် ယင်းနှစ်သင်း တွေ့ဆုံယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**



# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၇ ဆက်လက်ယှဉ်ပြိုင်

# တန်းဆင်းဇုန်အတွက် အပြိုင်ဖြစ်နေသည့် GFA နှင့် စစ်ကိုင်းအသင်းအနိုင်ရ

**ရန်ကုန် ဇွန် ၂၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ တန်းဆင်းဇုန်အတွက် အပြိုင်ဖြစ်နေသည့် GFA နှင့် စစ်ကိုင်းအသင်းနိုင်ပွဲရပြီး တတိယနေရာမှ Southern အသင်း သရေကျခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် GFA အသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်အတွက် အမှတ်လိုနေသည့် GFA အသင်း ရုန်းကန်ခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ် ရယူနိုင်ခဲ့သည်။ သို့သော် အဆင့် ၁၀ နေရာမှ စစ်ကိုင်းအသင်းမှာလည်း နိုင်ပွဲရခဲ့သောကြောင့် ရပ်တည်မှုမပြောင်းလဲဘဲ အပြိုင်ဖြစ်နေသည်။ ရခိုင်အသင်းသည် အမှတ်ပေးပွဲ လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ရှုံးထွက်ပြိုင်ပွဲ အပါအဝင် ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။

GFA အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သလို ရခိုင်အသင်းမှာလည်း နိုင်ပွဲပြန်ရရေးအတွက် လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် GFA အသင်း ကစားပုံပိုကောင်းခဲ့ပြီး ရခိုင်အသင်းဘက်သို့ ဖိအားပေး ကစားနိုင်ခဲ့သည်။ GFA အသင်းသည် ပထမပိုင်းမှာပင် အနိုင်ဂိုးသုံးဂိုးစလုံး သွင်းယူနိုင်ခဲ့ပြီး ကိုး မိနစ်တွင် ပြုံးချို၊ ၄၀၊ ၄၅ မိနစ်တွင် အီမန်နျူရယ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာခဲ့သော်လည်း GFA အသင်းနောက်တန်းကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။ မိနစ် ၈၀ မှ ရခိုင်အသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် တိုက်စစ်မှူး မက်သရူးက သွင်းယူခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းနှင့် ဟံသာဝတီအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် အားကုန်ထုတ်ကစားခဲ့ပြီး အနိုင်ဂိုးများကို ရှစ်၊ ၅၅ မိနစ်တွင် ဖရိုင်းဒေး၊ ၅၁ မိနစ်တွင် ဘမ်ဘာတို့က သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၄ မိနစ်တွင် ရဲထက်အောင်က သွင်းယူခဲ့သည်။



ရခိုင်အသင်း ထိုးဖောက်မှုကို GFA ဂိုးသမားနှင့် နောက်ခံလူများ ကာကွယ်စဉ်။

ပွဲစဉ် (၁၇) အပြီးတွင် ရန်ကုန် အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိပြီး လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၃၄ မှတ်၊ Southern အသင်းက ၂၆ မှတ်၊ မကွေးအသင်းက ၂၅ မှတ်၊ ရတနာပုံ အသင်းက ၂၄ မှတ်၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းက ၂၃ မှတ်စီ၊ ရောဝတီ အသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက ၂၁ မှတ်၊ စစ်ကိုင်းအသင်းက ၁၈ မှတ်၊ GFA အသင်းက ၁၇ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

❍ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ** အဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး**-မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ **နောက်တန်း**- ခင်သန်းဝေ၊ အေးအေးမိုး(မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင်(သစ္စာအားမာန်)၊ **အလယ်တန်း-** ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး(သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး (ဇွဲကပင်)၊ **ရှေ့တန်း**-နီလာဝင်း၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ ရီရီဦး (အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဝင်းသိင်္ဂီထွန်း (မြဝတီ)တို့ ပါဝင်သည်။

**ညီမြတ်သော်တာ**

# မိုးကောင်း-ဖားကန့်ကားလမ်းဘေး၌ အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိ

**မိုးကောင်း ဇွန် ၂၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အတွင်းရှိ အုတ်ကျင်းကျေးရွာအနီး မိုးကောင်း-ဖားကန့် ကားလမ်းဘေး၌ ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက မပေါက်ကွဲသေးသည့် အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲပိုင်းက မိုးကောင်း-ဖားကန့်သွား ကားလမ်းမဘေးရှိ အုတ်ကျင်းကျေးရွာအနီး မိုင်တိုင်အမှတ်(၃၉၅ နှင့် ၃၉၆)ကြား၌ လမ်းဦးစီးဌာနက လမ်းခင်းဆောင်ရွက်နေစဉ် လမ်းလုပ်သား မျိုးအောင်က လမ်းဘေးချုံအတွင်း ကြွပ်ကြွပ်အိတ်နှင့်ထုပ်လျက် မိုင်းဟု မသင်္ကာဖွယ် တွေ့ရှိရ၍ အုတ်ကျင်းကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။ ထို့ကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်တို့က ရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ညနေ ၃ နာရီတွင် အဆိုပါ မိုင်းအား ရှင်းလင်းပြီးစီးခဲ့သည်။ (ယာပုံ)

အဆိုပါ မိုင်းအမျိုးအစားမှာ အချင်း လေးလက်မ၊ အမြင့် ရှစ်လက်မအရွယ်ရှိ ကားစလစ်အတွင်း TNT ယမ်းပျော့ ထည့်သွင်းကာ ကော့တက်ယမ်းကြိုး တပ်ဆင်ပြီး Receiver နှင့် ချိတ်ဆက်၍ အဝေးထိန်းဖောက်ခွဲရန် စီစဉ်ထားခြင်းဖြစ်ကြောင်း နယ်မြေခံ စစ်အင်ဂျင်နီယာတပ်မှသိရပြီး အဆိုပါ မိုင်းအား နယ်မြေခံစစ်အင်ဂျင်နီယာတပ်၌ စနစ်တကျ သိမ်းဆည်းထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## မြန်မာ့ရုပ်မြင်သံကြား

၂၅-၆-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - လူငယ်နှင့်မူးယစ်ဆေးဝါး ကဏ္ဍ (လူငယ်များက ပြောသော လူငယ်စကား များ) (အပိုင်း-၂)
- ၉း၂၀ - **ဇွန်လထုတ်မိုးလေဝသ အစီအစဉ်**
- ၉း၃၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ **Grand Cyon (USA)**
- ၁၁း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၁၀ - သုခမရင်ခွင်အငြိမ့်သဘင် **အလင်္ကာဖန်တီးရှင် အငြိမ့်** မင်းသမီး-ပဲခူး သိင်္ဂီဝင်း၊ လူရွှင်တော်-ရန်ကျော်၊ အေရိန်း၊ ထူးချွန်၊ စွမ်းထက် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

**ညပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-စတုတ္ထနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၁၇း၂၀ - **ဦးနုအထိမ်းအမှတ် အမှတ်တရပြခန်း**
- ၁၇း၃၀ - Yes or No Talk Show
- ၁၈း၃၀ - **ဥပဒေရေးရာအဖြာဖြာ တာဝန်နှင့်လူ**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **လူငယ်နှင့် မူးယစ်ဆေးဝါးကဏ္ဍ** (လူငယ်များက ပြောသော လူငယ်စကားများ) (အပိုင်း-၃)
- - မျက်မှောက်ရေးရာ သုံးသပ်စရာ
- - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၂၇)

# မဘိမ်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် ညနေ ၃ နာရီခွဲက မဘိမ်းမြို့နယ် ခေါ်တောကျေးရွာအုပ်စု ဒေသအခေါ် တစ်တောင်ကွေ့ ရွှေမျောဟောင်း လျှိုအတွင်းရှိ ယာယီရွက်ဖျင်တဲကို ရှာဖွေရာ ညီသန်းဝင်းအားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ နှင့် ဘိန်းဖြူဆပ်ပြာ ခွက် ၁၇၂ ခွက် (အလေးချိန် ၁ ဒသမ ၇၂ ကီလို) တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇွန် ၂၀ ရက် ည ၉ နာရီခွဲက ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ကော့လာပလကျေးရွာ အဝင် တံတားအနီးတွင် နိုင်ကျော်မြင့်(ခ) ညီညီဦး မောင်းနှင်လာသည့် ကရောင်းယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ သိမ်းဆည်းရမိပြီး ဆက်လက်၍ ဇွန် ၂၂ ရက် နံနက်တွင် နိုင်ကျော်မြင့်(ခ)ညီညီဦး နေထိုင်သည့် ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာရှိ ၎င်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၆၉၅ ပြား ကို လည်းကောင်း။

ထို့အတူ ဇွန် ၂၃ ရက် နံနက် ၉ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် လှိုင်လင်-နမ့်စန်သွားကားလမ်းမြို့နယ် နယ်ခြားမှတ်တိုင်တွင် အောင်မျိုး (ခ)ထွန်းမြတ် မောင်းနှင်လာသည့် MARK X မော်တော်ယာဉ်ကိုရှာဖွေရာ အိုက်စ် ၁ ဒသမ ၀၀၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၊ ငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့နယ်၌ မှိုစားသုံးမိ၍ လူ ၁၅ ဦး အစာအဆိပ်သင့်

**တနင်္သာရီ ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပျို့အိုင်ကျေးရွာ၌ ဇွန် ၂၃ ရက် ည ၈ နာရီခန့်က ဥယျာဉ်အတွင်းမှ ခူးယူလာသော မှိုဖြူအားကြော်ချက်စားသုံးရာမှ သားအဖနှစ်ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

တနင်္သာရီမြို့နယ် ပျို့အိုင်ကျေးရွာနေ ဦးသန်းမောင် (၇၉ နှစ်) နှင့် သားဖြစ်သူ ကိုလင်းနိုင် (၃၆နှစ်) တို့နှစ်ဦးသည် ဥယျာဉ်အတွင်းမှ ခူးယူလာသော ယခင်ကစားသုံးဖူးသည့် မှိုဖြူအား ကြော်ချက်၍ စားသုံးခဲ့ကြပြီး နာရီဝက်ခန့်အကြာတွင် မူးဝေအော့အန်ခြင်းများ ဖြစ်ပွားခဲ့သည်။

၎င်းတို့နှစ်ဦးအား ဇွန် ၂၃ ရက် ည ၉ နာရီခန့်အထိ သက်သာလာခြင်းမရှိသဖြင့် တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလင်းထိုက်က လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သဖြင့် ဇွန်၂၄ ရက် နံနက် ၈ နာရီခန့်တွင် နှစ်ဦးစလုံးသက်သာနေပြီဖြစ်ကြောင်း သိရသည်။

အလားတူ ပျို့အိုင်ကျေးရွာတွင် ဇွန်၂၃ ရက် ည၌ပင် ယင်းမှိုများ စားသုံးပြီးနောက် မူးဝေအော့အန်ခဲ့သူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၃ ဦးတို့သည် ညောင်ပင်ကွင်းရွာ(အရှေ့ကမ်း)တွင် ဖွင့်လှစ်ထားသည့် ကျေးလက်ဆေးပေးခန်းသို့ ဇွန်၂၃ ရက် ည ၁၁ နာရီခန့်တွင် သွားရောက်ဆေးကုသမှုခံယူခဲ့ရာ သက်သာသဖြင့် ၎င်းတို့ကျေးရွာသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မူဆယ်မြို့၌ ထိန်းချုပ်ဓာတုပစ္စည်းများအား ဖျက်ဆီး

**မူဆယ် ဇွန် ၂၄**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်တွင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုဆေးဝါး အက်စစ်များနှင့် ဆက်စပ်ပစ္စည်းများအား ဇွန်၂၄ ရက် နံနက် ၉ နာရီခန့်က မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်စု နမ့်ဟွယ်ကျေးရွာနှင့် လုံခန်ကျေးရွာအကြား အမှိုက်ပုံတွင် ဖျက်ဆီးခဲ့ကြောင်း မြို့မရဲစခန်းမှူး ဒုရဲမှူး အေးမြင့်ထံမှ သိရသည်။

အဆိုပါဖျက်ဆီးခဲ့သည့် သက်သေခံပစ္စည်းများမှာ ၂၀၁၇ ခုနှစ်အတွင်း ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သော ဟိုက်ဒရိုကလိုရစ်အက်စစ် ၆၉၉၈ ဒသမ ၂၅ လီတာနှင့် ဆာလဖျူရစ်အက်စစ် ၈၀၆၇၂ ဒသမ ၄၃ လီတာနှင့် အဆိုပါအက်စစ်များ ထည့်သွင်းထားသည့် ပလတ်စတစ်ပုံးများဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိန်းချုပ်ဓာတုပစ္စည်းများကို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့်နေရာတွင် ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ပြုတ်ကျသည့်ဓာတ်ကြိုးကိုင်မိသဖြင့် ဓာတ်လိုက်

**နေပြည်တော် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်တွင် ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီကျော်က မိုးရွာမှုကြောင့် သစ်ပင်လဲကျပြီမိ၍ ပြုတ်ကျသည့် လျှပ်စစ်မီးကြိုးအား ကိုင်မိသဖြင့် လူတစ်ဦးဓာတ်လိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သစ်ပင်လဲ၍ ပိမိကာ ဓာတ်ကြိုးပြုတ်ကျစဉ် အနီးရှိလမ်းဘေးတွင် သစ်သီးမျိုးစုံရောင်းချနေသည့် ဗဟန်းမြို့နယ်နေ ဒေါ်စိန်ဘုတ် (၆၁ နှစ်)က ထွက်ကြည့်စဉ် ပြုတ်ကျနေသည့် လျှပ်စစ်ဓာတ်ကြိုးအား မတော်တဆကိုင်မိရာမှ ဓာတ်လိုက် သတိမေ့သွား၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# သမီးအရင်းနှင့် မြေးဖြစ်သူအား သတ်ဖြတ်ခဲ့သူများကို ပြစ်ဒဏ်များချမှတ်

**မော်လမြိုင် ဇွန် ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက် မော်လမြိုင် - မြဝတီကားလမ်းနေ ဟသ်္သာအဝိုင်းစစ်ဆေးရေးဂိတ်အနီး လယ်ခြံပေါ်နေ သမီးအရင်းနှင့် မြေးဖြစ်သူအား သတ်ဖြတ်ခဲ့သူ ဖခင်အရင်းနှင့် မောင်နှမများအား ဇွန် ၂၂ ရက်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

သမီးအရင်းနှင့် မြေးဖြစ်သူအား သတ်ဖြတ်ကျူးလွန်မှုကြောင့် ဖမ်းဆီးခံခဲ့ရသည့် ဖခင်ဖြစ်သူ ဦးဂေါ်ပါ(ခ)အဗ္ဗဒူဂါဖာ (၈၈နှစ်)အား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ် ၂၀ နှင့် နောက်ထပ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ် ၂၀ ကို သီးခြားစီကျခံစေရန် လည်းကောင်း၊ နူရာမဒင် (ခ) နိုရာမူဒင် (၄၂နှစ်)အား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ် ၂၀နှင့် နောက်ထပ် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ် ၂၀ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် လည်းကောင်း၊ လွှမ်းမိုးအောင်(၃၈နှစ်) အား ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ် ၂၀၊ နောက်ထပ်ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ် ၂၀နှင့် ရာဇသတ်ကြီးပုဒ်မ ၃၈၀ အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် လည်းကောင်း၊ ဒေါ်ဟာဇရာဘီ(၅၄နှစ်)အား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ် ကျခံစေရန်လည်းကောင်း၊ ဇလာမဒင်(ခ) စိုးမောင်(၆၀နှစ်) အား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)/၁၀၉ အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်ကျခံစေရန်နှင့် စံလင်း(ခ) မျိုးမြင့်(၄၅နှစ်)အား ရာဇသတ်ကြီးပုဒ်မ ၂၀၂အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်ကျခံစေရန်လည်းကောင်း မွန်ပြည်နယ် မော်လမြိုင်ခရိုင်တရားရုံးမှ ဇွန် ၂၂ ရက်က အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ အမှုမှာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၈ ရက် နံနက်က မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက် မော်လမြိုင် - မြဝတီကားလမ်းဘေး ဟသ်္သာအဝိုင်းအနီး တစ်မိုင်ခန့်အကွာ လယ်မြေပေါ်နေ ဒေါ်ဇွန်မီလာဘီ(၅၀နှစ်)၊ သမီးမဇင်မာစိုး(ခ) ဆာဟာဒါ(ခ)စဟလာ(၁၄နှစ်)တို့အား သတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အမှုအား သားဖြစ်သူ စိုးဝေ(ခ) အာရစ္စတ်က တရားလိုပြုတိုင်တန်းချက်အရ မြိုင်သာယာနယ်မြေရဲစခန်းမှ (ပ) ၁၅၄/၂၀၁၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မများဖြင့် အရေးယူတရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင် သွားခဲ့သော အမှုအား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် အခင်းဖြစ်ပြီးနောက် ၂၃ ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# မြို့သစ်မြို့နယ်၌ သံတူးရွင်းဖြင့် ရိုက်နှက်သဖြင့် လူသေဆုံးမှုဖြစ်

**မြို့သစ် ဇွန် ၂၄**

မကွေးခရိုင် မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာတွင် ဇွန်၂၄ ရက် ညနေ ၅ နာရီခန့်က သံတူးရွင်းဖြင့် ရိုက်နှက်မှုကြောင့် လူတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုတီးကုန်းကျေးရွာနေ မခင်မာလွင်၏ ခင်ပွန်းဖြစ်သူ ကိုထွန်းထွန်းမှာ ရွာလမ်းမပေါ်တွင် သွေးအိုင်ထဲ၌ မှောက်လျက်သေဆုံးနေကြောင်း တွေ့ရသဖြင့် သွားရောက်ကြည့်ရှုပြီး အနီးတွင်ရှိသော တစ်ရွာတည်းနေ ကိုကျော်မိုးအား မေးမြန်းကြည့်ရာ ဝင်းလှိုင် ဆိုသူက သံတူးရွင်းဖြင့် ရိုက်နှက်သွားကြောင်း ပြောပြချက်အရ သိရသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က သေဆုံးသူ ကိုထွန်းထွန်းက ဝင်းလှိုင်အား မိုန်းဖြင့်ထိုးခဲ့၍ ခြေထောက်တွင် ဒဏ်ရာရရှိအောင် ပြုလုပ်ခြင်းကို မကျေနပ်၍ ယခုကဲ့သို့ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မခင်မာလွင်က ခင်ပွန်းဖြစ်သူ ကိုထွန်းထွန်းအား သေဆုံးအောင် သံတူးရွင်းနှင့် ရိုက်နှက်သူ ဝင်းလှိုင်အား ဥပဒေနှင့်အညီ အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြို့သစ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း (မြို့သစ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ဇင်ဘာဘွေသမ္မတ တက်ရောက်သော လူထုအစည်းအဝေးတွင် ပေါက်ကွဲမှုဖြစ်ပွားရာ သမ္မတထိခိုက်မှုမရှိ

**ဟာရာရီ ဇွန် ၂၄**
ဇင်ဘာဘွေသမ္မတ အီမာဆွန်မာနာဂါဂွါ တက်ရောက်သော နိုင်ငံရေးလူထုအစည်းအဝေးပွဲတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ပြောသည်။

ယင်းဖြစ်ရပ်မှာ စနေနေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဇင်ဘာဘွေသမ္မတနှင့် အလွန်နီးကပ်သောနေရာတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သည့် ဘူလာဝါရိုမြို့ရှိ အားကစားကွင်းအတွင်း သမ္မတ၏ပါတီအတွက် လူထုစုဝေးပွဲကျင်းပစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဇင်ဘာဘွေသမ္မတမှာ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိသော်လည်း ၎င်း၏အသက်ကို ခြိမ်းခြောက်ရန်ရည်ရွယ်၍ ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။

နိုင်ငံပိုင်ရုပ်သံလိုင်းက ပေါက်ကွဲမှုဖြစ်စဉ်ကို ရိုက်ကူးထားသော ဗီဒီယိုကိုထုတ်လွှင့်ခဲ့ပြီး ယင်းဗီဒီယိုထဲတွင် ပေါက်ကွဲသံကြီးကြားရချိန်မှာ သမ္မတက ၎င်းကိုထောက်ခံသူများအား လက်ဝှေ့ယမ်းပြသခဲ့သည်။ မီးခိုးငွေ့များက ဖုံးလွှမ်းသွားပြီး လူများသည်ဘေးလွတ်ရာသို့ ထွက်ပြေးကြသည်။

လက်ရှိသမ္မတသည် နိုဝင်ဘာလက သမ္မတမူဂါဘီ၏နောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ ၎င်းသမ္မတလောင်းအဖြစ် သတ်မှတ်ခံရစဉ်ကတည်းက နိုင်ငံတစ်ဝန်းလူထုထောက်ခံပွဲများ ပြုလုပ်ခဲ့သည်။ ယင်းဖြစ်ရပ်ကဲ့သို့ပင် စနေနေ့က အီသီယိုပီးယားနိုင်ငံတွင်လည်း ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဇင်ဘာဘွေ ဒုတိယသမ္မတနှစ်ဦးထဲမှ တစ်ဦးဖြစ်သည့် ကန်ဘိုမိုဟက်ဒီသည် ပေါက်ကွဲမှုဒဏ်ကြောင့် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ပြီး ပတ်ဝန်းကျင်ရေးရာဝန်ကြီးသည်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သတင်းထောက်များ၊ သက်တော်စောင့်များ၊ ပါတီအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာက ဖော်ပြထားသည်။ ဒဏ်ရာရရှိသူထဲမှ အချို့သည် ဆေးရုံ၌ ကုသလျက်ရှိသည်။ ယင်းပေါက်ကွဲမှု၏ အဓိကတရားခံမှာ မည်သူဖြစ်သည်ကိုမူ အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။

**အင်န်အိတ်ချ်ကေ**



# တူရကီ၌ သမ္မတအာဒိုဂန်အတွက် စမ်းသပ်မှုတစ်ခုဖြစ်သည့် ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲစတင်




**အန်ကာရာ ဇွန် ၂၄**
တူရကီနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲကို တနင်္ဂနွေနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီမှ စတင်ကာ မဲပေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း မဲသေတ္တာပေါင်း တစ်သိန်းရှစ်သောင်းတွင် တူရကီပြည်သူ ၅၉ သန်းက မဲပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မဲပေးမှုပြီးဆုံးသည်နှင့် တစ်ပြိုင်နက် မဲရေတွက်မှုများ စတင်သွားမည် ဖြစ်သည်။

ယခုတစ်ကြိမ် ပြုလုပ်သည့် ရွေးကောက်ပွဲသည် တူရကီနိုင်ငံရေး ခေတ်သစ်သမိုင်းတွင် မှတ်တိုင်သစ် စိုက်ထူနိုင်မည် ဖြစ်သည်။

ပါလီမန်ရွေးကောက်ပွဲမှ သမ္မတတိုက်ရိုက်ရွေးကောက်ပွဲသို့ တိုက်ရိုက်ဦးတည်သွားမည် ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လူထုဆန္ဒခံယူပွဲကို ကျင်းပခဲ့ရာ တူရကီသမ္မတအတွက် အထူးချဲ့ထွင်ထားသည့် အာဏာကို လက်ခံခဲ့သည်။

နိုင်ငံရေးပါတီရှစ်ခုမှ ပါလီမန်ရွေးကောက်ပွဲအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကြလျက်ရှိပြီး လက်ရှိသမ္မတအာဒိုဂန်အပါအဝင် ကိုယ်စားလှယ်လောင်း ခြောက်ဦးက သမ္မတနေရာအတွက် ယှဉ်ပြိုင်နေကြသည်။ သမ္မတသည် တိုက်ရိုက်မဲပေးမှုမှတစ်ဆင့် ရွေးချယ်ခံရမည် ဖြစ်သည်။

အကယ်၍ မည်သည့်ကိုယ်စားလှယ်လောင်းကမျှ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းမကျော်ခဲ့လျှင် ဇူလိုင် ၈ ရက်တွင် ကျင်းပမည့် ဒုတိယအကျော့ယှဉ်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။ ထိုစဉ် တူရကီရှိ စီရင်စုပေါင်း ၈၁ ခုတွင် ဥပဒေပြုအမတ်များက ရွေးကောက်ပွဲအတွက် တစ်ကြိမ်သာ ဆန္ဒမဲပေးပွဲပြုလုပ်မည်ဖြစ်သည်။

မစ္စတာအာဒိုဂန်သည် ၂၀၁၄ ခုနှစ်မှစ၍ သမ္မတတာဝန် ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယင်းမတိုင်မီ ၂၀၀၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဝန်ကြီးချုပ်နေရာ တာဝန်ထမ်းဆောင်ခဲ့သည်။ အကယ်၍ ဇွန် ၂၄ ရက်ရွေးကောက်ပွဲတွင် လက်ရှိသမ္မတအာဒိုဂန်အနိုင်ရခဲ့ပါက တိုက်ရိုက်သမ္မတရွေးကောက်ပွဲတွင် သမ္မတဖြစ်လာသည့် ပထမဦးဆုံးပုဂ္ဂိုလ် ဖြစ်လာမည်ဖြစ်သည်။

**ဆင်ဟွာ**

## ကလေးမွေးဖွားခဲ့စဉ်အတွင်း ဆုတောင်းပေးခဲ့ကြသူများကို နယူးဇီလန်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြား

**ဝယ်လင်တန် ဇွန် ၂၄**
နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါ အာဒန်သည် ၎င်း၏ပထမဆုံး ကလေးမွေးဖွားစဉ်အတွင်း အားပေးခဲ့ကြသော ကမ္ဘာအရပ်ရပ်မှ ထောက်ခံသူများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

နယူးဇီလန်ဝန်ကြီးချုပ်သည် ၎င်း၏သမီးငယ်ကို Neve ဟုအမည်ပေးထားကြောင်း ပြောကြားခဲ့ပြီး ၎င်းအော့ကလန်ဆေးရုံမှဆင်းပြီးနောက် အမျိုးသမီးတစ်ဦး နိုင်ငံ့အကြီးအကဲတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကလေးမွေးဖွားခြင်းမှာ အဆန်းမဟုတ်ကြောင်း ပြောခဲ့သည်။

ကလေးမွေးဖွားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ကြာသပတေးနေ့က လူထုကို စကားပြောခဲ့ရာ ၎င်းနှင့်၎င်း၏ချစ်သူ ကလာခ်ဂေးဖို့တို့သည် သမီးလေး၏ နာမည်အပြည့်အစုံကို Neve Te Ardern Gayford ဟု ပေးထားကြောင်း သမီးငယ်ကို ပွေ့ပိုက်ချီပိုးထားပြီး သတင်းထောက်များကို ဖြေကြားခဲ့သည်။

သမီးငယ်၏ အမည်မှာ တောက်ပသော၊ အလင်းရောင်ဖြာထွက်သောဟု အိုင်ယာလန်ဘာသာစကားဖြင့် အမည်ရသည်။ ၎င်းကလေးမွေးဖွားစဉ်အတွင်း ဗြိတိန်ဘုရင်မကြီး၊ မင်သားဟယ်ရီနှင့် ဆာဆက်မြို့စားကတော်တို့ အပါအဝင် နိုင်ငံတကာမှ လူပေါင်းများစွာက ဆုမွန်ကောင်းတောင်းပေးခဲ့ကြသည်။

ဂျက်စင်ဒါသည်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ရင်း မီးဖွားခွင့်ယူသော ကမ္ဘာ့ပထမဦးဆုံး အမျိုးသမီးဖြစ်သည်။ အနာဂတ်တွင်ကလေးငယ်များသည် ၎င်းတို့လုပ်ကိုင်ချင်သည့်အလုပ်အကိုင်၊ ပျော်ရွှင်မှုအစရှိသည်တို့ကို ကိုယ်တိုင်ရွေးချယ်နိုင်ရန်လည်း မျှော်လင့်ကြောင်း ၎င်းက ပြောခဲ့သည်။

ခြောက်ပတ်ကြာခွင့်ခံစားပြီးနောက် ဂျက်စင်ဒါသည် ၎င်း၏ချစ်သူ ကလာခ်ဂေးဖို့၏ အကူအညီဖြင့် မိခင်တာဝန်နှင့် ဝန်ကြီးချုပ်တာဝန်တို့ကို မျှတအောင်ထမ်းဆောင်ရတော့မည်ဖြစ်သည်။ ၎င်း၏ ချစ်သူဖြစ်သူမှာ နေအိမ်မှာတွင် သမီးငယ်ကို ပြုစုစောင့်ရှောက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆော်ဒီအာရေဗျ၌ တနင်္ဂနွေနေ့မှစ၍ အမျိုးသမီးများ တရားဝင်ကားမောင်းခွင့်ရရှိ

**ရီယာ့ဒ် ဇွန် ၂၄**
ဆော်ဒီအာရေဗျနိုင်ငံ၌ အမျိုးသမီးများ တနင်္ဂနွေနေ့မှစ၍ လမ်းမထက်တွင် ပထမဆုံးအကြိမ်အဖြစ် ကားမောင်းနှင်ခွင့်ရရှိသွားပြီဖြစ်သည်။ အမျိုးသမီးများအပေါ် ကားမောင်းခွင့် ပိတ်ပင်ထားခြင်းမှာ တရားဝင်အဆုံးသတ်သွားပြီဖြစ်သည်။ ဆော်ဒီနိုင်ငံသည် အမျိုးသမီးများ ကားမောင်းခွင့်ကို ပိတ်ပင်ထားသည့် ကမ္ဘာပေါ်တွင် တစ်ခုတည်းသော နိုင်ငံလည်း ဖြစ်သည်။ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကြောင့် ယင်းကဲ့သို့ ကြီးမားသောပြောင်းလဲမှု ဖြစ်ပေါ်လာခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းအပြောင်းအလဲကြီး မဖြစ်ပေါ်မီက အစိုးရ၏အမိန့်ကို ဆန့်ကျင်ကာကားမောင်းသော အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် ဖမ်းဆီးထောင်ချခြင်းခံရသည်။ ရီယာ့ဒ်မြို့နှင့်အခြားသော မြို့ကြီးများမှ အမျိုးသမီးများသည် ကားမောင်းခြင်းပိတ်ပင်ထားသည့်အမိန့် ဖယ်ရှားပေးလိုက်သည့်သန်းခေါင်ယံတွင် လမ်းမထက်၌ စုဝေးပျော်ရွှင်စွာ ကားမောင်းနှင်ခဲ့ကြသည်။ သွားဆရာဝန်တစ်ဦးဖြစ်သူ မိုနာသည် အမျိုးသမီးများကားမောင်းခွင့်ပိတ်ပင်ထားခြင်းကို ဖယ်ရှားသည့် အမိန့်ကြေညာမည့် သန်းခေါင်ယံအချိန်ကို စောင့်နေခဲ့ပြီး သန်းခေါင်ယံအချိန်ရောက်သည့်အခါ ခင်ပွန်းသည်ဖြစ်သူနှင့် ကလေးများကို ကားပေါ်တင်ဆောင်၍ ကားမောင်းနှင်ခဲ့သည်။ “ ကိုယ့်နိုင်ငံအတွင်းမှာ ပထမဦးဆုံးအကြိမ်ကားမောင်းခွင့်ရလို့ လွတ်လပ်တဲ့ခံစားမှုကို အပြည့်အဝရရှိခဲ့တယ်”ဟု ၎င်းကဆက်ပြောသည်။ အမျိုးသမီးများကားမောင်းနေသည့်ပုံကို ၎င်းတို့၏ မိသားစုဝင်များက ဓာတ်ပုံများရိုက်ထားပြီး တွစ်တာစာမျက်နှာပေါ်တွင် ပျော်ရွှင်စွာတင်ခဲ့ကြသည်။

ဆော်ဒီ၌ အမျိုးသမီးများ ကားမောင်းခွင့်မရှိမီအချိန်က အမျိုးသမီးများသည် လုပ်ငန်းခွင်သို့ သွားရောက်ရာတွင် အမျိုးသားယာဉ်မောင်းများအပေါ် မှီခိုနေရသည်။ အလုပ်အကိုင်အခွင့်အလမ်းများကို ပြုပြင်ပြောင်းလဲလိုသော ဆော်ဒီအိမ်ရှေ့မင်းသားသည် အမျိုးသမီးများ ယင်းတားမြစ်မှုကြောင့် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ယခုအခါ ဆော်ဒီနိုင်ငံ၌ ယာဉ်မောင်းလိုင်စင်ရရှိပြီးသူ အမျိုးသမီးသုံးသန်းထဲမှ အချို့သည် ၂၀၂၀ ပြည့်နှစ်တွင် ကားမောင်းခွင့်ရရှိမည် ဖြစ်သည်။ သို့သော် နိုင်ငံအတွင်းလိုင်ခွဲခြားမှုများ ရှိနေသေး၍ ကားမောင်းသည့်အမျိုးသမီးများ နှောင့်ယှက်ခံရမည်ကို ဆော်ဒီအမျိုးသမီးထုက စိုးရိမ်လျက်ရှိသည်။ အစိုးရက အမျိုးသမီး ယာဉ်မောင်းများအား နှောင့်ယှက်မှုများမပြုရန် တင်းတင်းကျပ်ကျပ် သတိပေးထားသည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### အီသီယိုပီးယား လူထုထောက်ခံပွဲတွင် လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရမှု ကုလရှုတ်ချ

**ဂျီနီဗာ ဇွန် ၂၄**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် အီသီယိုပီးယားဝန်ကြီးချုပ်တက်ရောက်သောလူထုထောက်ခံပွဲတွင်လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရမှုအတွက် ရှုတ်ချကြောင်း စနေနေ့က ကြေညာခဲ့သည်။ ယင်းတိုက်ခိုက်မှုကို ရှုတ်ချကြောင်း ထိခိုက်သူများအတွက်လည်းစိုးရိမ်မိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အီသီယိုပီးယားအစိုးရသည် ပြည်သူများနှင့်လည်း တစ်ထပ်တည်း ဝမ်းနည်းမိကြောင်း ဖော်ပြထားသည်။ စနေနေ့က အဒစ္စအဘာဘာတွင် ပြုလုပ်သော အီသီယိုပီးယားဝန်ကြီးချုပ်ကို ထောက်ခံသောလူထုဆန္ဒပြပွဲတွင် ရဲဝတ်စုံဝတ် လူတစ်ဦးက လူအုပ်ကြားထဲသို့ လက်ပစ်ဗုံးပစ်သွင်းခဲ့ရာ လူတစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ပါကစ္စတန်တာလီဘန်ခေါင်းဆောင် ဖက်ဇ်လူလာ သေဆုံးပြီးနောက် ခေါင်းဆောင်သစ်တင်

**အစ္စလာမ္မာဘတ် ဇွန် ၂၄**

ပါကစ္စတန် တာလီဘန်ခေါင်းဆောင် မူလာဖက်ဇ်လူလာ သေဆုံးသည်ဟု အတည်ပြုပြီးနောက် နောက်ထပ်ခေါင်းဆောင်သစ်အဖြစ် မက်ဖ်တီနိုအော်ဝါလီမက်ရှ်ဆတ်ကို ခေါင်းဆောင်သစ်အဖြစ်တင်မြှောက်ခဲ့ကြောင်း ပါကစ္စတန်တာလီဘန်အုပ်စုက ပြောသည်။ တောင်ဘက်ဝါဇီရစ္စတန်တွင် ကြီးစိုးနေသော ဝါလီသည် ပါကစ္စတန်တာလီဘန်အုပ်စုတွင် အစောပိုင်းကတည်းက လက်ထောက်အကြီးအကဲအဖြစ် တာဝန်ယူခဲ့သူလည်း ဖြစ်သည်။

စနေနေ့ကထုတ်ပြန်သော ထုတ်ပြန်ချက်တွင် တာလီဘန်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မိုဟာမက် ခိုရာဆာနီက ဇွန် ၁၃ ရက်တွင် အမေရိကန်တို့၏ ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တာလီဘန်ခေါင်းဆောင်သေဆုံးသွားပြီဟု အတည်ပြုပြောကြားခဲ့သည်။

ဖက်ဇ်လူလာ၏ သေဆုံးမှုသည် တာလီဘန်ပါကစ္စတန်များကို ပြင်းပြင်းထန်ထန် ထိခိုက်စေလိမ့်မည်ဟု အစောပိုင်းကာလကတည်းက ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူနှင့် အာဖဂန်သမ္မတတို့က ပြောသည်။

ပါကစ္စတန်နယ်စပ် အာဖဂန် အရှေ့ပိုင်းပြည်နယ် ကူနာစီရင်စုရှိ ပါကစ္စတန်တာလီဘန်များ၏ စခန်းသို့ ဖက်ဇ်လူလာ အလည်အပတ် သွားရောက်ပြီးနောက် ၎င်းလိုက်ပါလာသော ယာဉ်ကို ဒရုန်းမှပစ်လွှတ်လိုက်သော ဒုံးကျည် ပေါက်ကွဲခဲ့ပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပါကစ္စတန်လုံခြုံရေးအရာရှိများက ပြောသည်။ ဖက်ဇ်လူလာ၏ လုံခြုံရေးတာဝန်ယူသူ လေးဦးပါ သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပြည်သူတွေရဲ့ ယုံကြည်မှုကိုသိမ်းပိုက်ထားနိုင်တဲ့ အီသီယိုပီးယားဝန်ကြီးချုပ်

**ခြူးစန္ဒီမွေး**



အီသီယိုပီးယားနိုင်ငံမှာ အသက် ၂၀ နဲ့ ၃၀ကြားလူငယ်တွေဟာ တစ်လမှာ တစ်ကြိမ်လောက်စုဝေးပြီး စာပေအကြောင်း ဆွေးနွေးကြပါတယ်။ သူတို့အဖွဲ့ကိုလည်း စာအုပ်အသင်းလို့အမည်ပေးထားပါတယ်။ များသောအားဖြင့် စာပေအကြောင်းတွေပဲ ဆွေးနွေးကြတဲ့ ဒီအဖွဲ့တွင် အခုတစ်ခါမှာတော့ထူးထူးခြားခြား သူတို့နိုင်ငံရဲ့ အသက်အငယ်ဆုံးဝန်ကြီးချုပ် အာဘီအာမတ်အကြောင်း ဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ သူဟာပြီးခဲ့တဲ့မတ်လကမှ တိုင်းပြည်ရဲ့အမြင့်ဆုံးအာဏာကို ရရှိခဲ့ပြီးပျက်စီးလုဆဲဆဲ အီသီယိုပီးယားရဲ့ နိုင်ငံရေးအခြေအနေကို ပြန်လည်ဆွဲတင်ခဲ့ပါတယ်။

**အသက်အငယ်ဆုံးခေါင်းဆောင်**

အသက် ၄၁ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာ အာဘီဟာ အာဖရိကမှာ အသက်အငယ်ဆုံးခေါင်းဆောင်လည်း ဖြစ်တယ်။ သူဟာနည်းလမ်းဟောင်းတွေကို ကိုင်လှုပ်ပစ်သူလည်း ဖြစ်တယ်။ သူအာဏာရယူပြီးချိန်မှစလို့ မစ္စတာ အာဘီဟာ တိုင်းပြည်အနှံ့ လူထုနဲ့တွေ့ဆုံပွဲတွေလုပ်ပြီး လူထုရဲ့အသံကို နားထောင်တယ်။ သူဟာ ဆန္ဒပြမှုအတွင်း အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်တွေကြောင့် အသတ်ခံရတဲ့လူတွေအတွက်လည်း တောင်းပန်စကားဆိုခဲ့တယ်။ ပြီးတော့တိုင်းရင်းသားမျိုးနွယ်စုတွေကြား စုစည်းညီညွတ်ကြဖို့လည်း တောင်းဆိုခဲ့တယ်။ ပိုပြီးထူးခြားတာကသူဟာ နိုင်ငံရေးအရ မတူညီတဲ့ အတွေးအခေါ်တွေ အားလုံးကိုလည်း လက်ခံတယ်။ အရင်တုန်းကဆိုရင် ဒါမျိုးတွေဟာ အီသီယိုပီးယားမှာ မကြားဖူးတာတွေပါ။ သောကြာနေ့ကပဲ သူ့ရဲ့အစိုးရအဖွဲ့ဟာ တွစ်တာကနေတစ်ဆင့် ကြေညာမှုတစ်ခု ပြုခဲ့ပါတယ်။ အဲဒါကတော့ အတိုက်အခံအုပ်စုတွေကိုထောက်ခံသူ အသံလွှင့်ရုံနဲ့ ဝက်ဘ်ဆိုက်ပေါင်း ၂၆၄ ခုကိုအရင်က ပိတ်ထားခဲ့ပေမယ့် အခုအခါမှာတော့ ဒါတွေကို အဆုံးသတ်လိုက်ပြီလို့ ကြေညာခဲ့ပါတယ်။

**ခံစားချက်တွေနားလည်**

စာအုပ်အသင်းရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့အသက် ၃၃ နှစ်အရွယ် တက္ကသိုလ်မှ ကထိကတစ်ဦးဖြစ်သူ မက်ခွန်နမ်မန်ဂီရှာကတော့ လက်ရှိဝန်ကြီးချုပ်ဟာ သူတို့ရဲ့ခံစားချက်တွေကို နားလည်တယ်လို့ဆိုပါတယ်။ အီသီယိုပီးယားနိုင်ငံရေးမှာ လူငယ်မျိုးဆက်ပြတ်နေတာ ကြာပြီ။ လက်ရှိဝန်ကြီးချုပ်ဟာ သူတို့နဲ့ အသက်မကွာလို့သာ သူတို့ရဲ့ ခံစားချက်တွေကို နားလည်တာဖြစ်တယ်လို့ ပြောပါတယ်။ ပြည်သူ့မူဝါဒရေးရာကျွမ်းကျင်သူ အသက် ၃၁ နှစ်အရွယ် မဂ်ဒါဂီတာချူးကတော့ ဒါဟာ သွေးသစ်လောင်းတာပဲလို့ ပြောပါတယ်။ ဒီလိုမျိုး အပြောင်းအလဲတွေ ရှိလာပေမယ့် လူတိုင်းကတော့ အပြောင်းအလဲကို ဝမ်းပန်းတသာကြိုဆို မပေးနိုင်ပါဘူး။ စနေနေ့က ပြုလုပ်ခဲ့တဲ့ မစ္စတာအာဘီအတွက် ထောက်ခံပွဲ ကျင်းပနေစဉ် လူအုပ်ထဲကို လက်ပစ်ဗုံးပစ်သွင်းမှုကြောင့် လူတချို့ဒဏ်ရာရရှိခဲ့ပါတယ်။ ဝန်ကြီးချုပ်ကတော့ ဘေးကင်းခဲ့တယ်လို့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်။

**စမ်းသပ်မှုတစ်ခု**

အီသီယိုပီးယားဟာ နိုင်ဂျီးရီးယားပြီးရင်အာဖရိကမှာ ဒုတိယလူဦးရေအများဆုံးနိုင်ငံလည်း ဖြစ်တယ်။ ပြည်သူတွေရဲ့ လိုလားချက်ဖြစ်တဲ့နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ၊ ပြည်သူတွေ ကျေနပ်အားရအောင် စွမ်းဆောင်ပေးဖို့ဆိုတာက မစ္စတာအာဘီအတွက် စမ်းသပ်မှုတစ်ခု ဖြစ်လာမှာပါ။ နိုင်ငံရေးအရတော့ တစ်မူထူးခြားတဲ့ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ပြီးပါပြီ။ သူ့အရင်ခေါင်းဆောင်တွေ ထုတ်ထားတဲ့ အရေးပေါ်စည်းမျဉ်းတွေ၊ အထူးသဖြင့် နိုင်ငံတစ်ဝန်း ပျံ့နှံ့ကုန်တဲ့လူငယ်တွေရဲ့ ဆန္ဒပြမှုတွေကို၊ ထိန်းချုပ်ထားတဲ့ စည်းမျဉ်းတွေကို ဖယ်ရှားပေးခဲ့ပါတယ်။ လက်ရှိဝန်ကြီးချုပ်ဟာ ပြည်တွင်းက လူတွေကို ကောင်းကောင်းစည်းရုံးနိုင်ရုံသာမက အပြည်ပြည်ဆိုင်ရာက မိတ်ဖက်အဖွဲ့အစည်းတွေနဲ့လည်း မှန်ကန်စွာ ပေါင်းသင်းတတ်တဲ့လူလို့ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေတဲ့ အက်ဒစ်ဖော်ကျွန်းက အယ်ဒီတာမစ္စတာ တာမက်ဂျီအိုဂျစ်က ပြောပါတယ်။ အီသီယိုပီးယားနဲ့ နယ်စပ်မှာအချင်းများနေရတဲ့ အိမ်နီးချင်းလည်းဖြစ်၊ ပြိုင်ဘက်လည်းဖြစ်တဲ့ အီရီထရီးယားနဲ့လည်း ငြိမ်းချမ်းရေးရယူထားနိုင်တယ်လို့ မစ္စတာအာဘီရဲ့အစိုးရအဖွဲ့က ပြောပါတယ်။ ဒါဟာ လက်ရှိဝန်ကြီးချုပ်ရဲ့ခေါင်းခဲနေရတဲ့ လုံခြုံရေးဆိုင်ရာအကြီးဆုံးပြဿနာကို အဆုံးသတ်ပေးလိုက်တာပဲ ဖြစ်တယ်။

**အီဂျစ်ကိုသွားရောက်**

နိုင်ငံခြားငွေ ပြတ်တောက်မှု ပြဿနာကို ဖြေရှင်းပေးဖို့လည်း နိုင်ငံပိုင်လုပ်ငန်းကြီးနှစ်ခုက အစုရှယ်ယာတွေကို ရောင်းချတာမျိုး ပြုလုပ်သွားမယ်လို့ သိရပါတယ်။ ဒ့ါအပြင် အီသီယိုပီးယားဝန်ကြီးချုပ်ဟာ မကြာသေးခင်ကမှ အီဂျစ်ကို သွားရောက်ခဲ့ပါသေးတယ်။ သွားရောက်ရတဲ့ကိစ္စကတော့ နိုင်းမြစ်ပေါ်မှာ အီသီယိုပီးယားဘက်က ဆည်တည်ဆောက်တာနဲ့ ဆက်စပ်လို့ အီဂျစ်နဲ့ တင်းမာမှုတွေဖြေလျှော့နိုင်ဖို့ အရေး အီဂျစ်သမ္မတနဲ့ သွားရောက်တွေ့ဆုံခဲ့တာပဲ ဖြစ်တယ်။

**စီးပွားရေးလမ်းဖွင့်ပေးဖို့အချိန်တန်ပြီ**

အီဂျစ်ခရီးစဉ်နဲ့ပတ်သက်ပြီးတော့လည်း မစ္စတာအာဘီက သူဟာ ၁၅ နှစ်အတွင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် အီဂျစ်ကို သွားခဲ့တယ်။ အဲဒီအချိန်မှာ ၁၉၉၀ ပြည့်နှစ်က အိန္ဒိယကိုသွားရောက်ခဲ့တဲ့အချိန်ကို ပြန်ပြီးသတိရမိတယ်။ အဲဒီအချိန်တုန်းက အိန္ဒိယအစိုးရဟာ ငွေရေး ကြေးရေး အခက်အခဲနဲ့ ကြုံတွေ့နေတဲ့အချိန်ဖြစ်ပြီး အဲဒီဖြစ်ရပ်ကြောင့်ပဲ ကမ္ဘာမှာသူ့စီးပွားရေးကိုလမ်းဖွင့်ပေးဖို့ အချိန်ရောက်ပြီဆိုတာကို သတိပြုမိခဲ့တယ်လို့ မစ္စတာအာဘီက ပြောပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့အဆိုအရ လက်ရှိ အီသီယိုပီးယားမှာလည်း ငွေကြေးဖောင်းပွမှုနှုန်းက မြင့်နေပါတယ်။ နိုင်ငံခြားကကြွေးရှင်တွေကိုပေးဖို့ အကြွေးတွေလည်း ရှိပါသေးတယ်။ ငွေကြေးတန်ဖိုးကလည်းကျဆင်းနေတဲ့အတွက် အခြေခံလူတန်းစားတွေ ပြောတာကတော့ အခြေခံဆေးပစ္စည်းတွေဝယ်ဖို့တောင် မလွယ်ပါဘူးလို့ ပြောကြပါတယ်။

**လမ်းပွင့်တော့မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ**

မကြာသေးခင်နှစ်များအတွင်းလူဦးရေကလည်း တိုးပွားလာတယ်။ နေထိုင်သူ သုံးသန်းအတွက် တစ်ဝက်တစ်ပျက် ဆောက်လက်စတိုက်တွေကို နေရာအနှံ့မှာတွေ့နေရတယ်။ လေဆိပ်ကိုလည်း တရုတ်ရင်းနှီးမြှုပ်နှံသူတွေရဲ့ အကူအညီနဲ့ပြင်ဆင်နေတယ်။ နိုင်ငံပိုင်လုပ်ငန်းကြီးနှစ်ခုဖြစ်တဲ့ အီသီယိုတယ်လီကွန်းနဲ့ အီသီယိုပီယန်းအဲလိုင်းတို့ကို နိုင်ငံရပ်ခြားက ရင်းနှီးမြှုပ်နှံသူတွေအတွက် လမ်းဖွင့်ပေးတော့မှာပါ။ ယှဉ်ပြိုင်မှုမှာတော့နိုင်ငံရပ်ခြားက ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အရေးက တစ်ပြေးညီပဲရရှိမှာ ဖြစ်တယ်။ တကယ်လို့များ အီသီယိုပီးယားနိုင်ငံရဲ့ စီးပွားရေးဟာ လက်ရှိဝန်ကြီးချုပ်အတွက် စိန်ခေါ်မှုကြီးဆိုရင် အီရီထရီးယားနိုင်ငံနဲ့ ငြိမ်းချမ်းရေးစာချုပ်ဟာ စွန့်စားမှုကြီးတစ်ရပ်ပါလို့ အာဖရိကအပြည်ပြည်ဆိုင်ရာ ပဋိပက္ခလေ့လာရေးအုပ်စုမှ ညွှန်ကြားရေးမှူး ရာရှစ်အဗ္ဗဒီက ပြောပါတယ်။ နယ်စပ်မှာ အခြေချနေထိုင်တဲ့ အီသီယိုပီးယားတွေအတွက်တော့ နယ်စပ်ပြဿနာဟာ စိတ်မချမ်းမြေ့ဖွယ်ရာ တစ်ခုပါပဲ။

**လူငယ်ထုကိုကိုယ်စားပြု**

မစ္စတာအာဘီဟာ သူ့အရင်ခေါင်းဆောင်တွေနဲ့ မတူပါဘူး။ သူဟာ တိုင်းပြည်ရဲ့အကြီးဆုံး တိုင်းရင်းသားမျိုးနွယ်စုဖြစ်တဲ့ အိုရိုမိုမျိုးနွယ်စုကလာသူလည်းဖြစ်တယ်။ အဲဒီမျိုးနွယ်စုတွေဟာ အရေးမပါဘူးလို့ သတ်မှတ်ခံထားရတဲ့အတွက်လည်း နှစ်ပေါင်းများစွာ စောဒကတက်နေခဲ့တဲ့ သူတွေလည်း ဖြစ်တယ်။ မစ္စတာ အာဘီဟာ လူငယ်ထုကို ကိုယ်စားပြုပါတယ်။ စနစ်ကျနတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို မလုပ်ရသေးတာတောင် သူဟာ ပြုပြင်ပြောင်းလဲရေးသမားလို့ ပြည်သူတွေက သတ်မှတ်ထားပါတယ်။ သူဟာ တိုင်းပြည်ရပ်ခြားနဲ့ ပြည်တွင်းမှာရှိနေတဲ့ အတိုက်အခံခေါင်းဆောင်တွေနဲ့စေ့စပ်ညှိနှိုင်းတဲ့ ကိစ္စအကြောင်း ဘာမျှမပြောသေးပါဘူး။ သူဟာ သာမန်လူတန်းစားတွေကို ကျေနပ်စေပြီး ရဲ၊ တရားရေးနဲ့ သတင်းစာတို့ အမှီအခိုကင်းဖို့အတွက် ဆောင်ရွက်နေပါတယ်။

**မျှော်လင့်ချက်တွေ ထမ်းပိုးထားတဲ့လူ**

ဒါပေမယ့်လည်း ဒီစနစ်အောက်မှာ ဒါတွေကို အကောင်အထည်ဖော်နိုင်ပါ့မလားလို့လည်း သံသယဝင်ကြပါတယ်။ ဝန်ကြီးချုပ်ဟာအတိုက်အခံတွေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမလုပ်ရသေးတာကိုလည်း ထောက်ပြကြပါတယ်။ နောက်တစ်ကြိမ်ရွေးကောက်ပွဲကျရင် နိုင်ငံရေးအရပြုပြင်ပြောင်းလဲဖို့၊ လမ်းပြမြေပုံရေးဆွဲဖို့လည်း လိုပါသေးတယ်။ ဝန်ကြီးချုပ်အပေါ်မှာ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကတော့အများကြီးပါပဲ။

သူဟာ ပါတီဟောင်း၊ ဥပဒေဟောင်း၊ အစိုးရဟောင်းကို ဆက်လက်ဦးဆောင်နေတုန်းပါပဲ။ လက်ရှိပြည်သူတွေရဲ့မျှော်လင့်ချက်တစ်ပွေ့တစ်ပိုက်ကြီးကို ထမ်းထားရတဲ့ အာဘီအာမတ်ကရော ပြည်သူတွေရဲ့ လိုလားချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာလား။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **“ဒီလိုမျိုး အပြောင်းအလဲတွေ ရှိလာပေမယ့် လူတိုင်းကတော့ အပြောင်းအလဲကို ဝမ်းပန်းတသာကြိုဆို မပေးနိုင်ပါဘူး၊ စနေနေ့က ပြုလုပ်ခဲ့တဲ့ မစ္စတာအာဘီအတွက် ထောက်ခံပွဲကျင်းပနေစဉ် လူအုပ်ထဲကို လက်ပစ်ဗုံးပစ်သွင်းမှုကြောင့် လူတချို့ဒဏ်ရာရရှိခဲ့ပါတယ်၊ ဝန်ကြီးချုပ်ကတော့ ဘေးကင်းခဲ့တယ်လို့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်”**

# ကျွန်တော်နဲ့ ဘရပ်ဆဲလ် ခရီးစဉ်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ဘရပ်ဆဲလ်မြို့တော်ရဲ့ ဘူတာရုံရောက်တော့ ည ၈ နာရီ ကျော်နေပြီ။ ရထားခရီးက အဆင်ပြေလှတယ်။ ပါရီက ထွက်လာပြီး ရထားပေါ်မှာ ကွန်ပျူတာသုံးပြီး ပြင်ဆင်စရာတွေကို ပြင်ခွင့်ရခဲ့တယ်။ ဥရောပမှာ ရထားခရီးက အဆင်ပြေလှတယ်။ အထူးသဖြင့် အနောက်ဥရောပမှာ နိုင်ငံအတွင်း ရထားလမ်းနဲ့ ကုန်းလမ်းခရီးစဉ်တွေက ကွန်ရက်တွေ ဖွဲ့စည်းထားတာ။ လေယာဉ်လမ်းကြောင်းတွေလည်း အခုလိုပဲ။ ဒါကြောင့် သွားရေးလာရေးက အဆင်ပြေလှတာ။ ကျွန်တော် အီတလီနိုင်ငံ တူရင်းမှာ တာဝန်ယူစဉ် ပါရီမြို့ကို အမြန်ရထားနဲ့ပဲ သွားခဲ့တယ်။ အလွန်အဆင်ပြေလှတယ်။

### ခရီးဆက်ခဲ့

လာကြိုတဲ့ သံအမတ်ကြီး ဦးပေါ်လွင်စိန်နဲ့ အဖွဲ့ဝင်တွေက နွေးထွေးစွာကြိုပြီး ညစာစားဖို့ သံအမတ်ကြီးအိမ်ကို ခရီးထွက်ခဲ့ကြတယ်။ အိမ်ရောက်တော့ သံအမတ်ကြီးကတော် စီစဉ်ထားတဲ့ ထမင်းကို စားခဲ့ကြတယ်။ ညစာစားပြီး တည်းခိုမယ့် ဟိုတယ်ကို ခရီးဆက်ခဲ့တယ်။ တွေ့ဆုံပွဲက ညနေဘက်မှ လုပ်မှာမို့ နောက်တစ်နေ့နံနက်စာစားပြီး ကျွန်တော်တို့အဖွဲ့ဝင်လေးဦး ဟိုတယ်အနီးအနားကရှိတဲ့ သမိုင်းဝင်နေရာတွေကို ခြေကျင်လျှောက်ပြီး ခရီးထွက်ခဲ့ကြတယ်။ ဘရပ်ဆဲလ်မြို့က အလွန်လှပတင့်တယ်လှတာ။ အဆောက်အအုံတွေကလည်း ထည်ထည်ဝါဝါ။ ကမ္ဘာလှည့်ခရီးသည်တွေကလည်း အပြည့်။ နာမည်ကြီးလှတဲ့ ကော်ဖီဆိုင်မှာထိုင်ဖြစ်ခဲ့တယ်။ ဟိုတယ်ပြန်ပြီး ကျွန်တော်က သံအမတ်ကြီးနဲ့အတူ အီးယူရုံးက တာဝန်ရှိသူတွေနဲ့ တွေ့ဖို့သွားခဲ့ကြတယ်။ ဟိုရောက်တော့ ရခိုင်အခြေအနေနဲ့ အီးယူရဲ့ ကူညီပံ့ပိုးမှုအကြောင်းကို အသေးစိတ် ဆွေးနွေးခဲ့ကြတယ်။

အီးယူရဲ့အမြင်တွေကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ခဲ့သလို ကျွန်တော့်အနေနဲ့လည်း ကိုယ့်ရဲ့အခြေအနေ၊ အနေအထားကို တင်ပြခဲ့တယ်။ အီးယူဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ ကြိုးစားနေတာဖြစ်တယ်။ အစိုးရအနေနဲ့ နိုင်ငံတကာဖိအားတွေကို ကြောက်ရွံ့နေတာ မဟုတ်ပါဘူး။ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်နေတာသာ ဖြစ်တယ်။ ဒီလိုဆောင်ရွက်တာကို ပြည်တွင်းမှာ မျက်စိမှိတ်ဝေဖန်နေကြတာကို တွေ့ရတယ်။ နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးစားနေကြတယ်။ ပြည်တွင်းအရေးသာဖြစ်တယ်လို့ ငြင်းဆိုနေလို့ မဖြစ်ဘူး။ နိုင်ငံတကာရဲ့သဘော၊ အမြင်ကိုလည်း အသိအမှတ်ပြုရမယ်။ ဒါကြောင့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန်နဲ့ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့တာဖြစ်တယ်။

### ကော်မတီဖွဲ့စည်း

ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်တဲ့ကော်မတီကို ဖွဲ့စည်းခဲ့တယ်။ ဒီကော်မတီကို အကြံပေးဖို့ နိုင်ငံတကာက ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေ၊ ပြည်တွင်းက တာဝန်ရှိသူတွေနဲ့ ဖွဲ့စည်းပေးခဲ့တယ်။ နိုင်ငံခြားသားပါဝင်တဲ့ စုံစမ်းရေးကော်မရှင်ကိုလည်း ဖွင့်လှစ်မယ့်အကြောင်း မကြာမီကာလက ထုတ်ပြန်ပေးခဲ့တယ်။ ဒီလုပ်ရပ်တွေကို ဘေးက ဝေဖန်နေတာကို ဝမ်းနည်းစရာ မြင်နေကြတယ်။ ပြည်တွင်းအရေးအဖြစ် အမြင်ကျဉ်းကျဉ်းနဲ့ ကိုယ်လိုရာဆွဲပြီး အပြစ်တင်ဖို့၊ အခွင့်အရေးယူဖို့ ကြိုးစားနေတာဟာ အဆင့်အတန်းမဲ့တဲ့ လုပ်ရပ်မျိုးဖြစ်တယ်။ အခုချိန်မှာ အားလုံးက စည်းစည်းရုံးရုံးနဲ့ အဖြေရှာရမယ့်ကာလ။ နိုင်ငံရေးအကျိုးအမြတ်တစ်ခုတည်းကြည့်ပြီး အသံကောင်းဟစ်ရမယ့်အချိန် မဟုတ်ပါဘူး။

တွေ့ဆုံပွဲကို EIAS လို့ ခေါ်တဲ့ အီးယူအာရှလေ့လာရေးအဖွဲ့အစည်းမှာ ကျင်းပတာ။ သံအမတ်ကြီး ဦးပေါ်လွင်စိန်၊ ကျွန်တော်၊ အီးယူအဖွဲ့အစည်းက တာဝန်ခံနဲ့ EIAS က ညွှန်ကြားရေးမှူးတို့က တင်ပြမှုတွေလုပ်ခဲ့ကြတယ်။ ကျွန်တော် ပါရီမြို့က တင်ပြခဲ့တာကို အီးယူအဖွဲ့အစည်းအတွက် အဆင်ပြေမှုရှိအောင် ပြင်ဆင်ခဲ့တယ်။ ပရိသတ်တွေက ၁၀၀ နီးပါး။ ခန်းမရဲ့ တစ်ဖက်ခြမ်းမှာ ဘင်္ဂါလီလူမျိုးတွေက စုဝေးပြီး နေရာယူထားကြတယ်။ အခြေအနေကတော့ ပွဲကြီးပွဲကောင်းပဲ။ တစ်ဖက်ခြမ်းမှာတော့ အာဆီယံနိုင်ငံက သံအမတ်အချို့၊ မြန်မာသံရုံးက ဝန်ထမ်းနဲ့ ပညာရှင်တွေ။ ကျွန်တော်တို့အားလုံး တင်ပြအပြီး အမေးအဖြေကဏ္ဍ စချင်း စောစောက တစ်ဖက်ခြမ်းက ပရိသတ်တွေက မေးခွန်းမျိုးစုံနဲ့ ရိုဟင်ဂျာဆိုတဲ့ အသုံးအနှုန်းကို တွင်တွင်ကျယ်ကျယ်သုံးကြတယ်။ ပထမဦးဆုံး မေးခွန်းထုတ်တဲ့သူက အီးယူပါလီမန်ရဲ့ အမတ်တစ်ဦး။ ဒါပေမယ့် သူက အင်္ဂလန်နိုင်ငံက ဘင်္ဂါလီလူမျိုး။ သူ့လိုပဲ ကျန်တဲ့ ပုဂ္ဂိုလ်တွေက တစ်ဖက်နိုင်ငံမှာရှိတဲ့ ဒုက္ခသည်စခန်းတွေ ရောက်ဖူးခဲ့သူ။ အခုလို ပုံစံအမျိုးမျိုး၊ မေးခွန်းအမျိုးမျိုးကို ကျွန်တော်က ခေါင်းအေးအေးထားပြီး ဖြေဆိုခဲ့ပါတယ်။ သူတို့ရဲ့ မေးခွန်းတွေဟာ လက်တွေ့ ပကတိအခြေအနေကို အခြေခံတာ မဟုတ်ဘဲ ခံစားချက်အပေါ် အခြေတည်ထားခြင်းသာဖြစ်တယ်။

ကျွန်တော်က ရိုဟင်ဂျာဆိုတဲ့ အသုံးအနှုန်းကို လုံးဝလက်မခံတဲ့အကြောင်း။ ကျွန်တော်တို့နိုင်ငံမှာ အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသား လူ့အဖွဲ့အစည်း ၁၃၅ ခုရှိကြောင်း တင်ပြခဲ့တယ်။ ရခိုင်လူမျိုး အစ္စလာမ်ဘာသာကိုးကွယ်တဲ့ ကမန်လူမျိုးစု အကြောင်းလည်း တင်ပြခဲ့တယ်။ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမဟုတ်ဘဲ အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေဖြစ်ကြောင်း ရှင်းပြခဲ့တယ်။ တိမ်းရှောင်သွားသူတွေကို စနစ်တကျ ပြန်လည်လက်ခံဖို့ လုပ်ထားတဲ့ အစီအစဉ်တွေကိုလည်း ပြောပြခဲ့တယ်။ လူမျိုးတုံးအောင်လုပ်ဖို့ အစီအစဉ်တွေရှိရင် အခုလို ပြန်လည်လက်ခံဖို့ မရှိကြောင်း တင်ပြခဲ့တယ်။ တချို့မေးခွန်းတွေက တစ်ဖက်သတ်ဆန်လှတဲ့ မေးခွန်းတွေဖြစ်တယ်။ အခုလို အစွန်းရောက်တဲ့ မေးခွန်းမျိုးလေလေ ကျွန်တော်တို့ရဲ့ အနေအထားက ပိုမိုခိုင်မြဲလေလေသာ ဖြစ်ပါတယ်။

### မြေပြင်ရဲ့လုပ်ရပ်တွေနဲ့တုံ့ပြန်

နိုင်ငံတကာက စွပ်စွဲတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကို မြေပြင်ရဲ့လုပ်ရပ်တွေနဲ့ တုံ့ပြန်ရမှာသာဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ ကြိုးစားနေတာ။ ဘက်ပေါင်းစုံက ဝေဖန်ခံနေရရင် ကိုယ်လုပ်တာတွေဟာ မှန်တယ်လို့ ယူဆမိတယ်။ နိုင်ငံတကာက ပုံစံတစ်မျိုး၊ ပြည်တွင်းက ပုံစံတစ်ဖုံနဲ့ ဝေဖန်ပြစ်တင်နေကြတယ်။ ဘာလုပ်လုပ် အပြစ်ကိုသာမြင်ပြီး ပုံကြီးချဲ့နေကြတယ်။ ထိတ်လန့်အောင်လုပ်နေကြတယ်။ နိုင်ငံတကာရဲ့ ဖိအားကိုကြောက်စရာမလိုပေမယ့် သတိထားရမှာဖြစ်သလို ပြည်တွင်းက သဘောထားတွေကိုလည်း ဂရုစိုက်ရမှာသာ ဖြစ်တယ်။

အစိုးရအနေနဲ့ လှုပ်ရှားနိုင်တဲ့ဘောင်က ကျဉ်းပါတယ်။ အရာရာကို သိမ်သိမ်မွေ့မွေ့နဲ့ ကိုင်တွယ်နေရတာ။ တာဝန်ယူမှုကိုစွနဲ့ ပတ်သက်ပြီး လုပ်သင့်တာကို လုပ်ခဲ့တယ်။ လုပ်ဖို့လည်း အစီအစဉ်ရှိတယ်။ ဒီကိစ္စကိုလည်း သတိထားပြီး လှုပ်ရှားနေရတာ။ ပြည်တွင်းရဲ့ဖိအားတွေကလည်း မျိုးစုံ။ ပြည်တွင်း ပြည်ပ ဖိအားတွေကြောင့် စီးပွားရေးနယ်ပယ်မှာ ထိခိုက်မှုတွေရှိနိုင်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လျော့ပါးစေနိုင်တယ်။ ဒါကြောင့်လည်း UEHRD ရဲ့တာဝန်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရအောင် ကြိုးစားအားထုတ်ရမှာ။ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို လုပ်ပေးနိုင်ရင် အခက်အခဲတွေကို တစ်နည်းတစ်ဖုံ ရင်ဆိုင်နိုင်မှာဖြစ်တယ်။ အမှန်တော့ ကျွန်တော်တို့ ရင်ဆိုင်နေရတာက နိုင်ငံရေးဘောဂဗေဒပြဿနာသာ ဖြစ်တယ်။ နိုင်ငံရေးအဖြေတွေ ဖော်ထုတ်ဖို့ လိုအပ်သလို တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးမှုနဲ့ တုံ့ပြန်ဖို့ လိုအပ်တယ်။ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုရမှာသာဖြစ်တယ်။ ရင်းနှီးချင်စိတ်ရှိအောင် မက်လုံးတွေပိုပေးဖို့ လိုအပ်မယ်။

### ပုဂ္ဂလိကကဏ္ဍရဲ့အရှိန်နဲ့ လှုပ်ရှားဖို့လိုအပ်

ဒါကြောင့်လည်း နိုင်ငံတော်ကဦးစီးပြီး ပုဂ္ဂလိက ကဏ္ဍရဲ့ အရှိန်နဲ့လှုပ်ရှားဖို့လိုအပ်တယ်။ တစ်ဖက်ကလည်း ပထဝီအနေအထားကို မေ့လို့မဖြစ်ဘူး၊ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကို ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ ကြိုဆိုရပေမယ့် တာဝန်ကျေ ပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်အောင် ရုပ်လုံးဖော်ရမှာသာ ဖြစ်တယ်။ ကုလားတန်စီမံကိန်း၊ စစ်တွေပင်လယ်ဆိပ်ကမ်း၊ မောင်တောဒေသ စီးပွားရေးဇုန်၊ မြောက်ဦးယဉ်ကျေးမှုနယ်ပယ်၊ ငပလီကမ်းခြေဖွံ့ဖြိုးမှုတွေဟာ အရေးပါတဲ့ စီမံချက်တွေ၊ ဒါတွေကို အမြန်ဆုံး အကောင်အထည်ဖော်ရမှာ။

သံအမတ်ကြီး ဦးပေါ်လွင်စိန်က ပွဲအပြီးမှာ ကျေနပ်အားရကြောင်း အားပေးစကားပြောပါ တယ်။ အခုလို အချိန်ကုန်လူပန်းတဲ့အလုပ်ကို ကျွန်တော်ကတော့ ထူးခြားတဲ့ရလဒ်ရစေချင်တာ။ ကျွန်တော်တို့အဖွဲ့ကြောင့် ရခိုင်အခြေအနေကို ကမ္ဘာကအသိအမြင်တွေပြောင်း စေချင်တယ်။ အစိုးရအသစ်မှာ စိန်ခေါ်မှုတွေမျိုးစုံ။ နုနယ်လှတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဟာ အင်မတန်ထိလွယ် ရှလွယ်လှပါတယ်။ ရခိုင်အရေးကြောင့် ဒီမိုကရေစီခရီးမှာ အဟန့်အတား မဖြစ်စေချင်ဘူး။ ဒါကိုတော့စိုးရိမ်မိတယ်။ ဒီကြားထဲ တောကြောင်တွေက လက်ခမောင်းခတ်နေကြတာ၊ အပြောနဲ့မဟုတ်ဘဲ အလုပ်နဲ့ တုံ့ပြန်ရမှာ။

ကျွန်တော်ကတော့ ပြည်သူကိုယုံကြည်တယ်။ လူမျိုးရဲ့အင်အားကို စိတ်ချတယ်။ ဝေဖန်နေသူ၊ အပြစ်တင်သူတွေက အနည်းစု။ ပြည်သူအများက အေးချမ်းသာယာတဲ့နိုင်ငံကို မြင်လိုကြတယ်။ ပဋိပက္ခတွေချုပ်ငြိမ်းတာကို လိုလားတယ်။ လူမျိုးဘာသာမခွဲခြားဘဲ နေထိုင်လှုပ်ရှားလိုကြတယ်။ အစွန်းတရားကို လက်ခံမှာ မဟုတ်ကြဘူး။

> “ကျွန်တော်ကတော့ပြည်သူကိုယုံကြည်တယ်၊ လူမျိုး ရဲ့အင်အားကို စိတ်ချတယ်၊ ဝေဖန်နေသူ၊ အပြစ်တင်သူတွေက အနည်းစု၊ ပြည်သူ အများက အေးချမ်းသာယာတဲ့နိုင်ငံကို မြင်လိုကြတယ်၊ ပဋိပက္ခတွေ ချုပ်ငြိမ်းတာကို လိုလားတယ်၊ လူမျိုးဘာသာမခွဲခြားဘဲ နေထိုင် လှုပ်ရှားလိုကြတယ်၊ အစွန်းတရားကို လက်ခံမှာ မဟုတ်ကြဘူး”

### လုပ်သင့်လုပ်ထိုက်တာကို ရဲရဲဝံ့ဝံ့လုပ်ရမယ်

UEHRD က ရတဲ့ သင်ခန်းစာတွေဟာ ကျန်ရှိတဲ့ ဒေသတွေမှာလည်း အသုံးချနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ အပစ်အခတ်ရပ်စဲပြီးတဲ့ ဒေသတွေမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုကို လုပ်ဖို့လိုတယ်။ ဖြစ်နိုင်မယ်လို့လည်းယုံကြည်တယ်။ ကျွန်တော်တို့ဆောင်ရွက်နေတာ နိုင်ငံရေးမဟုတ်ဘူး။ နိုင်ငံ့အရေးဖြစ်တယ်။ လုပ်သင့်လုပ်ထိုက်တာကို ရဲရဲဝံ့ဝံ့လုပ်ရမယ်။ ရခိုင်ပြည်နယ်ရဲ့အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုမဏ္ဍိုင်နဲ့တရားစီရင်ရေး မဏ္ဍိုင်တွေကိုစည်းရုံးဖို့လိုအပ်တယ်။ ရခိုင်လူမှုရေးအဖွဲ့အစည်းတွေရဲ့အားကိုလည်း စုဆောင်းဖို့လိုအပ်တယ်။ သူတို့ရဲ့ခံစားချက်တွေကိုလည်း နားလည်တယ်။ စိုးရိမ်မှုတွေကိုလည်း အသိအမှတ်ပြုတယ်။ ဒါပေမယ့် နိုင်ငံတကာရဲ့ အမြင်လုပ်ရပ်တွေကိုလည်း သိဖို့လိုမှာ။ တစ်ဖက်တည်း ကြည့်လို့မဖြစ်ဘူး။ တွေ့ဆုံပွဲအပြီးမှာ လက်ဖက်ရည်သောက်ပြီးပရိသတ်တွေနဲ့စကားပြောဖြစ်တယ်။ အမြင်ချင်း ဖလှယ်ခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ဒီပွဲကိုစီစဉ်ပေးတဲ့ သံအမတ်ကြီး ဦးပေါ်လွင်စိန်ကို ကျေးဇူးတင်မိတယ်။ အစစအရာရာ အကူအညီပေးခဲ့တဲ့ သံရုံးမိသားစုတွေကိုလည်း အထူးပဲ ကျေးဇူးတင်ရပါတယ်။

ကျွန်တော်တို့ ပွဲအပြီး မြန်မာပြည်ပြန်ဖို့ လေယာဉ်ကွင်းကို သံအမတ်ကြီးက လိုက်ပို့တယ်။ ကျန်တဲ့အဖွဲ့ဝင်တွေက ရန်ကုန်ပြန်ကြမှာဖြစ်ပြီး ကျွန်တော်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာရှိတဲ့ ပါရပ်တက္ကသိုလ်မှာ ဟောပြောဖို့ စီစဉ်ထားတာ၊ သူတို့တစ်တွေနဲ့ ဗန်ကောက် လေယာဉ်ကွင်းမှာပဲ လမ်းခွဲခဲ့ကြတယ်။ ။

---

## တိုင်းရင်းဆေးအကြောင်း အသိပညာပေး ဟောပြော

**သံဖြူဇရပ် ဇွန် ၂၄**

တိုင်းရင်းဆေးနှင့်စပ်လျဉ်း၍ ပြည်သူများ လေ့လာသိရှိပြီး လိုအပ်ပါကလက်တွေ့ အသုံးချတတ်စေရန်ရည်ရွယ်ကာ သံဖြူဇရပ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် တိုင်းရင်းဆေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ယမန်နေ့က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းဝင့်ဝင့်ဆွေက ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ် တိုင်းရင်းဆေးဦးစီးမှူး ဒေါ်ဖြိုးဖြိုးအေးက ပတ်ဝန်းကျင်ရှိ အလွယ်တကူ ရှာဖွေရရှိနိုင်သော ဆေးဖက်ဝင်အပင်များကိုအသုံးချ၍ ကုသ ပျောက်ကင်းနိုင်သော ရောဂါများအကြောင်းကို အသိပေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေး ဖြေကြားသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



## ရမည်းသင်းမြို့၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး

**ရမည်းသင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို ဇွန် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသက်နိုင်အေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ဒေါက်တာ ညိုမီထွေးက တောင်သူများ စိုက်ပျိုးထားသော လယ်ယာမြေများတွင် အဓိကသီးနှံများ ဖျက်ဆီးတတ်သော ကြွက်များနှင့် ပတ်သက်၍ ကြွက်မျိုးရင်းဝင်များ၏ အဓိကထင်ရှားသော လက္ခဏာများ၊ ကြွက်မျိုးရင်းဝင် လေးမျိုး၊ ကြွက်အမျိုးမျိုးနှင့် ကာကွယ်နှိမ်နင်း နည်းများအစရှိသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်ကြသည့် တောင်သူများနှင့် ဝန်ထမ်းများက သိလိုသည်များကို ပြန်လည် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ထပ်ဆင့်တင်ပို့စနစ်ဖြင့် သကြားတင်ပို့၊ တင်သွင်းခွင့် ပြုလိုက်ခြင်းကြောင့် အလုပ်အကိုင်များ ပိုမိုရရှိလာနိုင်

ထပ်ဆင့်တင်ပို့ (Re-export) စနစ်ဖြင့် သကြားတင်ပို့၊ တင်သွင်းခွင့် ပြုလိုက်ခြင်းကြောင့် သကြား တန်ချိန်တစ်သန်းခန့် တင်ပို့နိုင်ပါက အလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး အလုပ်သမားခအနေဖြင့် ကျပ်သန်းပေါင်း ၄၀၀၀ ခန့် ရရှိလာမည်ဖြစ်ကြောင်း ကုန်သည်များက ဆိုသည်။

ယင်းစနစ်ဖြင့် သကြားတင်ပို့၊ တင်သွင်းခွင့်ကို ယခု ဇွန် ၁ ရက်မှစ၍ ပြန်လည်ခွင့်ပြုလိုက်ခြင်းကြောင့် စတင် တင်ပို့နေပြီဖြစ်ရာ လက်ရှိတွင် သကြား ၅၀ ကီလို တစ်အိတ်လျှင် အလုပ်သမားခအနေဖြင့် တင်ခ / ချခ ကျပ် ၂၀၀ ရရှိသဖြင့် တစ်တန်လျှင် အလုပ်သမားခ ကျပ် ၄၀၀၀ ခန့် ရရှိနေပြီး တန်ချိန်တစ်သန်းခန့် တင်ပို့နိုင်ပါက ခန့်မှန်းခြေ အလုပ်သမားခ ကျပ်သန်းပေါင်း ၄၀၀၀ ခန့် ရရှိလာမည်ဖြစ်ကြောင်း မန္တလေး-မူဆယ် သကြားကုန်သည် ဦးဟန်မင်းက ပြောသည်။

လက်ရှိ ထပ်ဆင့်တင်ပို့ သကြားတစ်တန် တင်သွင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၈၀ ဖြစ်ပြီး ပြန်လည်တင်ပို့ရောင်းချရာတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ ခန့် ရရှိကြောင်း သိရသည်။ “Re-export စနစ်ဟာ ပြည်တွင်းစားသုံးရန်ခွင့်ပြုတာ မဟုတ်ဘဲ တင်သွင်းခဲ့တဲ့ ပမာဏအတိုင်း ပြည်ပသို့ ပြန်လည်တင်ပို့ရန် ခွင့်ပြုတာဖြစ်ပါတယ်၊ မမှန်တင်ပို့တဲ့ ကုမ္ပဏီတွေကို အရေးယူတာတွေရှိတယ်၊ နိုင်ငံတော်အနေနဲ့လည်း Re-export (သကြား)ပေါ်မှာ စုစုပေါင်း အခွန်ငွေ ၄ ဒသမ ၅ ရာခိုင်နှုန်းရရှိတယ်၊ အလုပ်သမားခတွေ၊ ကုန်တင်၊ ကုန်ချစရိတ်တွေလည်း ရရှိလာတာ ဖြစ်တယ်”ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

ယင်းစနစ်ဖြင့် တင်သွင်းလာသော သကြားများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနေခြင်းကြောင့် ပြည်တွင်းရှိ ကြံနှင့် သကြားလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုများ ရှိနေကြောင်းလည်း ပြည်တွင်းသကြားလုပ်ငန်းရှင်အချို့က ပြောသည်။

မြန်မာနိုင်ငံတွင် ထပ်ဆင့်တင်ပို့စနစ်ဖြင့် စတင်ခွင့်ပြုသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သကြား တန်ချိန်ခုနစ်သိန်းကျော် ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၉၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် သိန်း ၂၀ ကျော် ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၁၂၂ သန်း ရရှိခဲ့ကာ အဆိုပါ ထပ်ဆင့်တင်ပို့ သကြားလိုင်စင်ထုတ်ပေးမှုကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှစ၍ ခေတ္တဆိုင်းငံ့ခဲ့ပြီးနောက် ယခုပြန်လည်၍ ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

**ဇာလင်းသူ(AMIA)**

**ဓာတ်ပုံ- ကေဇူး(AMIA)**



# မြို့နယ် ၁၀ ခုသို့ ရေပေးဝေနေသည့် မြန်မာနိုင်ငံ၏အကြီးဆုံး သဖန်းဆိပ်ရေလှောင်တမံကြီး

မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများ စိုက်ပျိုးသီးနှံ ပိုမိုထုတ်လုပ်နိုင်ရေး၊ သီးနှံများရေပေးဝေရေး၊ သောက်သုံးရေရရှိရေး၊ ရေဘေးကာကွယ်ရေး၊ ကျွဲနွားတိရစ္ဆာန်များ ရေလုံလောက်စွာရရှိရေး၊ ဒေသပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြန်မာတစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခဲ့သည်။

ထိုဆည်မြောင်းတာတမံများထဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်မှ သဖန်းဆိပ်ရေလှောင်တမံလည်း တစ်ခုအပါအဝင် ဖြစ်သည်။ သဖန်းဆိပ်ရေလှောင်တမံသည် မူးမြစ်ကို ပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ သဖန်းဆိပ်ရေလှောင်တမံ မတည်ဆောက်ခင်ကတည်းက ရွှေဘိုနယ်တွင် ရှေးမြန်မာမင်းများက ရေလှောင်တမံများ တည်ဆောက်ပေးခဲ့သည်ဟု သိရသည်။ ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်က ဝက်တိုးရွာအနီး မူးမြစ်ပေါ်၌ ရေလွှဲဆည်တစ်ခုတည်ဆောက်၍ ရေသွင်းစိုက်ပျိုးရေးစနစ်ကို စတင်ခဲ့သည်ဟု သိရသည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကလည်း မြင်းခွာတောင်အနီးတွင် မူးမြစ်ကို သစ်ခက်ဆည်ပိတ်၍ မဟာနန္ဒကန်တော်ရေသွင်းခြင်းနှင့် စိုက်ပျိုးရေပေးဝေခြင်းများကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေ အများဆုံးတည်ရှိသော မူးမြစ်ဝှမ်းဒေသအတွင်းရှိ ၁၀ မြို့နယ်မှ စိုက်ပျိုးမြေများကို ဆည်ရေပေးဝေပြီး စိုက်ပျိုးစွမ်းအား တိုးတက်စေရန်နှင့် ဒေသအတွင်း သောက်သုံးရေဖူလုံစေရန် ရည်ရွယ်၍ ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်တွင် သဖန်းဆိပ်ရေလှောင်တမံကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သဖန်းဆိပ်ရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ ၃၄၆၀ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၅၇၄၀၀၀၊ တမံအမျိုးအစား ဇုန်အမျိုးအစား မြေသားတမံ၊ တမံအမြင့် ၁၀၈ ပေ၊ တမံအလျား ၂၂၅၈၇ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၇၉၄၀၀၀၊ ရေထုတ်ပြွန်အမျိုးအစား၊ လျှပ်စစ်ဓာတ်အား ထုတ်ရန် ဖိအားမြင့် သံမဏိပိုက်၊ စိုက်ပျိုးရေအတွက် အရေးပေါ်အသုံးပြုရန် မြင်းခွာပုံ သံကူကွန်ကရစ်ပိုက်တစ်လုံး၊ ရေပိုလွှဲအမျိုးအစား ပင်မရေပိုလွှဲ (OGEE Type) ရေတံခါးတပ် သံကူ ကွန်ကရစ်၊ အကူရေပိုလွှဲ (OGEE Type) သံကူကွန်ကရစ်၊ ရေပိုလွှဲ အကျယ် ၄၃၇ ပေ၊ အကူရေပိုလွှဲ ၁၂၀၇ ပေ၊ ဆည်ရေပေးဝေမည့်ဧရိယာ ဧက ၅၆၆၂၇၀ ဖြစ်ကာ ၂၀၁၂ ခုနှစ်မှစ၍ ဆည်ရေပေးဝေလျက်ရှိသည်။



သဖန်းဆိပ်ရေလှောင်တမံ

သဖန်းဆိပ်ရေလှောင်တမံမှတစ်ဆင့် ဆည်ရေသိုလှောင်ကာ အောက်ဘက် ကိုးမိုင်ခန့်အကွာတွင် တည်ဆောက်ပြီးဖြစ်သည့် ကင်းတပ်ရေလွှဲတမံသို့ မူးမြစ်ရိုးအတိုင်း ရေလွှတ်ပေးခြင်းဖြင့် ကင်းတပ်ရေထိန်းတမံ၏ လက်ယာမြောင်းနှင့် လက်ဝဲမြောင်းတို့၏ ရေသောက်ဧရိယာ ဧက ၁၅၀၀၀၀ ကို ရေပေးဝေနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ကင်းတပ်ရေထိန်းတမံ အောက်ဘက်ရှိ ရှေးယခင်ကတည်းကရှိခဲ့သော ကာဘိုးရေလွှဲဆည်သို့လည်း မူးမြစ်ရိုးအတိုင်း ဆက်လက်ရေလွှတ်ပေးခြင်းအားဖြင့် ရွှေဘိုမြောင်းနှင့် ရေဦးတူးမြောင်းတို့၏ ရေသောက်ဧရိယာ ဧက ၁၅၀၀၀၀ ကို ဆည်ရေပေးဝေနိုင်ခဲ့သည်။

စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးမြေအများဆုံးတည်ရှိသော မူးမြစ်ဝှမ်းဒေသအတွင်းရှိ မြို့နယ်များသို့ သဖန်းဆိပ်ရေလှောင်တမံနှင့် ကာဘိုးရေလှောင်တမံများမှတစ်ဆင့် မူးမြစ်ရေဖြင့် စိုက်ပျိုးရေများ ပေးဝေရာ ရွှေဘိုမြို့နယ်တွင် ၈၄၁၉၆ ဧက၊ ဝက်လက်မြို့နယ်တွင် ၉၅၆၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၅၂၃၉ ဧက၊ ကန့်ဘလူမြို့နယ်တွင် ၃၂၇၂၂ ဧက၊ စစ်ကိုင်းမြို့နယ် ၄၀၁၉ ဧက၊ ရေဦးမြို့နယ်တွင် ၅၈၅၂၂ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၉၈၈၆ ဧက၊ အရာတော်မြို့နယ်တွင် ၄၇၂၃၄၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၈၂၁၉ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၂၃၄၂ ဧကနွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးခဲ့ရာ စုစုပေါင်း ၁၀ မြို့နယ်တွင် မြေဧက ၄၉၁၆၇၇ စိုက်ပျိုးလျက်ရှိသည်။

သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်ပြီး ၂၀၁၂ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိ နှစ်ပေါင်း ၁၅ နှစ်အတွင်း မိုးစပါး ၄၉၀၀၀၀ နှင့် နွေစပါး ၂၆၇၂၁၆ ၊ စုစုပေါင်း ၇၅၇၂၁၇ ထုတ်လုပ်စိုက်ပျိုးနိုင်ခဲ့သည်။ သဖန်းဆိပ်ရေလှောင်တမံ မတည်ဆောက်မီကာလက ကာဘိုးဆည်တစ်ခုတည်းဖြင့် တစ်နှစ်လျှင် စပါး ၂ ဒသမ ၈ သိန်းဧကသာ စိုက်ပျိုးနိုင်ခဲ့သည်။ ထိုနည်းတူ ကင်းတပ်ရေထိန်းတမံမှာလည်း တစ်နှစ်လျှင် ပျမ်းမျှ ဧက လေးသိန်းခန့်သာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခု သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်ပြီးနောက်ပိုင်းတွင် တစ်နှစ်လျှင် စပါးစိုက်ပျိုးနိုင်မှုမှာ ၇ ဒသမ ၅ သိန်းခန့်အထိ တိုးတက်လာနိုင်ခဲ့သည်။ ထို့အပြင် မူးမြစ်ဝှမ်းဒေသအတွင်းရှိ စိုက်ပျိုးမြေဧရိယာများအတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်ခြင်း၊ တမံအောက်ဘက် မူးမြစ်ဝှမ်းဒေသရှိ မြို့ရွာများ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ခြင်း စသော အကျိုးကျေးဇူးများလည်း ရရှိနေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် အကြီးဆုံးရေလှောင်တမံ ဖြစ်သည်သာမက အရှေ့တောင်အာရှတွင်လည်း အကြီးဆုံး ရေလှောင်တမံကြီးဖြစ်သည့် သဖန်းဆိပ်ရေလှောင်တမံကြီးသည် မူးမြစ်ဝှမ်းဒေသ မြို့နယ် ၁၀ ခု၏ စိုက်ပျိုးရေး ကဏ္ဍအတွက် အဓိကအကျိုးပြုသော ရေလှောင်တမံကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။ ။

**မောင်ထီလာ**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်း

**ဆန်၊ စပါး အငြိမ်နှင့် အတက်**

ပုသိမ်ဈေးကွက်မှာ ပထမတန်းစား စပါးဖြစ်တဲ့ ရောဝတီပေါ်ဆန်း၊ ပေါ်ဆန်းရင်တို့က ဈေးငြိမ်နေတာ အတော်ကြာပါပြီ။ ဒါပေမယ့် ဖျာပုံပေါ်ဆန်းကတော့ အနည်းငယ်ဈေးတက်လာခဲ့ပါတယ်။ စပါးဈေးတွေ ငြိမ်နေပေမယ့် ဆန်တွေက ပုံမှန်ဝယ်လက်ရှိသလို ကုန်စည်ဒိုင်တွေကို အဝင်နည်းလာတဲ့အတွက် ဈေးတက်လာတာဖြစ်တယ်လို့ သိရပါတယ်။

ပထမတန်းစားစပါးတွေ ဈေးငြိမ်နေပေမယ့် ဒုတိယတန်းစားဖြစ်တဲ့ ရွှေသွယ်လေး၊ ရောမင်း၊ မနောသုခ၊ မီးကောက်နဲ့ သီးထပ်ရင်တို့ကတော့ စပါးဈေးရော ဆန်ဈေးပါ တက်နေပါတယ်။ ရာသီဥတုအခြေအနေအရ ဆန်အဝင်နည်းခြင်း၊ မိုးတွင်းမှာ လုပ်သားရှားခြင်း၊ ဆန်စက်များ အလုပ်ရပ်နားထားခြင်းတို့ကြောင့် ဈေးတွေ အပြိုင်တက်လာတာလည်း ဖြစ်ပါတယ်။

ရွှေသွယ်လေးစပါးက တင်း ၁၀၀ ကို ကျပ် ၇၈၂၀၀၀ ကျော်ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း ကျပ်သုံးသောင်းကျော်၊ မနောသုခက တင်း ၁၀၀ ကို ၆၂၅၀၀၀ ကျော်ရှိပြီး ကျပ်ငါးထောင်ကျော်၊ မီးကောက်က တင်း ၁၀၀ ကို ကျပ် ၆၆၂၀၀၀ ကျော်ရှိပြီး ကျပ်ငါးသောင်းကျော် ဈေးတက်လာခဲ့ပါတယ်။ စပါးအပြင် ဆန်ကလည်း တစ်အိတ်ကို ကျပ် ၁၀၀၀ ကျော်စီ ဈေးမြင့်လာပြီး အနိမ့်ဆုံးဈေး ၂၅၅၀၀ ကနေ ၃၂၀၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

ပုသိမ်မှာတော့ ပထမတန်းစားဆန်တွေက ဈေးငြိမ်နေခဲ့ပေမယ့် ရန်ကုန်ဈေးကွက်မှာတော့ အဝင်နည်းပြီး အရောင်းအဝယ်ပုံမှန်ရှိတဲ့အတွက် ပထမတန်းစားဆန်ရော ဒုတိယတန်းစားဆန်တွေပါ ဈေးတက်လာခဲ့တာ တစ်လအတွင်း ဆန်ချောရော ဆန်ကြမ်းပါ တစ်အိတ်ကို အနိမ့်ဆုံး ကျပ် ၂၀၀၀ ကနေ ၃၀၀၀ အထိ မြင့်တက်ခဲ့ပါတယ်။

**မတ်ပဲ (FAQ/RC) မျှော်လင့်ချက်နဲ့ဆက်လှောင်**

မတ်ပဲကတော့ ပြည်ပဝယ်လိုအား လျော့နည်းခဲ့တဲ့အပြင် ဈေးကွက်အတွင်း လက်ကျန်ပဲတွေ ကျန်နေတာကြောင့် ဈေးကျဆင်းသွားခဲ့ပါတယ်။ ပဲလှောင်သူအချို့ကတော့ မတ်ပဲဈေး ပြန်တက်နိုင်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဆက်ပြီးလှောင်ထားဆဲအခြေအနေလည်း ဖြစ်နေပါတယ်။ ဇွန်လဆန်းပိုင်းကတည်းကစပြီး မတ်ပဲဈေးက တဖြည်းဖြည်း ကျဆင်းခဲ့တာ ဒီတစ်ပတ်မှာလည်း ပြီးခဲ့တဲ့အပတ်ကလို တစ်တန်ကို ကျပ် ၄၇၀၀၀၀ နီးနီးသာ ဈေးရရှိနေပြီး အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးငြိမ်နေပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ပဲဈေးငြိမ်နေသလို နယ်ကုန်စည်ဒိုင်တွေမှာလည်း ဈေးငြိမ်နေတာကို တွေ့ရပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ မတ်ပဲတစ်တင်းကို ကျပ် ၁၅၅၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၆၀၀၀ ရှိပြီး ကျပ်ငါးရာခန့် ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၆၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**ပဲစင်းငုံနီ ပြန်တက်လာ**

ပဲစင်းငုံနီက ပြီးခဲ့တဲ့အပတ်က မတ်ပဲနဲ့အတူတူ ဈေးကျဆင်းသွားခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပဲစင်းငုံနီဈေး ပြန်တက်လာခဲ့ပါတယ်။ ဈေးတက်တယ်ဆိုပေမယ့် ပြီးခဲ့တဲ့ အိန္ဒိယထုတ်ပြန်ချက်အပြီး တက်ခဲ့တဲ့ဈေးကိုတော့ မမီသေးပါဘူး။ လက်ရှိမှာ ပဲစင်းငုံနီအဟောင်းက ဈေးကွက်အတွင်း အရောင်းအဝယ်ပိုဖြစ်နေပြီး အသစ်ကတော့ အရည်အသွေးအားနည်းတဲ့အတွက် ဈေးအေးပြီး တစ်ချို့ရက်တွေမှာ အရောင်းအဝယ်မဖြစ်သလောက် ရှိနေပါတယ်။

တောင်သူတွေကလည်း အတက်ဈေးကိုမျှော်ပြီး အသစ်ထွက်ပဲတွေကို အရောင်းအဝယ် ထိန်းနေတဲ့အတွက် ပဲအဝင်နည်းပြီး ဈေးက မတ်ပဲလောက် အတက်အကျမကြမ်းဘဲ ရှိနေပါတယ်။ ဩဂုတ်လအမီ ပဲစင်းငုံ တန်ချိန်နှစ်သိန်းကို အိန္ဒိယကို တင်ပို့ရမှာဖြစ်တဲ့အတွက် ပဲစင်းငုံနီက ထပ်ပြီး ဈေးတက်နိုင်သေးတယ်လို့လည်း ကုန်သည်အချို့က သုံးသပ်ထားပါတယ်။

လက်ရှိ ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီ တစ်တန်ကို ကျပ်ငါးသိန်းကျော် ပေါက်ဈေးရှိနေသလို နယ်ကုန်စည်ဒိုင်တွေမှာလည်း တစ်ပတ်အတွင်း ဈေးတက်လာတာကို တွေ့ရပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ငွေကျပ် ၁၃၅၀၀၊ မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ငွေကျပ် ၁၅၆၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာ ငွေကျပ် ၁၅၆၀၀၊ ပြည်ကုန်စည်ဒိုင်မှာ ငွေကျပ် ၁၄၅၀၀ နဲ့ တစ်တင်းမှာ ကျပ် ၅၀၀ ခန့် ဈေးတက်လာပါတယ်။

**မြေပဲဆန်(ဆီဆန်) အတက် (လုံးဆန်) အငြိမ်**

ပြီးခဲ့တဲ့အပတ်က မြေပဲဆန်(ဆီဆန်)က ဈေးငြိမ်နေခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးတက်လာပါတယ်။ (လုံးဆန်)ကတော့ ပြီးခဲ့တဲ့အပတ်က ဈေးကျဆင်းခဲ့ပြီး ဒီတစ်ပတ်မှာ ဈေးငြိမ်သွားပါတယ်။ လက်ရှိမှာ ရာသီဥတုကြောင့် မြေပဲကြိတ်ခ၊ သယ်ယူပို့ဆောင်စရိတ်တွေ ကြီးမြင့်နေပြီး ကုန်သည်တွေကလည်း အတက်ဈေးကို မျှော်နေကြတဲ့အတွက် ထင်သလောက် အရောင်းအဝယ်မဖြစ်ဘဲ ရှိနေပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ မြေပဲဆံ(ဆီဆန်)တစ်ပိဿာကို ကျပ် ၂၄၅၀ ရှိပြီး ၁၀၀ ကျော် ဈေးတက်လာပါတယ်။ (လုံးဆန်)ကတော့ တစ်ပိဿာကို ၂၀၅၀ နဲ့ ဈေးငြိမ်နေပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာလည်း (ဆီဆန်) တစ်ပိဿာကို ကျပ် ၂၂၀၀၊ (လုံးဆန်) တစ်ပိဿာကို ကျပ် ၂၃၅၀ ရှိပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ဆီဆန်က ကျပ် ၂၂၅၀ နဲ့ လုံးဆန်က ကျပ် ၂၄၀၀ ရှိပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ လုံးဆန်ရော ဆီဆန်ပါ တစ်ပိဿာမှာ ကျပ် ၁၀၀ နီးပါး ဈေးတက်လာပြီး တစ်ပိဿာကို ကျပ် ၂၁၀၀ ကနေ ၂၃၅၀ ရှိပါတယ်။

**နှမ်းရောင်စုံ ဈေးတက်နေ**

နှမ်းရောင်စုံထဲက အချို့နှမ်းတွေက ဈေးတက်လာပြီး အချို့နှမ်းတွေကတော့ ဈေးကျဆင်းသွားပါတယ်။ လက်ရှိမှာ နှမ်းအသစ်တွေကလည်း ဈေးကွက်ထဲကို ဆက်တိုက်ဝင်ရောက်လာပြီး အချို့နှမ်းတွေကတော့ အဝင်မရှိတော့ဘဲ လက်ကျန်နှမ်းတွေကို ရောင်းချနေရတဲ့အတွက် ဈေးတက်နေပါတယ်။

**နှမ်းနက်** ။ ။ နှမ်းနက်ကတော့ ဒီတစ်ပတ်မှာ သိသိသာသာ ဈေးမြင့်တက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၅၀၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၂၅၀၀၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၆၀၀၀ နဲ့ မန္တလေးကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၄၀၀၀၀ ဈေး ရှိနေကြပါတယ်။

**နှမ်းညို** ။ ။ မုံရွာကုန်စည်ဒိုင်မှာ နှမ်းညိုတစ်တင်းကို ကျပ် ၃၈၀၀၀ နဲ့ တစ်တင်းမှာ ကျပ် ၁၀၀၀၊ မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၇၂၀၀ နဲ့ တစ်တင်းမှာ ကျပ် ၂၀၀၀ ကျော်၊ မန္တလေးကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၀၀၀၀ နဲ့ တစ်တင်းမှာ ကျပ် ၂၀၀၀ ခန့် ဈေးတက်လာပါတယ်။

**နှမ်းဖြူ** ။ ။ နှမ်းဖြူကလည်း မန္တလေးကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၆၀၀၀ ကျော် ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ်တစ်ထောင်နီးပါး ဈေးတက်လာပါတယ်။ မုံရွာနဲ့ မြင်းခြံကုန်စည်ဒိုင်တွေမှာလည်း နှမ်းဖြူတစ်တင်းကို ကျပ်တစ်ထောင်ခန့် ဈေးတက်လာပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# မော်လမြိုင်မြို့၊ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်ခြင်း



မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်း (၁၇-၆-၂၀၁၈)ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းထန်စွာတိုက်ခတ်မှုများကြောင့် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ တောင်ရိုးတန်းရှိ အထင်ကရ သမိုင်းဝင်စေတီတစ်ဆူဖြစ်သော ကျိုက်သလွံစေတီတော်အရှေ့ဘက်နှင့် အနောက်ဘက်မုခ် တောင်စောင်းများအနီး မြေပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ သမိုင်းဝင်ကျိုက်သလွံစေတီတော်ကြီး၏ ပျက်စီးမှုများအား ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ကျိုက်သလွံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၇-၂၀၂၃၃၄
(ခ) မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၅၇-၂၀၂၇၃၀၃
(ဂ) မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၅၇-၂၀၂၇၀၇၃

ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် အလှူငွေများကို ဦးမြင့်သန်းဝင်း ညွှန်ကြားရေးမှူး(ဖုန်း-၀၉-၅၁၈၆၅၃၆)၊ ဦးစိုးမြင့် ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၃၁၂၅၈၉၊ ဦးမြင့်အောင် ညွှန်ကြားရေးမှူး (ဖုန်း-၀၉-၅၃၂၂၅၈၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။ (Account No-0223 0202 2023 09302 KBZ Bank) သို့လည်း ပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် လယ်ယာမြေ ဧကရှစ်သောင်းနီးပါး ရေလွှမ်းမိုးနေ

**မန္တလေး ဇွန် ၂၄**

ယခုနှစ် ဧပြီလကုန်ပိုင်းနှင့် ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးကြောင့် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းမှ လယ်ယာမြေဧက စုစုပေါင်း ၇၇၆၃၉ ဧကခန့် ရေဝင်နစ်မြုပ်ခဲ့ပြီး ထိုအထဲမှ ၁၀၀၄ ဧကခန့်မှာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးများမှ သိရသည်။

"မန္တလေးတိုင်းမှာတော့ ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်မှုက အဲဒီလောက်မများဘူး၊ မန္တလေးတိုင်းမှာက မိုးရွာတာက ဖွဲဖွဲလေး ရွာနေတာများတယ်၊ ရေဝင်နစ်မြုပ်မှုတွေကတော့ အထွက်နှုန်းတွေ ဘာတွေထိခိုက်မှာပေါ့၊ ပျက်စီးမှုစာရင်းကလည်း ဧက ဆယ်ဂဏန်းမှာပဲ ရှိသေးတယ်၊ အမှန်တကယ် ပျက်စီးတာတွေကို တိုင်းဒေသကြီး သဘာဝဘေးရန်ပုံငွေကနေ ထောက်ပံ့ပေးလေ့ရှိတယ်၊ ဒီနှစ်လည်း ပျက်စီးစာရင်းတွေကို တင်ပြသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျင်မောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှုများကြောင့် ပုသိမ်ကြီးမြို့နယ်တွင် နှမ်းနှမ်း ၃၃၄ ဧက၊ ကျောက်ပန်းတောင်းမြို့နယ်တွင် နှမ်းနှမ်း ၂၁၆၉ ဧက၊ နွားထိုးကြီးမြို့နယ်တွင် မိုးကြိုနှမ်း ၅၅ ဧကခန့်အထိ ရေဝင်နစ်မြုပ်ခဲ့ပြီး ငါန်းဇွန်မြို့နယ်တွင် နှမ်းနှမ်း ၆၆ ဧကနှင့် အစေ့ထုတ်ပြောင်း တစ်ဧကခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရေဝင်နစ်မြုပ်သည့် စိုက်ခင်းများအနက် ပျက်စီးဆုံးရှုံးသည့်စိုက်ခင်းများသည် စိုက်ပျိုးမှုနောက်ကျသော စိုက်ခင်းများဖြစ်ပြီး စိုက်ခင်းအများစုမှာ သီးနှံများရိတ်သိမ်းပြီးဖြစ်သည့်အတွက် ထိခိုက်မှုအနည်းငယ်သာရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧပြီ ၂၇ ရက်မှ ဇွန် ၁၃ ရက်အထိ စာရင်းများအရ နွေစပါး ၄၈၀၇ ဧက၊ မိုးစပါး ၆၄၂၀၊ နှမ်းနှမ်း ၅၄၅၄၇ ဧက၊ မိုးနှမ်း၉၃၈ ဧက၊ မိုးကြိုပဲတီစိမ်း ၆၃၈၄ ဧက၊ မိုးပဲတီစိမ်း ၉၀၀ ဧက၊ မိုးမြေပဲ ၅၉ ဧက၊ နေကြာ ၂၀ ဧက၊ ပဲစင်းငုံ ၁၁ ဧကနှင့် အခြားသီးနှံ သုံးဧကခန့် ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးမှုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ သီးသန့်သဘာဝဘေးရန်ပုံငွေထဲမှ ထောက်ပံ့ပေးရန်အတွက် တင်ပြသွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သော စပါးခင်းများအတွက်လည်း အမြန်ဆုံးအစားထိုးနိုင်ရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြထားကြောင်း သိရသည်။

**ထက်အောင်(AMIA)**

## ပေါ်ဆန်းမွှေးစပါး ဧက ၁၃ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ ဆွေးနွေးပွဲကို ဇွန်လ ဒုတိယပတ်အတွင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ပေါ်ဆန်းမွှေး ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အကြံပေးပညာရှင် ဒေါက်တာစိန်လှဗိုလ်နှင့် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ ဆွေးနွေးပွဲအကြောင်း မိတ်ဆက်ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်များက မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာဆိုင်ရာ စာတမ်းများကို တင်သွင်းဖတ်ကြားခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း နွေစပါးနှင့် မိုးစပါး စုစုပေါင်း ဧက ၁၇၉ သိန်းကျော် စိုက်ပျိုးခဲ့ပြီး ထိုအထဲတွင် ပေါ်ဆန်းမွှေးစပါးကို ဧက ၁၃ သိန်းကျော် စိုက်ပျိုးခဲ့သည်။ ပေါ်ဆန်းမွှေးစပါးမျိုးကို ဒေသအသီးသီးတွင် စိုက်ပျိုးလျက်ရှိပြီး ၁၉၉၇-၁၉၉၈ ခုနှစ်က ရွှေဘိုမြို့၌ စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ ဒေသရေမြေနှင့် ကိုက်ညီသဖြင့် အနံ့အရသာ ထူးခြားကောင်းမွန်ပြီး စပါးအထွက်လည်းကောင်းကာ အောင်မြင်မှု ရရှိခဲ့သည်။ ပေါ်ဆန်းမွှေးဆန်သည် အရည်အသွေး ကောင်းမွန်ခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားများသလို ဈေးကောင်းရရှိကာ ဈေးကွက်ခိုင်မာလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## တရုတ်နိုင်ငံမှအာလူးများ တရားမဝင် ဝင်ရောက်နေမှုကို စစ်ဆေးထိန်းချုပ်သွားမည်

**တောင်ကြီး ဇွန် ၂၄**

တရုတ်နိုင်ငံမှ အာလူးများ တရားမဝင် ဝင်ရောက်နေမှုကို စာထုတ်၍ နယ်စပ်ဒေသရှိ ဂိတ်ပေါက်များတွင် စစ်ဆေးထိန်းချုပ်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

လက်ရှိတွင် အာလူးမျိုးကောင်းမျိုးသန့်များ ဝယ်ယူစိုက်ပျိုးနိုင်ရေး အပါအဝင် တောင်သူများ ချေးငွေပိုမိုရရှိရေး၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရေးတို့ကို ဆောင်ရွက်နေပြီး နယ်စပ်ဒေသမှ အာလူးများ တရားမဝင် တင်သွင်းရောင်းချနေမှုများကိုလည်း ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြောကြားသည်။

ပြီးခဲ့သည့် မေလ ၂၅ ရက်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဟဲဟိုးအာလူးအစုအဖွဲ့မှ အာလူးစိုက်တောင်သူများ တွေ့ဆုံကာ တရုတ်နိုင်ငံမှ အာလူးများ တရားမဝင် ဝင်ရောက်နေမှုကို ထိန်းချုပ်ပေးရန်နှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနကလည်း ပြည်နယ်အတွင်းရှိ စိုက်ပျိုးမြေ အရည်အသွေးကို စစ်ဆေးစမ်းသပ်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။ ရှမ်းပြည်နယ်အတွင်း အရည်အသွေးမပြည့်ဝသည့် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအတုများ ရောင်းချနေမှုကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စစ်ဆေးမှုများပြုလုပ်ကာ အရေးယူ ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုးကြိုအာလူး၊ ဆောင်းအာလူး၊ နွေအာလူး အစရှိသဖြင့် ရာသီအလိုက် စိုက်ပျိုးကြပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီကျော်လွန်သော ရာသီများတွင် စိုက်ပျိုးစရိတ်ထက်လျော့နည်းသော ဈေးနှုန်းများဖြင့် အရှုံးခံ ရောင်းချရကြောင်း တောင်သူများက ဆိုသည်။ အာလူးကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တောင်ကြီး၊ ကလော၊ ပင်လောင်း၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ဆီဆိုင်၊ ဟိုပုံး၊ ရပ်စောက်နှင့် နောင်တရား၊ လွိုင်လင်၊ လဲချား၊ နမ့်ဆန်၊ ကွန်ဟိန်း၊ ကျေးသီး၊ မိုင်းကိုင်၊ မိုင်းရှူး၊ လင်းခေး၊ မိုးနဲ၊ မိုင်းပန် စသည့် မြို့နယ်များတွင် စိုက်ပျိုးကြပြီး အထူးသဖြင့် တောင်ကြီးမြို့နယ် နောင်တရားဒေသနှင့် ဟဲဟိုး၊ အောင်ပန်းနှင့် ကလောမြို့နယ်များတွင် အဓိက စိုက်ပျိုးကြသည်။

**ဇာလင်းသူ(AMIA)**

## မြို့သစ်မြို့နယ်၌ စိုက်ခင်းများ ပိုးမွှားရောဂါကာကွယ်ရေး ပညာပေး

**မြို့သစ် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ယခု ဇွန်လအတွင်း မိုးကြီး၍ ရေလွှမ်းခြင်းကြောင့် စိုက်ပျိုးထားသော မိုးမြေပဲ၊ မိုးနှမ်း၊ မိုးပဲတီစိမ်း၊ မိုးအစေ့ထုတ်ပြောင်း၊ မိုးစပါးနှင့် နွေနှမ်းသီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှုရှိခဲ့ရာ ဇွန် ၂၄ ရက်အထိ စုစုပေါင်း စိုက်ဧရိယာ ၁၉၈၉၀ ဧက ရေလွှမ်းမိုးမှုနှင့် ထိခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

အဆိုပါ သီးနှံစိုက်ခင်းများတွင် သီးနှံထိခိုက်ပျက်စီးမှု လျော့နည်းစေရေးနှင့် ပိုးမွှားရောဂါ ကျရောက်မှုများမှ ကြိုတင်ကာကွယ်ရေးအတွက် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ခရိုင်မြေအသုံးချရေးဌာနခွဲတို့မှ တာဝန်ရှိသူများ၊ မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရုံးတောကျေးရွာ၊ ဝါးကြီးအိုင်ကျေးရွာနှင့် နွားလုကျေးရွာများသို့ ကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံ၍ ပညာပေးခြင်းနှင့် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက ရုံးတောကျေးရွာ၊ ဝါးကြီးအိုင်ကျေးရွာနှင့် နွားလုကျေးရွာများသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဌာနခွဲများမှ တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်းကာ မိုးသီးနှံစိုက်တောင်သူများအား တွေ့ဆုံ၍ စိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှု လျော့နည်းစေရေးအတွက် ထရိုင်ကိုဒါးမား မှိုမျိုးစေ့ထုပ်များ ပွားများဖြန့်ဖြူးပေးခြင်းနှင့် ပိုးမွှားကျရောက်ဖျက်ဆီးမှု ကြိုတင်ကာကွယ်ရေးအတွက် ထရိုင်ကိုဂရမ်းမား ဥကပ်ပါးနကျယ်ကောင်များ လွှတ်ပေးခြင်းတို့ကို ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

မြို့သစ်မြို့နယ်အတွင်း ဇွန် ၉ ရက်မှ ၁၄ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ယခုအချိန်အထိလည်း စဉ်ဆက်မပြတ် မိုးတဖွဲဖွဲရွာသွန်းနေသဖြင့် မိုးကောင်းသောက်ယာမြေများတွင် စိုက်ပျိုးထားသော မိုးနှမ်း၊ မိုးမြေပဲ သီးနှံစိုက်ခင်းများ၌ မှိုရောဂါကျရောက်မှုများရှိနေပြီး ထိန်းချုပ်ရခက်ခဲသည့်အခြေအနေ ဖြစ်နေကြောင်း ရုံးတောကျေးရွာရှိ တောင်သူအချို့၏ ပြောကြားချက်အရ သိရသည်။

**လှဝင်း(နတ်မောက်)**

## မြို့သစ်မြို့နယ် ဆဒ္ဒန်ရေလှောင်တမံမှ မိုးစပါး ဧကတစ်သောင်းနီးပါးအတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့

**မြို့သစ် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်ရှိ ဆဒ္ဒန်ရေလှောင်တမံမှ ၂၀၁၇ ခုနှစ်က မိုးစပါး ၉၉၁၂ ဧကအတွက် ရေပေးဝေနိုင်ခဲ့ကြောင်းနှင့် မိုးစပါး ရေပေးဝေပြီး ရေကျန်ပမာဏအရ နွေစပါး ၆၈၅ ဧက ထပ်မံစိုက်ပျိုးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ရုံးမှ သိရသည်။

အဆိုပါ ဆဒ္ဒန်ရေလှောင်တမံသည် မြို့သစ်မြို့နယ် ထနောင်းကွင်းကျေးရွာ အထက်ဘက် တစ်မိုင်ခန့်အကွာ၌ရှိပြီး တည်ဆောက်ရေး(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(မကွေးမြို့)က တာဝန်ယူ၍ ၁၉၉၅-၁၉၉၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် တည်ဆောက် ပြီးစီးခဲ့ကြောင်း၊ မြို့သစ်မြို့နယ်အတွင်းရှိ လယ်မြေ ၉၇၁၂ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆဒ္ဒန်ချောင်းပေါ်တွင် တည်ဆောက်ခဲ့ကြောင်း၊ အလျား ပေ ၁၀၀၀၊ အမြင့် ၁၂၂ ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၅၀၀၀ သိုလှောင်နိုင်သည့် မြေသားရေလှောင်တမံတစ်ခုဖြစ်ကြောင်း သိရသည်။



အဆိုပါရေလှောင်တမံ တည်ဆောက်ပြီးစီးသည့်နှစ်မှစ၍ မိုးရွာသွန်းမှုနှင့် ရေဝင်ရောက်မှုများသဖြင့် နှစ်စဉ် ကန်ရေပြည့်အထိ ရေသိုလှောင်နိုင်ခဲ့ပြီး မြောင်းဆုံးမြောင်းဖျားအထိ အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့ကြောင်း၊ ဆဒ္ဒန်ရေလှောင်တမံမှ စိစစ်ဧက ၉၇၁၂ ဧကတွင် နှစ်စဉ်ပျမ်းမျှ မိုးစပါးဧက ၁၀၀၀၀ အထိ တိုးချဲ့၍ စိုက်ပျိုးရေ၊ အောင်ရေ ပေးဝေနိုင်ခဲ့ပြီး နွေစပါးအတွက် ကန်တွင်းရေလက်ကျန်အပေါ် မူတည်၍ နှစ်စဉ်ပျမ်းမျှ ဧက၁၅၀၀ အတွက် ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

ဒေသခံတောင်သူလယ်သမားများ၏ စီးပွားဖြစ်စိုက်ပျိုးဖြစ်ထွန်းလိုမှုနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်မြင်တွေ့ရသည်။ ဒေသခံတောင်သူများနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆဒ္ဒန်ရေလှောင်တမံကြီးသည် နှစ်ပေါင်းများစွာ အကျိုးပြုနေမည်ဖြစ်သည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# ဖားကန့်ဒေသ ဥရုချောင်းအတွင်း ရေထုညစ်ညမ်းမှုကြောင့် ငါးများရှားပါးနေ

**ဖားကန့် ဇွန် ၂၄**

ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသ၌ ရွှေနှင့် ကျောက်မျက်တူးဖော်မှုများ၊ အမှိုက်စွန့်ပစ်မှုများကြောင့် ဥရုချောင်းအတွင်းမှရေများ နောက်ကျိညစ်ညမ်းလာပြီး ငါးနှင့် အခြားရေနေသတ္တဝါများ ရှားပါးလာကာ ဒေသခံများ အနေဖြင့် အခြားဒေသများမှ ငါးများကို ဝယ်ယူစားသုံးနေကြရကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ် ၂၀ ဝန်းကျင်လောက်က ဥရုချောင်းထဲ ငါးကြင်းကြီးတွေ၊ ငါးရွှေးကြီးတွေနဲ့ တခြားရေနေသတ္တဝါတွေ အများကြီးရှိခဲ့တယ်၊ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကျောက်မျက်တူးဖော်ရေးတွေလုပ်လာပြီး တဖြည်းဖြည်းနဲ့ ငါးတွေရှားပါးသွားတယ်"ဟု ဖားကန့်တွင် နှစ် ၄၀ ကျော် နေထိုင်ခဲ့သူ ဦးစိုးနိုင်ဦးက ပြောသည်။

လက်ရှိတွင် ငါးလုပ်ငန်းလုပ်ကိုင်သူနှင့် ငါးရှာသူအချို့ ရှိသော်လည်း တစ်ဝမ်းတစ်ခါးအတွက်ပင် မလွယ်ကူကြောင်း၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ချောင်းရေ၏အရည်အသွေး အဆိုးရွားဆုံး ထိခိုက်လာပြီး သဘာဝရေအရင်းအမြစ်များပါ ဆုံးရှုံးခဲ့သည့်အတွက် ငါးများမရှိတော့ကြောင်း၊ ဒေသ၏ ငါးစားသုံးမှုအတွက် မိုးကောင်း၊ အင်းတော်ကြီးဒေသနှင့် အောက်ပိုင်းမှ ရေခဲရိုက်ငါးများ တင်သွင်းနေရပြီး လက်ရှိ ငါးတစ်ပိဿာလျှင် ၆၀၀၀ ကျပ်၊ ခုတ်သားတစ်ပိဿာလျှင် ၈၀၀၀ ကျပ် ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနေရကြောင်းလည်း ၄င်းက ဆက်ပြောပြသည်။

ရေထုညစ်ညမ်းနေမှုနှင့်ပတ်သက်၍ ကချင်ပြည်နယ် ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူ ဆရာဦးလကျုံဟောင်းခေါင်က "ဖားကန့်ဒေသက ဥရုချောင်းဟာ သေချာသလောက်နီးပါးကို ရေထုညစ်ညမ်းမှု ဖြစ်နေတယ်လို့ ယူဆပါတယ်၊ ဘာလို့ဆို ချောင်းထဲစွန့်တဲ့အမှိုက်တွေနဲ့ စွန့်ပစ်မြေစာတွေ၊ ရွှေမျောတိုက်ရာမှာ အသုံးပြုတဲ့ ပြဒါးတွေက ချောင်းထဲပဲသွားနေတော့ ရေသောက်လို့ မရတော့ဘူး၊ ငါးဖမ်းစားလို့လည်း မရတော့ဘူး၊ ဒါဟာ ရေရှည်မှာ ပိုမိုဆိုးရွားသွားနိုင်တယ်လို့ မြင်ပါတယ်"ဟု ပြောကြားသည်။



ဥရုချောင်းကမ်းပါးတစ်နေရာမှ အမှိုက်ပုံတစ်ပုံ

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများသည် ရေသယံဇာတကို ဆိုးရွားစွာထိခိုက်စေသည့် အဓိကအချက်ဖြစ်ပြီး ရွှေရှာရာတွင်သုံးသည့် ပြဒါးသည် ငါးမျိုးစိတ်များကို မျိုးတုံးစေသကဲ့သို့ လူများ ပြဒါးအဆိပ်သင့်ပါက ဗဟိုအာရုံကြောစနစ်ကို ထိခိုက်ကာ မျိုးဆက်မအောင်သည့် အခြေအနေမျိုးအပြင် အသက်အန္တရာယ်ပါ ထိခိုက်နိုင်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ဖားကန့်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းက "အရင်ကဆိုရင် ဒီဥရုချောင်းရေကိုပဲ သောက်သုံးရသလို ချောင်းထဲကငါးတွေကိုပဲ ဒေသခံတွေက မှီခိုစားသုံးရတာပေါ့၊ အခုတော့ ဒေသခံတွေက ကော်ဖီချောင်းလို့ ခေါ်တာပေါ့၊ ချောင်းဖျားပိုင်း မှော်ပုံရွာအောက်ဘက်ကစပြီးတော့ ရေတွေက နောက်ကျိလာတယ်၊ အဲဒီအခါကျတော့ ဘာငါးမှ မနေနိုင်ပါဘူး"ဟု ဆိုသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ စစ်တမ်းကောက်ယူမှု စာရင်းဇယားများအရ ဖားကန့်ဒေသတွင် ငါး၊ ပုစွန် မွေးမြူရေးကန် ၆၈ ခု၊ ကေပေါင်း ၁၁၅ ဒသမ ၅၄ မှ ငါး ၇၇ ဒသမ ၂၁၉ ပိဿာ ထွက်ရှိနေပြီး ဒေသခံလူဦးရေ ၁၂၅၀၃၃ ဦးနှင့် ရွှေ့ပြောင်းလုပ်သား တစ်သိန်းခွဲခန့်၏ ငါးစားသုံးမှုအတွက် လုံလောက်မှုမရှိကြောင်း သိရသည်။

ဥရုချောင်းတစ်လျှောက် ရွှေတူးဖော်မှုလုပ်ငန်းများနှင့် ဆက်စပ်၍ ရေသယံဇာတနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကို WCS၊ စင်ကာပူအခြေစိုက် INGO အဖွဲ့အစည်းတစ်ခုနှင့် ဒေသခံအဖွဲ့အစည်းတစ်ခုတို့ ပူးပေါင်း၍ ကာလတိုစစ်တမ်းကောက်ယူလျက်ရှိကြောင်းလည်း သိရသည်။

ဥရုချောင်းသည် ဖားကန့်မြို့နယ်အတွင်း ကံဆီးဒေသ လမာဘွမ်တွင် မြစ်ဖျားခံ စီးဆင်းလာကာ လုံးခင်း၊ ဖားကန့်မြို့ဟောင်ပါးနှင့် ဆယ်ဇင်းကျေးရွာများကို ဖြတ်သန်းစီးဆင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်၍ ရေမိုင် ၁၂၀ ခန့် ရှည်လျားသည့် ချောင်းတစ်ခုဖြစ်သော်လည်း ယခုအခါတွင် ရေထုညစ်ညမ်းနေသည့်အတွက် ငါးများ တစ်နေ့ထက်တစ်နေ့ ပို၍ရှားပါးလာလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ်တွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုပေး

**သုံးခွ ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာမှ ပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုများကို အထူးကုဆရာဝန်ကြီးများအဖွဲ့က ဇွန် ၂၃ ရက်က အဆိုပါကျေးရွာ ဘုရားကြီးကျောင်းတိုက်၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မေစု ဦးဆောင်၍ သားဖွားနှင့် မီးယပ်အထူးကု၊ ကလေးရောဂါအထူးကု၊ အထွေထွေရောဂါအထူးကု ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့က အခမဲ့ ကွင်းဆင်းကုသပေးခြင်းဖြစ်ကာ ပျဉ်းမကန် စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူ ၄၀၅ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ဆေးဝါးကုသပေးသည့်အပြင် ကျန်းမာရေးဆိုင်ရာ ဗဟုသုတ အသိအမြင်များ တိုးပွားစေရန်နှင့် ကလေးငယ်များအနေဖြင့်လည်း အသိအလိမ္မာတိုးအောင် စာဖတ်ကြရန်တို့ကို ဆရာဝန်ကြီးများက ပညာပေးဟောပြောခဲ့ကြသည်။ **ကိုကျော်(သုံးခွ)**

## ထီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**ထီးလင်း ဇွန် ၂၄**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)နှင့် ပတ်သက်၍ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော လုပ်ငန်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကို ထီးလင်းမြို့ အောင်သပြေခန်းမ၌ ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးအောင်က လူထုဗဟိုပြုစီမံကိန်းအကြောင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးထွန်းမင်းက လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း၏ လုပ်ဆောင်ချက်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွာ ၉၃ ရွာမှ အုပ်ချုပ်ရေးမှူးများနှင့် လူထုဗဟိုပြုစီမံကိန်း ကော်မတီဝင်များက အုပ်စုခုနစ်စုခွဲ၍ စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် ရလဒ်၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝယ်ယူရေးဆိုင်ရာကိစ္စများ၊ တည်ဆောက်ရေးအရည်အသွေးနှင့် လည်ပတ်ထိန်းသိမ်းရေး၊ လူမှုတာဝန်ခံမှု/တာဝန်ယူမှုနှင့် ဝေဖန်အကြံပြုချက်၊ လူထုပူးပေါင်းပါဝင်မှုနှင့် အခြားကိစ္စရပ်များ စသည့် ခေါင်းစဉ်ခုနစ်ခုဖြင့် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

## မိုင်းခတ်မြို့၌ မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**မိုင်းခတ် ဇွန် ၂၄**

၂၀၁၈ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခတ်မြို့၌ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ခေါင်းစဉ်ဖြင့် ကျင်းပပြီး ကျောင်းသား ကျောင်းသူ ၂၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ မိုင်းခတ်မြို့အဝင်ရှိ နမ့်လွေချောင်းကူးတံတားပေါ်မှ စတင်တာလွှတ်ခဲ့ပြီး မိုင်းယန်းလမ်း တစ်မိုင်နှစ်ဖာလုံမှ ပြန်လှည့်၍ တံတားပေါ်၌ ပြန်လည်ပန်းဝင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများနှင့် ပန်းဝင်သူများအား ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆုချီးမြှင့်ပေးခဲ့သည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

## စစ်ကိုင်းမြို့ရှိ ရှေးဟောင်းမဟာသိမ်တော်ကြီး ပြုပြင်မှုများ စတင်ဆောင်ရွက်နေ

**စစ်ကိုင်း ဇွန် ၂၄**



စစ်ကိုင်းမြို့ ဒါးဝယ်ဈေးတိုက်နယ်အတွင်း သမိုင်းဝင် ဝေဠုဝန် ငါးထပ်ကြီးဘုရားအနီး မဟာသိမ်တော်ကြီး ကျောင်းတိုက်ရှိ နံရံဆေးရေး ပန်းချီလက်ရာ များစွာရှိသော ရှေးဟောင်းမဟာသိမ်တော်ကြီးကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးအတွက် ရေကာတာနှင့် အမိုးတည်ဆောက်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဇွန် ၂၀ ရက်မှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ မဟာသိမ်တော်ကြီး အဆောက်အအုံမှာ နှစ်ပေါင်း ၄၀၀ ခန့် သက်တမ်းရှိပြီဟု ပညာရှင်များက ခန့်မှန်းထားကြပြီး သိမ်တော်အတွင်းရှိ ထိုင်း-မြန်မာ နံရံဆေးရေးပန်းချီများမှာ သက်တမ်းအားဖြင့် နှစ် ၂၀၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။ သိမ်တော်ကြီး အတွင်းနှင့် အပြင်ရှိ ထိုင်း-မြန်မာ နံရံဆေးရေးပန်းချီများကို ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးနှင့် ထိုင်းအနုပညာရှင်များအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ရှေးဟောင်းယဉ်ကျေးမှုဌာနခွဲမှ တာဝန်ခံ ဒေါ်မိုးမိုးသိန်းနှင့်အတူ ဇွန် ၂၃ ရက်က မဟာသိမ်တော်ကြီးသို့ လာရောက်၍ လေ့လာကြည့်ရှုခဲ့ကြသည်။

**ခိုင်ဇေယျ**

## တရားရုံးစစ်တမ်းများကောက်ယူရေး ဆင့်ပွားသင်တန်း မန္တလေးမြို့၌ဖွင့်

**မန္တလေး ဇွန် ၂၄**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် တရားရုံးစစ်တမ်းများ ကောက်ယူရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)၏ ရည်မှန်းချက်(၅-၁)အရ နိုင်ငံတစ်ဝန်း တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် (Case Management Program-CMP) ကို စတင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်မည့် တရားရုံးများ၏ အခြေခံအချက်အလက်များ ကောက်ယူရန် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပြီးပြတ်သည့် အမှုတွဲများ စစ်တမ်းကောက်ခြင်း၊ စစ်ဆေးဆဲ အမှုတွဲများ စစ်တမ်းကောက်ခြင်း၊ တရားရုံး အသုံးပြုသူများအား စစ်တမ်းကောက်ခြင်း စသည်တို့ကို သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်တမ်းများ ကောက်ယူခြင်းဖြင့် တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု အတိုင်းအတာကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။




သင်တန်းတွင် သင်တန်းသားများအဖြစ် မန္တလေးခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ စုစုပေါင်း ၂၉ ဦး တက်ရောက်ပြီး တိုင်းဒေသကြီးတရားလွှတ်တော် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တွင် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူပြာအေးက သင်တန်းနည်းပြဆရာအဖြစ် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများထူထောင်ရေး ပဲခူးမြို့၌ အလုပ်ရုံဆွေးနွေး

**ပဲခူး ဇွန် ၂၄**
ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဇွန် ၂၃ ရက်က ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးငြိမ်းတို့က အမှာစကားပြောကြားကြပြီး ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ခြင်းနှင့်ပတ်သက်၍ ရရှိထားသော အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြသထားသော ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြပြီးနောက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု ပြဿနာများ၊ ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ ဆေးလိပ်ငွေ့ကင်းစင်ပတ်ဝန်းကျင်များ ထူထောင်ခြင်းဆိုင်ရာများ၊ ဆောင်ရွက်ရန် လုပ်ငန်းအဆင့်ဆင့် စသည်တို့ကို အုပ်စုများဖွဲ့၍ ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများအဖြစ် ဆေးရုံဆေးခန်းများ၊ အစိုးရရုံးအဆောက်အအုံများ၊ စားသောက်ဆိုင်များနှင့် ဟိုတယ်မိုတယ်များ၊ အားကစားရုံများ၊ အပန်းဖြေနေရာများ၊ လူအများသွားလာသည့် ယာဉ်ရထားများ စသည်တို့ကို သတ်မှတ်သွားမည့်အပြင် ၂၀၁၆ ခုနှစ် မေ ၄ ရက်က နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းခဲ့သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးဥပဒေ အခန်း(၄)ပုဒ်မ(၆)ပါ ဆေးလိပ်မသောက်ရသောနေရာများဟု သတ်မှတ်ထားသည့် နေရာအားလုံးတွင် ဆေးလိပ်မသောက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် ဆေးလိပ်ကင်းစင်ရေး လုပ်ဆောင်ချက်တစ်ရပ်အဖြစ် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်းရှေ့၌ ဆေးလိပ်ငွေ့ကင်းစင်ရေးဆိုင်းဘုတ်တင်ပွဲကိုလည်း ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဇွန် ၂၃ ရက်က ကျင်းပခဲ့ပြီး ဆိုင်းဘုတ်ကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းမြင့်၊ တာဝန်ရှိသူများနှင့် အားကစားမောင်မယ်နှစ်ဦးက ဖွင့်လှစ်ခဲ့သည်။



**ခရိုင်(ပြန်/ဆက်)**

# အိမ်မဲမြို့၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူတော် ကျင်းပ

**အိမ်မဲ ဇွန် ၂၄**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၃၉)ကြိမ်မြောက် ကျန်းမာရေးအလှူတော် အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဦးဆောင်မှု၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းနှင့် အိမ်မဲမြို့နယ်သူနယ်သားများ ပူးပေါင်းမှုဖြင့် အိမ်မဲမြို့အထက(၁)ကျောင်းရှေ့၌ ဇွန် ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိက၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ စိုက်/မွေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့် ရွှေပါရမီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၏ (၃၉)ကြိမ်မြောက် ကျန်းမာရေးအလှူတော် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဆရာတော်က သြဝါဒချီးမြှင့်သည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက အမှာစကားပြောကြားပြီး ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဆေးကုသပေးခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ အိမ်မဲမြို့နယ်သူနယ်သားများကိုယ်စား မြို့မိမြို့ဖ ဦးထိန်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဆရာတော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အိမ်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများက ဆေးကုသမှုခံယူသော လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။ **(အောက်ပုံ)** **မြို့နယ်(ပြန်/ဆက်)**



# ဗန်းမောက်မြို့နယ်၌ ချောင်းကြီးချောင်းကူး ဘေလီတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

**ဗန်းမောက် ဇွန် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ချောင်းကြီးချောင်းကူး ဘေလီသံပေါင်တင် ကူးဆိပ် ကားကူးတံတားကြီးကို ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး၍ ဇွန်လအတွင်း စတင်အကောင်အထည်ဖော် ဆောက်လုပ်နေကြပြီဖြစ်ကြောင်း သိရသည်။



တည်ဆောက်နေသည့် ချောင်းကူးဘေလီတံတား

ကူးဆိပ်တံတားသည် အရှည် ပေ ၁၄၀၊ အကျယ် ၁၃ ပေ ရှိမည်ဖြစ်ပြီး တံတား၏ ထိပ်တစ်ဖက်စီတွင် ချဉ်းကပ်တံတားတိုင် တစ်တိုင်စီနှင့် ရေလယ်တိုင် နှစ်တိုင် စုစုပေါင်း သံကူးကွန်ကရစ်တိုင် လေးတိုင် ပါဝင်ပြီး သံပေါင်အချောင်းရေ ၄၀ ပါဝင်မည်ဖြစ်ကာ တံတားဘေးတစ်ဖက်စီတွင် သံပေါင် အချောင်း ၂၀ စီ အသုံးပြုတည်ဆောက်ထားကြောင်းနှင့် တံတားတည်ဆောက်မှုများမှာ ဇူလိုင်လအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ ကိုယ်ထူကိုယ်ထနဲ့ ဆောက်နေရတာဆိုတော့ အခက်အခဲလေးတွေတော့ ရှိတယ်၊ ဒါပေမယ့် အခက်အခဲတွေကိုတော့ ကျော်ဖြတ်နိုင်ခဲ့ပါပြီ"ဟု အနောက်ကုန်းဥက္ကဋ္ဌ ဦးဝင်းဗိုလ်က ပြောကြားသည်။

အဆိုပါတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ဗန်းမောက်မြို့နယ်အတွင်း မိုးတေရွာ၊ နားနန့်ထွန်၊ နန်းကျင်၊ နားပင်၊ မကျီးကုန်း၊ မင်းကုန်း၊ ရွှေတော်၊ နောင်ပွတ်၊ အရှေ့ကုန်း၊ အနောက်ကုန်း၊ အနောက်တောကျေးရွာများမှ တိုင်းရင်းသားပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပို၍ ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**(၀၇၆)**

# သရက်မြို့တွင် အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ ပညာပေးဟောပြော

**သရက် ဇွန် ၂၄**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ ဇွန် ၂၄ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က ပြည်သူများ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ သိသင့်သည်များကို အသေးစိတ် ရှင်းလင်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပလတ်စတစ်အသုံးပြုမှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်အသုံးချနိုင်အောင်ဆောင်ရွက်ခြင်း စသည့်(3R)စနစ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်ဝင်းက ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးမြင့်ဖေတို့က ပညာရေးဘော်ဒါဆောင်များဖြစ်သော မဟာဘော်ဒါနှင့် သုန္ဒရီဘော်ဒါတို့အတွက် အမှိုက်အိတ်များ လက်ဆောင်ပေးအပ်ခဲ့သည်။ **ဇော်ထက်(သရက်)**

# ဝါးခယ်မမြို့နယ်၌ ကျေးရွာအရောက် ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေး

**ဝါးခယ်မ ဇွန် ၂၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop-OSS)တွင် ပါဝင်သော ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက်က ကျုံစိန်ကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ဒေသခံပြည်သူများအား လိုအပ်သောဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကျေးရွာအရောက် ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့နှင့် ပတ်သက်ပြီး ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း အမှာစကားပြောကြားပြီး သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများက ပြည်သူများ သိသင့်သိထိုက်သော လူကုန်ကူးမှုဆိုင်ရာများ၊ မှုခင်းဆိုင်ရာများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်မှုနှင့်ပတ်သက်သည့် လိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာမှပြည်သူများ၏ လုပ်ဆောင်ရန် လိုအပ်သော ရုံးလုပ်ငန်းဆိုင်ရာများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက တစ်နေရာတည်းတွင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လှမ်းသီဟ(ပြန်/ဆက်)**

# ဖားကန့်မြို့နယ်မှ ကျေးရွာ ၁၀ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆက်လက်ဆောင်ရွက်မည်

**ဖားကန့် ဇွန် ၂၄**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ မြို့နယ်အတွင်းရှိ မလန်း၊ လယ်ပြင်၊ မော်ရှန်(မျစ်ခရွမ်း)၊ လွယ်ဆိုင်၊ ကထန်ယန်၊ နန့်စီးအင်၊ ကောင်ရာ၊ နာယန်၊ နန့်စပိန်းနှင့် ကွမ်းဟဲ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ အရေးပါပုံကို သိရှိနားလည်ပြီး ကျေးရွာအလိုက် အခြေခံသတင်းအချက်အလက်များ ကောက်ယူတတ်စေရန်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးရန်လိုအပ်သော စီမံချက်များ ဖော်ထုတ်တတ်စေရန်နှင့် နှစ်စဉ် စီမံချက်အဆိုပြုလွှာများ ရေးဆွဲတတ်စေရန် ရည်ရွယ်၍ ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနည်း သင်တန်းကိုလည်း ယခုလအတွင်း သင်တန်းသား သင်တန်းသူ ၂၀ ဦးဖြင့် သင်တန်းကာလ လေးရက်ကြာ ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

ဖားကန့်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က ဆိုင်းတောင်ရွာဟောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများထည့်ဝင်ငွေ ကျပ်ရှစ်သိန်းနှင့် မြစ်မ်းရောင်ကျေးရွာစီမံကိန်း သုံးနှစ်ပြည့် အတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၉၄ သိန်း စုစုပေါင်း ကျပ် ၂၀၂ သိန်းဖြင့် ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံတစ်လုံးနှင့် ရေလောင်းအိမ်သာ နှစ်ခန်းတွဲတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

## ဝမ်းပျက်ဝမ်းလျှောရောဂါ မိုးဦးကျကာလတွင် သတိပြုပါ

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သောရောဂါတစ်ခုဖြစ်ပါသည်။ ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဘက်တီးရီးယား (သို့မဟုတ်) ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားနိုင်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရန်-**

- ရေကိုကျိုချက်၍ သောက်သုံးပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ပူပူနွေးနွေးစားသောက်ပါ။ ယင်မနားအောင် ဖုံးအုပ်ထားပါ။
- အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။
- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် အသက်ဆုံးရှုံးနိုင်ပါသည်။ နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သော ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ
(ဦးဇော်ဝင်း) + ဒေါ်သန်းခင် (မြစိမ်းမြေကျောက်မျက်ကုမ္ပဏီ) တို့၏သားငယ်
**ဗိုလ်ကြီး ဇော်လင်းထက် B.C.Tech (DSA)**
တပ်မတော်(ရေ)
နှင့်
နေပြည်တော်နေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ
ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ မောင်မောင်အေး + ဒေါ်ဝါဝါသင်း
တို့၏တစ်ဦးတည်းသောသမီး
**မအေးမြသင်း LL.B**
Managing Director (Royal Gandamar Co.,Ltd)

တို့၏ ၂၄-၆-၂၀၁၈ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်တင်အောင်စန်းနှင့်ဇနီး ဒေါ်သန်းသန်းအေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ(၂)(ငြိမ်း) ဦးညွှန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(ငြိမ်း) ဦးတင်အေးအားလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အငြိမ်းစားပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ စိန့်ဂျွန်းကျောင်းသားဟောင်းများအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုးအားလည်းကောင်း၊ ၁၃-၆-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး)၌ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်းနှင့် မင်္ဂလာဆွမ်းကပ်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်သောင်းစိုး၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းထိုက်ရွှေနှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်းနှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး အဖြစ် ဆောင်ရွက်ပေးပါသော ဦးမောင်မောင်အောင်အားလည်းကောင်း၊ မင်္ဂလာပွဲများအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီး ဇော်လင်းထက် + မအေးမြသင်း

## ကြော်ငြာခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကမ္ဘာအေးသံဃာ့ဆေးရုံ၌ ပြည်ပမှ မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိလာသော အရိုးအထူးကု ပါရဂူကြီးသည် အောက်ပါနေ့ရက်အချိန်များ၌ ရဟန်းသံဃာတော်များအား အရိုးအကြော အဆစ်နှင့်ပတ်သက်သည့်စမ်းသပ်ကုသမှုများကို ကုသိုလ်ဖြစ် ကုသပေးမည်ဖြစ်ပါသဖြင့် မည်သည့် ရဟန်း သံဃာမဆို ကြွရောက်ကုသမှုခံယူနိုင်ပါကြောင်း ရိုသေစွာ ပင့်လျှောက်အပ်ပါသည်။

**စမ်းသပ်ကုသမည့်ရက်** - ၂၉-၆-၂၀၁၈ ရက် (သောကြာနေ့)
**စမ်းသပ်ကုသမည့်အချိန်** - နံနက် ၉ နာရီ
**စမ်းသပ်ကုသမည့်နေရာ** - ကမ္ဘာအေးသံဃာ့ဆေးရုံ၊ ကမ္ဘာအေး ကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရန်** - ဒေါက်တာသူရကိုကို ဖုန်း-၀၉-၂၆၂၇၆၀၆၇၈၊ ၀၉-၇၈၄၆၀၉၃၇၇၊ ဦးသီဟ ဖုန်း-၀၉-၄၄၈၀၃၃၄၅၁

**လမ်းညွှန်- နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အဝင်မုခ်ဦးလမ်းကြောင်းအတိုင်း ဝင်ရောက်၍ ကမ္ဘာအေးသံဃာ့ဆေးရုံသို့ လမ်းညွှန်အတိုင်း ကြွရောက်ရန်ဖြစ်ပါသည်။**

## သီးထပ်ရင်စပါးရောင်းချရန် လေလံခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချရန်ရှိသော သီးထပ်ရင် စပါး (၃၀၀၀၀)တင်း၊ [မြောင်းမြမြို့ ကွယ်လွယ်သိုလှောင်ရုံ (၂၈၈၅၀)တင်း၊ ညောင်တုန်းမြို့ သိုလှောင်ရုံ(၁၀၀၀)တင်း၊ ဟင်္သာတမြို့ သိုလှောင်ရုံ(၄၅၀)တင်း]အား မျက်မြင်အခြေအနေအတိုင်း လေလံခေါ်ယူ ရောင်းချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင် ရုံးချိန်အတွင်းလူကိုယ်တိုင် စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၄-၇-၂၀၁၈ရက် ညနေ ၄:၃၀နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၅-၇-၂၀၁၈ရက် နံနက် ၁၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၂-၂၄၅၁၉**

## ဖခင်အမည်မှန်

